# လက်ရွေးစင်သုတ္တန်များ

(ဦးဓသန်ဇင်)

J

ထုတ်ဝေသူ
ဦးသော်ဇင်
ဉာဏ်ချွန်မှူးစာပေ (၀၇၀၉-မြဲ)
၁၀၅/ဟံသာဝတီလမ်း, ၆-ရပ်ကွက်
တောင်ဥက္ကလာပ, ရန်ကုန်

ပုံနှိပ်သူ
ဦးအုန်းတင်
မြန်နှင်းပုံနှိပ်တိုက် (၀၇၆၀-မြဲ)
၂၀၁-သစ္စာလမ်း, ကန်ဘဲ့

၇၈၅၀

မြင်သာဂန္ထမာလာ

၇၈၅၈ ၊

သက်ရှေးစင် သုဇ္ဈာန်များ

ပထမအကြိမ်
အုပ်ရေ-၂၀၀၀
၁၉၇၀-ခု၊ ဒီဇင်ဘာလ

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ်—(၄၄၄၅)

တအုပ် အဖိုး ၃-ကျပ်

မန်လည် ဆရာတော် ဘုရားနှင့်

အသောကမင်း ညွှန်ကြားသော

# လက်ရွေးစင် သုတ္တန်များ

ဦးသော်ဇင်

# လက်ရွေးစင် သုတ္တန်များ

## အညွှန်း

### ၁—နိဒါန်း (မန်လည်)

မန်လည်ဆရာတော်၏ ထေရုပ္ပတ္တိ အကျဉ်းချုပ်နှင့် သူညွှန်ကြားခဲ့သော သုတ္တန်များအကြောင်းအရာတို့ကို ဖော်ပြထားရာ ထိုအကြောင်းအရာတို့ဖြင့် ဆရာတော်၏ ပုံတော်ကို ပေါ်ပေါ်လွင်လွင် ဖူးမြင်နိုင်၏။

### ၂—သမဏ ဘဒြ ဂါထာ

အိမ်ရာမထောင် ဥစ္စာမရှိသော ရဟန်းတို့၏ ကောင်းခြင်းကို ဖော်ပြသော သုတ်ဖြစ်၏၊ ထိုရဟန်းတို့ အဘယ်ကြောင့် ကောင်းသည်ကို ဤသုတ်ဖြင့် ကောင်းစွာ သိနိုင်၍ ရဟန်းကောင်းကို ရွေးနိုင်၏။

## ၃-သမဏ ပတိရူပဂါထာ

ရဟန်းမြတ်အား လျောက်ပတ်သော အကျင့်သဘောကို ပြသည့် သုတ်ဖြစ်၏၊ ယင်းဖြင့် ရဟန်းမြတ်အား လျောက်ပတ်သည့် အကြောင်းအရာတို့တို့ သိရ၍ သာသနာပြုရန် စိတ်ထက်သန်နိုင်၏။

## ၄-သာမညဖလသုတ်ဂါထာ

ရဟန်းပြုခြင်း၏ အကျိုးကျေးဇူးတို့ကို ပြဆိုသော သာမညဖလသုတ်၏ အဋ္ဌကထာမှ မှတ်သားဖွယ် အချက်အလက်တို့ကို ပေါင်းစုထားခြင်းဖြစ်၏၊ ရဟန်းပြုခြင်း အကျိုး၏ ထပ်ဆင့် တန်ဖိုးဟုလည်း ဆိုနိုင်၏။

## ၅-ဖုဿတ္ထေရ ဂါထာ

အနာဂတ်အခါ သာသနာ့ ဘေးရန်ဖြစ်ပေါ်မည်ကို ကြိုတင် ဟောကြားသော သုတ်ဖြစ်၏၊ ထိုအနာဂတ်မှာ ယခုအခါဖြစ်၍ ယနေ့သာသနာ၌ ဖြစ်အင်နှင့် ဆက်စပ်နှိုင်းယှဉ်ကြည့်နိုင်၏။

## ၆—ဂိရိမာနန္ဒသုတ်

ရဟန်းရှင်လူတို့ အနာရောဂါ ပျောက်ကင်း ကျန်းမာခြင်းနှင့် ပြည့်စုံကြစေရန် ရည်သန်ဟောကြားသည့် သုတ်ဖြစ်သော်လည်း ဗုဒ္ဓသာသနာဝင်တို့၏ ကျင့်စဉ်လည်း ပါဝင်၍ လွန်စွာ ကြည်လင်ဘွယ်ကောင်း၏။

## ၇—နိဒါန်း(အသောက)

အသောကမင်းတရားကြီး အတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် သူ၏ ကျောက်စာများ အလုံးစုံအကုန် အကျဉ်းချုပ်၍ ပါဝင်၏၊ အကျဉ်းချုပ်ဖြစ်၍ ဖတ်ရန်လွယ်ကူပြီး အနှစ်သာရကို ချက်ခြား တွေ့မြင်ရ၏။

## ၈—အရိယဝံသသုတ်

အရိယာတို့၏ မြင့်မြတ်သော ကျစ္စဉ်တရားကို ပြသော သုတ်ဖြစ်၏၊ အရိယာဟူသည်မှာ အဆင့်အတန်း မြင့်သူပင် ဖြစ်၏၊ ထိုသူတို့တွင် ဘယ်သို့သော အကျင့်ရှိသည်ကို ဤသုတ်ဖြင့် သိနိုင်၏။

## ၉—အနာဂတ ဘယသုတ်များ

အနာဂတ် သာသနာတွင် ဖြစ်ပေါ်လာမည့် ဘေးရန် အန္တရာယ်တို့ကို ညွှန်ပြသည့်သုတ်များဖြစ်၏၊ ယင်းသုတ်တို့မှာ ၄—သုတ်ရှိ၏၊ မန်လည်ဆရာတော် ညွှန်ပြသော ဖုဿတ္ထေရ ဂါထာနှင့် နှိုင်းယှဉ်ကြည့်သင့်၏။

## ၁၀—မုနိ ဂါထာ

ဗုဒ္ဓသာသနာတွင် မုနိအမည် ခံယူနိုင်သူတို့၏အရည်အချင်းကို ပြသော ဂါထာဖြစ်၏၊ ယင်းဂါထာမှာ ၂—မျိုးရှိ၍ ၂—မျိုးလုံးပင် ဖော်ပြထားရာ မုနိဆိုသည်ကို သိထိုက ဤတွင် ကြည့်ရှုနိုင်၏။

## ၁၁—မောနေယျသုတ်

တသာသနာတွင် တယောက်သာ ပေါ်ပေါက် နိုင်သော မောနေယျ ကျင့်သူနှင့် ယင်းကျင့်စဉ်ကို ပြသော သုတ်ဖြစ်၏၊ ဤတွင် ဘုရားလောင်း ဖွားခန်းမှာ ဗုဒ္ဓဝင်ဆရာတို့ မျက်ခြေပြတ်သည်ကို နောင်တရနိုင်လောက်၏။

## ၁၂–ဥပတိဿ ပသိဒနသုတ်

ငယ်မည် ဒုပတိဿ, ဘွဲ့အမည် ရှင်သာရိပုတြ ကြည်ညိုသော သုတ်ဖြစ်၏၊ သူက ရတနာသုံးပါးကို ကြည်ညိုစေသောသုတ်နှင့် သူကိုတ်တိုင် မြတ်စွာဘုရားကို ကြည်ညိုသော ၂-သုတ်ကို ဖော်ထုတ်ထားပါသည်။

## ၁၃–ရာဟုလာ၀ါဒသုတ်

မြတ်စွာဘုရားက သားတော် ရာဟုလာကို မုသာ၀ါဒနှင့် ပတ်သက်၍ သွန်သင်ဆုံးမ တရားပြသော သုတ်ဖြစ်၏၊ တလုံးတည်းသော မုသားစကား ဘယ်မျှ အရေးကြီးပုံကို တွေ့မြင်နိုင်၏။

## ၁၄–မြင်သာစာအုပ်တိုက်

စာတိုက်နှင့် စာအုပ်ကို ကြော်ငြာခြင်းပင်ဖြစ်၏၊ သို့ရာတွင် ယနေ့ စာပေနှင့် အနာဂတ် စာပေအတွက် အကိုးအကား အထောက် အထားများ ရနိုင်၏၊ မြင်သာ စာအုပ်တိုက်နှင့် မြင်သာ၏ ပင်တိုင် စာရေးဆရာကြီး ဦးသော်ဇင်၏ ဘ၀သရုပ် လည်း ဖြစ်၏။

# သံဃာတော်များသို့

အရှင်တို့ အကျွန်ုပ်သည် ဘုရား, တရား, သံဃာ၌ အလွန် ကြည်ညို မြတ်နိုးပါသည်၊ အရှင်တို့ ဗုဒ္ဓ ဟောကြားသော ဓမ္မတရား အားလုံးပင် ကောင်းစွာ ဟောကြားခြင်း ဖြစ်ပါသည်၊ အရှင်တို့ ထိုဓမ္မတရားတို့ အနက်မှ သူတော်ကောင်း တရား ကြာမြင့်စွာ တည်တန့်နိုင်ကြောင်းဖြစ်၍ အကျွန်ုပ်. ကိုယ်တိုင်လည်း ကျင့်ဆောင်နိုင်မည့် ဓမ္မတရားကို ဟောကြားတော်မူကြပါ—


**အသောက မင်းကြီး**

# မာတိကာ


| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း (မန်လည်) | ၁ |
| ၂။ | သမဏ ဘဒြ ဂါထာ | ၂၁ |
| ၃။ | သမဏ ပတိရူပ ဂါထာ | ၂၅ |
| ၄။ | သာမည ဖလသုတ် ဂါထာ | ၂၉ |
| ၅။ | ဖုဿတွေ့ရ ဂါထာ | ၃၃ |
| ၆။ | ဂိရိမာနန္ဒသုတ် | ၄၃ |
| ၇။ | နိဒါန်း (အသောက) | ၅၁ |
| ၈။ | အရိယဝံသသုတ် | ၇၃ |
| ၉။ | အနာဂတဘယသုတ်များ | |
| | ပထမ | ၇၆ |
| | ဒုတိယ | ၇၇ |
| | တတိယ | ၇၈ |
| | စတုတ္ထ | ၈၀ |
| ၁၀။ | မုနိ ဂါထာ | |
| | ဓမ္မပဒ | ၈၂ |
| | သုတ္တနိပါတ် | ၈၃ |
| ၁၁။ | မောနေယျသုတ် | ၈၇ |

## မာတိကာ


| | | |
|---|---|---|
| ၁၂။ | ဥပတိဿ ပဿီဒနသုတ် | |
| | သုစိမုခီသုတ် | ၁၀၃ |
| | သမ္မသာဒနီယသုတ် | ၁၀၅ |
| ၁၃။ | ရာဟုလောဝါဒသုတ် | ၁၂၂ |
| ၁၄။ | မြင်သာစာအုပ်တိုက် | ၁၂၇ |
| | စာပေသမိုင်း | |



အသောကမင်းကြီး စိုက်ထူထားသော ကျောက်တိုင်

# နိဒါန်း

## ၁

မှတ်စိမ့်သေချာ၊ အကြင်ငါကား
မကာရလောပ၊ အံ့ချီးကြသား
ဉာဏာဝရဇိန်၊ တောက်ထိန်ပြောင်ဝင်း
အခေါင်ချင်းသည့်၊ တောင်တွင်းအကျော်
ဆရာတော်၏၊ အာဘော်နည်းယူ
တန်ခွန်ထူသား၊ တဆူလက်တွင်း
တပည့်ရင်းမှ၊ သက်ဆင်းနွယ်လာ
ထေရာဝံသ၊ ပဒီပဖြင့်
စတုတ္ထမြောက်၊ ရောက်ခဲ့တုံပြီး....

မင်းတို့၏ အဆက်အနွယ် ဖြစ်သော ရာဇဝင်ကို စီရင်သော အခါ ဘယ်မင်း၏ ခမည်းတော် မယ်တော်သည် ဘယ်သူဖြစ်၏ ဟု မိဘ၏ အမည်နာမကို ပဓာနထား၍ ဖော်ပြလေ့ရှိကြ၏၊ ရဟန်းတော်တို့၏ ထေရုပ္ပတ္တိမှာကား မိဘသည်ပဓာနမဟုတ်ချေ၊

ဆရာစဉ်ဆက်ကိုသာ အလေးဂရုပြုကြ၏၊ ဘယ်သူသည် ဘယ်သူ၏တပည့်ဖြစ်၏၊ သူ၏ဆရာကား ဘယ်သူဖြစ်၏ဟု ဆရာသမားကို ဦးစားပေးလေ့ရှိ၏၊ ဥပမာ ပါရာဇိကဏ် အဋ္ဌကထာ၌ "အရှင် ဥပါလိသည် ဝေဒဂ်ရ အသီတိ မဟာသာဝက အရှင် အပါဖြစ်၏၊ သူ၏တပည့်ကား အရှင်ဒါသက, သူ၏တပည့်ကား အရှင်သောဏ, သူ၏တပည့်ကား အရှင်သိဂ္ဂဝ, သူ၏တပည့်ကား အရှင်မောဂ္ဂလိပုတ္တတိဿဖြစ်၏"-စသည်ဖြင့် အရှင်မောဂ္ဂလိပုတ္တတိဿ၏ ထေရပ္ပတ္တိကို ဆရာစဉ်ဖြင့် ညွှန်းဆို၏၊ ထိုအတူ မန်လည်ဆရာတော်လည်း သူ၏ ထေရုပ္ပတ္တိကို ထေရဝံသပဒီပဖြင့် ထွန်းပြခြင်းဖြစ်၏၊ သူကား မကာရလောပ တောင်ထွင်းဆရာတော်၏ အဆက်အနွယ် ဖြစ်၏၊ တောင်ထွင်း ဆရာတော်၏ တပည့် အရှင် ဇိန, သူ၏တပည့် အရှင်ပညာ, သူ၏တပည့် အရှင်နန္ဒမဉ္ဇူ, သူ၏ တပည့် အရှင် ဇဝနခေါ် မန်လည်ဆရာတော် ဖြစ်၏။

မန်လည် ဆရာတော်ဘုရား၏ နာမည် ကျော်ကြား လူသိများသော စာအုပ်-တအုပ်မှာ မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်ကြီးဖြစ်၏၊ မဃဒေဝ လင်္ကာကို စာပေ လိုက်စားသူများသာမဟုတ်၊ စာမတတ်သူများပင် ကြားဘူးနားဝ ရှိကြ၏၊ မဃဒေဝ ဟု ဆိုလျှင် မန်လည်ဆရာတော်လည်း ပါဝင်လျက် မန်လည် ဆရာတော်တွင်လည်း မဃဒေဝ ဆက်စပ်လျက်ရှိ၏၊ ထို့နောက် လူအချို့သည် သူ၏ သတပဒီပိကာ ပုစ္ဆာဝိသဇ္ဇနာနှင့် မင်္ဂလာရတု ပေါင်းချုပ်ကိုလည်း လေ့လာကြ၏၊ ထိုမှတပါး သူ၏ ကျမ်းများကိုကား သူ၏ သမိုင်းကို အထူး လေ့လာသူ အနည်းငယ်၏ အရံ ကျက်စားရာသာဖြစ်၏၊ ထိုတွင် သာသနာ

အတွက် အထူး ကျေးဇူးများနိုင်လျက် အလွန် လူသိ နည်းလှသော သူ၏ ကျမ်းငါးစောင်မှာ သမဏ ဘဒြကထာပါဠိ နိဿယ, သမဏပတိရူပပါဠိ နိဿယ, သာမညဖလသုတ် အဋ္ဌကထာပါဠိ နိဿယ, ဖုဿတ္ထေရ ဂါထာပါဠိ နိဿယနှင့် ဂိရိမာနန္ဒသုတ်ပါဠိ နိဿယတို့ ဖြစ်ကုန်၏၊ ဆရာတော်၏ ဤကျမ်းငါးမျိုးကို စာအုပ် ၂-အုပ်ခွဲခြားပြီး ပုံနှိပ်ထုတ်ဝေ၏၊ တအုပ်ကို သက္ကရာဇ် ၁၂၈၆-ခု၊ တန်ဆောင်မုန်းလအတွင်း စာအုပ်ရေ ၃၀၀၀ ပုံနှိပ်၏၊ ထိုစာအုပ်၏ အဖုံးတွင် ဤသို့ ဖော်ပြထား၏—

သိက္ခာကာမ ပိဋကတ္တယဆောက နာနာနယကောဝိဒ ဂန္ထန္တရ ဗဟုသုတ နေ့-လ အသွင် အလွန်ပင် ထင်ရှားတော်မူသော မန်လည်ဆရာတော် ဘုရားကြီး အနက်မြန်မာ ပြန်ဆိုတော်မူအပ်သော အင်္ဂုတ္တိုရ် ပါဠိတော် ဒသက နိပါတ်လာ ဂိရိမာနန္ဒသုတ်ပါဠိ နိဿယ။

နောက်တအုပ်ကိုကား သက္ကရာဇ် ၁၂၈၉-ခု၊ တန်ခူးလအတွင်း ပုံနှိပ်၏၊ စာအုပ် အရေအတွက် ဖော်ပြခြင်း မရှိချေ၊ စာအုပ်၏ အဖုံးတွင် ဤသို့ ဖော်ပြ၏—

မြတ်စွာဘုရား၏ သာသနာတော်ထမ်း ရဟန်းမြတ်ပြိုပြိ လဇ္ဇီပေသလ သိက္ခာကာမ သီလဝန္တ အစစ် ဖြစ်လိုကုန်သော ပုဂ္ဂိုလ်တို့၏ အကျိုးငှာ ကောင်းစွာရည်ရွယ်လျက် မန်လည်မြို့ ပြာသာဒ်ကျောင်းကြီး၌ ခိုမှီးသီတင်းသုံးနေထိုင်တော်မူသော မန်လည်ဆရာတော် ဘုရားကြီး

ရေးသားစီရင်တော်မူအပ်သော ဖုသာတွေရ ဂါထာပါဠိ နိဿယ, သမဏ္ဏပတိရူပ ပါဠိနိဿယ, သမဏ္ဏဘဒြကထာ ပါဠိ နိဿယ, သာမည ဖလသုတ် အဋ္ဌကထာ ပါဠိ နိဿယ,တရားတောင်းရေစက်ချအမျိုးမျိုး ငါးစောင်တို့။

ထိုစာအုပ် ၂-အုပ်လုံးကို ရန်ကုန်မြို့ ၂၅-လမ်း စာဆိုတန်း တိုက်နံပါတ် ၆၃-ကဝိမျက်မှန် စာပုံနှိပ်တိုက် မအေးမေက ပုံနှိပ်သည်။

၂

ဆရာတော်သည် သမဏ္ဏဘဒြကထာ ဂါထာတို့ကို သင်္ဂြိုနိပါတ် သောကဇာတ်မှ တုတ်နှုတ်၍ အနက် မြန်မာ ပြန်ဆို ခြင်းဖြစ်၏၊ ဤကျမ်းနှင့် ပတ်သက်၍နိဒါန်းနိဂုံး ဖော်ပြထားခြင်း မရှိချေ၊ ပါဠိတော်အတိုင်း ရှစ်ဂါထာ ဖော်ပြပြီး နိဿယ ပြုလုပ်ပေးခြင်းသာ ဖြစ်၏၊ ပထမဂါပါဠိ နိဿယကား ဤသို့ တည်း—

သဒါပိ ဘဒြ-မခနဿ, အနဂါရဿဘိက္ခုနော၊
န တေသံ ကောဋ္ဌေသြပေန္တိ, န ကုမ္ဘီ° န ကလောပိယံ၊
ပရနိဋ္ဌိတမေသနာ, တေန ယာပေန္တိ သုဗ္ဗတာ။

အနဂါရဿ-အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်း အဖြစ်သို့ ကပ်သော, အခနဿ-ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသော, ဘိက္ခုနော-ရဟန်းအား, သဒါပိ-အခါ

ခပ်သိမ်းလည်း, ဘဒြ-ရဟန်းချမ်းသာ ကောင်းမြတ်စွာ သည်သာလျှင်, ဟောတိ-ဖြစ်၏၊ ကေန-အဘယ်ဖြင့် အဘယ်ကြောင့် ဟောတိ-ဖြစ်သနည်း၊ တေသံ—ထိုအိမ်ရာမထောင် လူ့ဘောင် ပယ်ခွာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းကုန်သော ရဟန်းသူတော်ကောင်းတို့အား, ဝါ-တို့သည်, ကောဋ္ဌေ—တိုက်အိမ် ကျီကြ၌, န ဩပေန္တိ—ရတနာရွှေငွေ ဆန်ရေစပါး ဥစ္စာများကို မထားမသိုကုန်၊ ကုမ္ဘိ—အိုး၌, န ဩပေန္တိ-မထားမသိုကုန်၊ ကလောပိယံပိ—ပုတ်ကက် ချင်းတောင်း၌လည်း, န ဩပေန္တိ-မထားမသိုကုန်၊ သုဗ္ဗတာ-ကောင်းသော အကျင့်ရှိကုန်သော ရဟန်းတို့သည်, ပရနိဋ္ဌိတံ-သူတပါးတို့ အိမ်၌ ချက်ပြုတ် ဘုတ်ကင်ပြီးသော အာဟာရကို, ဧသနာ-သပိတ်စွဲကာ အိမ်စဉ် ရှာကုန်သည်ဖြစ်၍, တေန-ထိုထို ရရသမျှ အာဟာရဖြင့်,ယာပေန္တိ-သားယ အသားစား၍ မိဘ ကန္တာရမှ သွားကြသည့် အတူ ပဋိကူလသညာ ပစ္စဝေက္ခဏာ နှလုံးသွင်း ဆင်ခြင်ခြင်းနှင့် မကင်းစေရ သုံးဆောင်ကြသဖြင့် မျှတသက်မွေးကုန်၏၊ တေန-ထိုဥစ္စာစုဆွမ်းခံမှု၍ ရမှုရေရာ မျှတပါသဖြင့် ဝါ-မျှတ ခြင်းကြောင့်, အနဂါရိယာ—အိမ်ရာမထောင် လူ့ဘောင်စွန့်ပစ် ရဟန်းအဖြစ်သို့ ကပ်သော, အမနဿ—ရွှေငွေရတနာ ဥစ္စာမသိမ်း ကြောင့်ကြငြိမ်းသော, ဘိက္ခုနော-ရဟန်းအား, သဒါပိ—အခါခပ်သိမ်းလည်း, ဘဒြ-ရဟန်းချမ်းသာ ကောင်းမြတ်စွာ သည်သာလျှင်, ဟောတိ—ဖြစ်၏။

ဆရာတော်၏ နိဿယမှာ အဋ္ဌကထာ, ဋီကာ အဖွင့်တို့သာမက-ဆိုလိုချက် အနက်အဓိပ္ပာယ်တို့ပင် အကျယ်တဝင့် ပါဝင်၏၊ ထိုနောက် ဆရာတော်သည် ထိုတွင် သိမှတ်ဖွယ်ရာ အချက်

အလက် ခက်ရာခက်ဆစ်တို့ကို မှတ်ချက်အနေဖြင့် ထပ်မံ ဖွင့်ဆို ပေးပြန်၏၊ ထိုမှတ်ချက်တို့မှာ ဖော်ပြပါ နိဿယထက်ပင် ခက်နေသေး၏၊ ဆရာတော်၏ နိဿယ မှတ်ချက်တို့ကို ကြည့်တတ် ပါလျှင် အကောင်းဆုံးဖြစ်၏၊ သို့ရာတွင် ကြည့်တတ်ဘို့ကား မလွယ်လှချေ၊ အတော်ပင် ဗဟုသုတ ပြည့်စုံ ကြွယ်ဝ သူမှသာ ကြည့်တတ်မည်၊ ထိုတွင် စာအုပ်ရနိုင်ရေးအတွက် အခက်အခဲ ကလည်းရှိသေး၏၊ ဤစာအုပ် ထပ်မံပုံနှိပ်သည်ကို မတွေ့ရချေ၊ မိမိကား ပါဠိဂါထာအတိုင်း စကားပြေ ပြန်ဆိုခြင်း ဖြစ်၏၊ ထို့ကြောင့် အားမလို-အားမရ ဖြစ်ကောင်း ဖြစ်မည်၊ သို့ရာတွင် မိမိခံယူချက်မှာ ဘာသာပြန်ရာတွင် အပိုအလိုမရှိ၊ အတိ-အကျ ပြန်ခြင်း ဖြစ်၏၊ သို့မှလည်း မူလဘာသာ၏ မူရင်း သဘော တရားကို မူရင်းအတိုင်း သိရမည် ဖြစ်၏၊ တခါတရံ အခက် အလက်တို့ကြောင့် ခက်ခဲသွားသည်လည်း ရှိတတ်၏၊ အကယ်၍ လိုအပ်ပါက သို့မဟုတ် ဖွင့်ဆိုလိုပါက သီးခြားဖွင့်သင့်ပေသည်။

## ၃

အယုဇ္ဈာဘူမိ ဝတိန်တမ္၊ နိုင်းချိန်ရရှိ စစ်ပြည်ဖိုး တင့်စနိုးဖြင့် တန်ခိုးတေဇာ ထွန်းလင်းပသည့် မန်လည် မြို့မ မင်းကုန်းရပ် ကျောင်းကြီး၌ ယာပိုထ်လေးလီ မျှညီရွှင်ပြုံး သီတင်းသုံး နေတော်မူသော ဘဒ္ဒန္တဇဝန ဝိဿုတ မဟာထေရ်သည် ထူးလည်ထွေလာ နုဘာဝ တေဇာဖြင့် လေ့လာတော် မူအပ်သော ပိဋကတ်သုံးပုံ ရွှေအာဂုံဝယ် အာရုံတော်ပြု နောက်ဉာဏ်နုတို့အား

ကရုဏာ ရွှေထား၍ ကျယ်ပွားမမ္မ နိကာယတွင် ခုဒ္ဒက အဝင်အပါ ထေရဂါထာ ပါဠိတော် ဒသကနိပါတ် ဝေါတမထေရာ ဆယ်ဂါထာတို့မှ ရှေးဦးစွာ ဂါထာကို ချန်၍ ကျန်ဂီတိမျိုးတို့ဖြင့် ဖွဲ့ပြအပ်သော သမဏပတိရူပ ကိုးဂါထာတို့ကို နောက်သားနောင်လာ သူတော်စွာတို့ ပညာလက်စွဲ မှတ်ယူမြဲရအောင် ခွဲပြထိုက်သောအစိပ္ပာယ် နှင့်တကွ ရေးသားတော်မူသော သမဏ ပတိရူပ ကိုးဂါထာ ပါဠိ-အနက်။

သမဏ ပတိရူပ ပါဠိတော် နိဿယမှာ ပါဝင်သော နိဒါန်း ဖြစ်၏၊ ဆရာတော်သည် သူ၏စာအုပ်တို့မှ မျက်နှာဖုံးစာနှင့် အမှာစာ နိဒါန်းတို့ကို ကိုယ်တိုင် ရေးဟန် ရှိ၏၊ အကြောင်း ကား ဗုဒ္ဓသာသနအဖွဲ့သို့ ရောက်လာသော မန်လည်ဆရာတော်၏ ပရပိုက် တဆူတွင် ယင်းစာကြမ်းတို့ကို တွေ့ရသောကြောင့် ဖြစ်၏၊ ထိုအဖွဲ့တွင် ဆရာတော်၏ လက်ရေးမူတို့ကို ကောင်းစွာ ထိန်းသိမ်း၍ ထားမှ ထားပါမည်လား-မသိပေ၊ မြန်မာတို့တွင် သမိုင်းဝင် အချက်အလက်တို့၏ တန်ဖိုးသိသူ များများမရှိသေး ချေ၊ သိသသူ အနည်းငယ်မှာလည်း အများအားဖြင့်-'ဆိုင်သာ ဆိုင်၏ မပိုင်သာ'-ဆိုသလို ဖြစ်နေ၏၊ ဆရာတော်သည် သမဏ ပတိရူပ ပါဠိတော်ပါဌ် နိဿယနှင့် ပတ်သက်၍ နိဒါန်းအကျဉ်း ချုပ်ရေးပြီး ဂါထာတို့ကို ဖော်ပြ၏၊ ထိုနောက် နိဿယစီရင်၏၊ ဤတွင် ပထမဆုံးဂါထာနှင့် နိဿယကို ကောက်နုတ် ဖော်ပြ ပါမည်—

မိတ္တံ ဣဓ ကလျာဏံ, သိက္ခာဝိပုလ သမာဒါနံ၊
သုဿူသာစ ဂရူနံ, ဧတံ သမဏဿ ပတိရူပံ။

ဤလောက၌ ဤသာသနာတော်၌သာလျှင်, ကလျာဏ-ကောင်းသော, မိတ္တဒ္ဒု-အဆွေခင်ပွန်းရှင်း, သိက္ခာ ဝိပုလ သမာဒါန်-နိဗ္ဗာန်ဆောင်တတ် ကြီးမြတ် လွန်ကဲသော အဓိသီလ သိက္ခာ အဓိစိတ္တ သိက္ခာ အဓိပညာ သိက္ခာတို့ကို ကောင်းစွာ စင်ဖြူ ခံယူဆောက်တည်တတ်ခြင်းရှင်း, ဂရုနံ-ကလျာဏမိတ် ကွပ်နှိပ် ဆုံးမ ပြသတတ်စွာသော ဆရာဥပဇ္ဈာယ်တို့၏ ဝါ-တို့အား, သုဿူသာစ-ဆုံးမစကား မှတ်သား နာခံလိုခြင်း ဝတ်ကြီး ဝတ်ငယ် လွဲယွယ်မထား ခစား လုပ်ကျွေးခြင်းရှင်း, တေ-ဤ ကလျာဏမိတ်ကို မှီဝဲခြင်း အဓိသိက္ခာ မြတ်သုံးပြာကို ကောင်းစွာ စင်ဖြူ ခံယူဆောက်တည်ခြင်း ဆရာဥပဇ္ဈာယ်တို့၏ ဆုံးမစကား မှတ်သားနာလိုခြင်း ဆရာဥပဇ္ဈာယ်တို့အား ခစားလုပ်ကျွေး ခြင်းသည်, သပဏ္ဏဿ-မကောင်းမှုကို မပြုကြဉ်ပဲ အမြဲပပြတ် ငြိမ်းစေတတ်သော ရဟန်းမြတ် ရဟန်းကောင်းအား, ပတိရူပံ-လျောက်ပတ်သော အကျင့်သဘောတည်း။

ဤဂါထာပါဠိ အနက်ဆိုကို ဖတ်တတ်သူ အလွန် နည်းသည်ကို မိမိ သိပါသည်၊ သို့သော်လျက် ထုတ်ဖော် ပြခြင်းမှာ အကြောင်း အမျိုးမျိုးကြောင့် ဖြစ်၏၊ မူရင်း ပါဠိတော်၏ သဘောကိုလည်း သိစေချင်၏၊ မန်လည်ဆရာတော်၏ အာဘော်ကိုလည်း ဖော်ပြချင်၏၊ ထိုပြင် သပဏ္ဏ ပတိရူပ၏ အဓိပ္ပါယ်ကိုလည်း ပေါ်လွင်စေချင်၏၊ ဤသို့ စသောအကြောင်းတို့ကြောင့် ဖြစ်၏၊ မိမိ၏ ဘာသာပြန်ကား ပါဠိတော် သက်သက်မျှသာ ဖြစ်၏၊ ပါဠိဘာသာကို ကျွမ်းကျင်ခြင်း မရှိသူတို့သည် ဆရာတော်၏ နိဿယဖြင့် မူလ ပါဠိတော်၏ သဘာဝကို သိကြမည်

မဟုတ်ချေ၊ ပါဠိဘာသာကိုကား တတ်ကျွမ်းခြင်းမရှိ၊ သို့ရာတွင် ဉာဏ်ပညာ ထက်မျက် စူးရှသူများ ရှိ၏၊ ထိုသူတို့အတွက် မိမိ၏ ပါဠိလျှောက်ဘာသာပြန်မှာ လေးနက်နေပေမည်။

၄

ကချင် သိမ်းပေါ်တို့ဘေးဖြင့် ရှက်ထွေး ရောနှောက် လျက် ကြောက်မက်ဖွယ် ဥပါဒ် ဖြစ်စဉ်အခါ ဂေါဇာ သက္ကရာဇ် ၁၂၄၅-ခု တပေါင်းလဆန်း ၆—ရက် ၁-နဂ်နွေနေ့ ယာယီကျောင်းကြီးတိုက် ဆရာတော်ဘုရား သင်္ဂဟဂါထာ စီကုံးဖွဲ့ထားသော ဘုရားဟော သာမည ဖလသုတ် အဋ္ဌကထာ ပါဠိအနက်တည်း။

သာမညဖလ ဟူသည် ရဟန်းပြုခြင်း၏ အကျိုးကျေးဇူး ဖြစ်၏၊ ထိုသုတ်သည် သုတ္တန် ပါဠိတော်တွင် လွန်စွာထင်ရှား၏၊ အဇာတသတ် မင်းက ရဟန်းပြုခြင်း အကျိုးကျေးဇူးကို မေး လျှောက်၍ မြတ်စွာဘုရား ဖြေကြားသော သုတ်ဖြစ်၏၊ ထို အဖြေတွင် ခက်ရာခက်ဆစ်တို့ ပါဝင်နေ၏၊ ယင်းတို့ကို အဋ္ဌ ကထာ ဆရာက ရှင်းလင်းပေး၏၊ ထိုရှင်းချက်တို့ကို ဆရာ တော်က အာဂုံဆောင်နိုင်စေရန် အတွက် ဂါထာ စီကုံးပြီး အနက်မြန်မာ ဖြန့်ဆိုပေး၏၊ မိမိသည် ဆရာတော်၏ ဂါထာ တို့ကိုလည်း ပါဠိလျှောက်အတိုင်းပင် ဘာသာပြန်လိုက်၏၊ သူ၏ အနက်တို့ကား ဤသို့တည်း—

**ကာမစ္ဆန္ဒော**— အဆင်း, အသံ, အနံ့, အရသာ, အတွေ့ ဟူသော ငါးကာမဂုဏ် ဣဋ္ဌာရုံကို ခုံခုံမင်မင် အကောင်းထင်၍ ငါ့လင် ငါ့သား ငါ့မယားနှင့် ငါ့နွား ငါ့ကျွဲ ငါ့လှေ ငါ့လှေ ငါ့ရွှေ ငါ့ဟာ ငါ့ဥစ္စာဟု အာသာငင်ငင် လိုရှိခြင်းဖြင့် ပြင်းစွာ တပ်စွမ်းတတ်သော ကာမစ္ဆန္ဒ နီဝရဏသည်, **ဣဏံဝိယ**— ဆိုတိုင်း မသွေ စေတိုင်းမလှန် ငံ့ရ၍ခံရခြင်း၏ အကြောင်း ဖြစ်သော ကြွေးမြီကဲ့သို့, ဟောတိ-ဖြစ်၏။

**ဗျာပါဒေါ**— သူတပါးကို ပျက်ပြားစေအောင် ကြံဆောင် ငြူစူ အမျက်ဟူသော ဗျာပါဒ နီဝရဏသည်, **ရောဂသဒိသော**— ချိုချဉ်စပ်ခါး ရောဂါများ၌ သောက်စားမမြိန် ညှိုးပိန်မလွှ မတွေ့ခံတွင်း ရသာကင်းအောင် ညှဥ်းဆဲ နှိပ်စက်တတ်သော သည်းခြေပျက်နာနှင့် တူသည်ဖြစ်၍ ဆရာဥပဇ္ဈာယ် နည်းနွယ်ပြသ ဆုံးမကံမြင် ပဲ့ပြင်လစ်က မနှစ်မသက် အမျက်ထွက်၍ ဖိုလ်မင် ရသ ဓမ္မသြဇာ မြိန်မြတ်စွာကို ရုံခါမရ ဝဋ္ဋဒုက္ခ၌ ဘဝမတည် ချာချာလည်သည်, ဟောတိ-ဖြစ်၏။

**ထိနမိဒ္ဓံ**— ကိုယ်စိတ်မခံ မကြံ့မတင်း ငိုက်မျဉ်းခြင်းနှင့် ပျင်းရိထိုင်းမှိုင်းစွာသော ထိနမိဒ္ဓ နီဝရဏသည်, **ဗန္ဓာဂါရံ**— နက္ခတ်သဘင် ပျော်ပါးရှင်ပြ၍ ကောင်းမြင်-ကောင်းကြား ကောင်းစား-ကောင်းနေ မရချေအောင် အသေလှောင်သော တမ်းထောင်နှောင်အိမ်နှင့် တူသည် ဖြစ်၍ ဆိုးကောင်းယုတ်မြတ် ပဋိပတ်ဟု သဒ္ဓမ္မကထာ မင်္ဂလာသဘင် တရားခွင်သို့ ထွက်ဝင် ပျော်ပါး မကြား-မနာရ အယောနိသော မနသိကာရဖြင့် နေ့ည

ကုန်စေ သေလျှင်မမှား ပါယ်လေးပါး၌ အလားပျက်စီး ဆင်းရဲကြီးသည့်, ဟောတိ-ဖြစ်၏။

**ကုက္ကုစ္စုဒ္ဒစ္စံ—** ပြန့်လွင့်တုန်လှုပ် စိတ်ချုပ်မရ ပြုသမျှ၌ နောင်တပူပန်တတ်သော ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏသည့်, **ဒါသီယံ-** ကိုယ်လိုမျိုးဖြင့် အစိုးမရ စိတ်ကြောင့်ကြနှင့် မလှုရုပ်ဝါ သူ့ကို ပါလျက် အာဏာမလွန် ရှင်ရှိကျွန်ကဲ့သို့ ရှုံ့ရှုံ့ရှာရှာ ချမ်းသာမရ အပါယ်ကျအောင် ဒုက္ခမီးပူ ကျိုက်ကျိုက်ဆူသည့်, ဟောတိ—၏။

> ဣဏံဝိယ ကာမစ္ဆန္ဒော,
> ဗျာပါဒေါ ရောဂ သဒိသော၊
> ထိနမိဒ္ဓံ ဗန္ဓာဂါရံ,
> ကုက္ကုစ္စုဒ္ဒစ္စ ဒါသိယံ။

ဤဂါထာ၏ အနက်တို့ဖြစ်၏၊ သို့ဖြင့် ဆရာတော်၏ အနက်ဉာဏ်ကို ဝေဘန်နိုင်၏၊ မိမိကား ပါဠိ၏ ရိုးရိုး အနက်ကိုသာ ပြန်ဆိုပေးလိုက်ပါသည်၊ စင်စစ် အကျယ်ချဲ့ရာတွင် ခက်ခဲသကဲ့သို့ ဆိုလိုရင်း အကျဉ်းချုပ်သည်း နက်နဲ၏၊ အကျယ်ကား ခက်၏၊ အကျဉ်းကား နက်၏။

၅

**ကေစိဝါဒ** အားဖြင့် သာသနာတော် ၂၃၅-တတိယသင်္ဂါယနာတင်သည်မှ နောက်ကာလ ပစ္ဆိမအခါ—

**အဋ္ဌကထာဝါဒ** အားဖြင့် ဝိမုတ္တိယုဂ်, သမာဓိယုဂ်, သီလယုဂ်, သုတယုဂ်, ဒါနယုဂ် ဟူသော သာသနာတော် ပရိစ္ဆေဒ ယုဂ်ကာလ ငါးပါးတို့တွင် စတုပါရိသုဒ္ဓိသီလမျှ ကင်း၍ ကျမ်းဂန်သင်ခြင်း မျှဖြင့်သာ သုတယုဂ် ရောက်သည်မှ စ၍ နောက်ကာလ ပစ္ဆိမ အခါ—

**အပရေဝါဒ** အားဖြင့် လောကီစျာန် သမာဓိမျှကို မရ စတုပါရိသုဒ္ဓိသီလကိုသာ စောင့်ချုပ်သောသီလယုဂ် ရောက်သည်မှစ၍ နောက်နောက်ကာလ ပစ္ဆိမ အခါ—

သာသနာတော် ယခုခေတ်၌ ဖြစ်လတ္တံ့သော သာသနုပဒ္ဒဝတို့ကို အနာဂတံသ ဉာဏ်တော်ဖြင့် ရှုမြော်မြင်သိတော်မူတိုင်း အရှင် ဖုဿဆင္ဃဘိညာ ရဟန္တာ မထေရ်ကြီးသည် ဟောကြားမိန့်မှာ ဗျာဒိတ်လာကို ပါဠိ အဋ္ဌကထာ ပရိယတ်တို့၌ မသုံးသပ် ပလေ့လာနိုင်သဖြင့် အကြားအမြင် နည်းပါးလျက် ဘုရားသဗ္ဗညု သာသနာတော် အဆုံးအပ၌ ဂါရဝရှိတတ်ကုန်သော အပ္ပဿုတလဇ္ဇီပေသလ အရှင်မြတ်တို့ သိမှတ်ဆင်ခြင် သံဝေဂတရား ဖြစ်ပွားစေ၍ သဒ္ဓိဝိဟာရိက အန္တေဝါသိက သဗြဟ္မစာရီ သိတင်းသုံးဘော်ရဟန်းသာမဏေ အပ္ပဿုတသိက္ခာကာမပေသလတို့ကို ဆုံးမသွန်သင် ပဲ့ပြင်ကာမြဲတော် မူခြင်းအကျိုးငှာ မန်လည်မြို့မ ကျောင်းကြီးတိုက်၌ သိတင်းသုံး နေသော ဘဒ္ဒန္တဇာဝန ဝိဿုတ မဟာထေရ်သည် ထေရဂါထာပါဠိတော် တိံသနိပါတ်မှ အသီးသီး ထုတ်၍

အနက် ယောဇနာနှင့် တကွ ရေးသားတော်မူသော ဖုဿတ္ထေရ ၃၂-ဂါထာ ပါဠိအနက် ဘုရား။

ထိုနောက် ဆရာတော်သည် ပါဠိတော် ဂါထာတို့ကို ထုတ်ဖော်ပေးပြီးနောက် ဤသို့ အမှာစာ ရေးပြန်လေသည်--

ရှေးရှေးသော ဘုရားသခင် တို့ထံ ဆုပန် ခံယူ, ထိုထိုဘဝ ဖြစ်သမျှတို့၌ ဝိဝဋ္ဋူပနိဿိတ ကုသိုလ်ထူးကို ဆည်းပူးလေ့ကျက်, လူ့ဘုံနတ်ဌာန် စုန်ဆန်ကျင်လည်, ငါတို့သကျ ဂေါတမ လက်ထက်တော်၌ တပါးသော မဏ္ဍလိက မင်း၏ သားဖြစ်၍ ဖုဿမင်းသားဟု မှည့်၏။

ထိုဖုဿ မင်းသားသည် သိကြားလိမ်မာ ချိန်ခါ ရွယ်ရောက် တတ်မြောက် ပြီးစီးပြီးသော အတတ်ရှိသည်- ဖြစ်လျက် ဥပနိဿယနှင့် ပြည့်စုံရကား ငါးပါး ကာမဂုဏ် ရေအစုန်တို့၌ မသုန်မမျော မမောမမက် မငြိရှက်ဘဲ တပါးသော ရဟန္တာ မထေရ်ကြီးထံ တရားစကားကို နာရသဖြင့် သဒ္ဓါတရားကို ရသည်ဖြစ်၍ ရဟန်းပြုပြီးလျှင် စရိယာနုကူလ ကမ္မဋ္ဌာန်းဖြင့် စျာန်ကို ဖြစ်စေ, အခြေပါဒက သမထဖြင့် အနိစ္စ စသော ဝိပဿနာကို ပွားစေ၍ ဆဠဘိည ရဟန္တာစစ် ဖြစ်တော်မူသတည်း။

တနေ့သ၌ ပဏ္ဍုရဂေါတ္တ မည်သော ရသေ့တဦးသည် အထံတော်သို့ ကပ်၍ တရားနာလာသည် ရှိသော် သီလာစာရ သမ္ပန္နဂုဏ် လုံခြုံ စောင့်ရှောက် အပ်သော

ဣန္ဒြိယ သံဝရ ဘာဝိတ ကိုယ်စိတ်ရှိကုန်သော ရဟန်း မြတ်တို့ကို မြင်၍ ကြည်လင် နူးညွတ်သော စိတ်ရှိသဖြင့် ဤသို့သော ပဋိပတ် သဗ္ဗညု အဆုံးအမတော်မြတ်သည် လောကဓာတ် လူ့ရွာဝယ် ရှည်ကြာစွာ တည်ပါမူကား အလွန် ကောင်းပေစွဟု ကြံ၍ အနာဂတ်၌ ပဋိပတ် စကားတို့ကို လျှောက်ထားမေးမြန်း ရှာသတည်း။

ထိုအကြောင်းကို သင်္ဂါယနာတင် အရှင်မြတ်တို့သည် အတ္တသမ္ဗန္ဓ နိဒါနကို ဖော်ပြထင်ရှား ထားတော်မူခြင်း ငှာ ပါသာဒိကေ စသော ပထမဂါထာကို မိန့်သတည်း၊ ဒုတိယ ဂါထာကား မေးလျှောက်ရင်း ပုစ္ဆာတည်း၊ တတိယ ဂါထာကား ပဋိညာဉ်ဂါထာတည်း၊ နောက် ၂၆-ဂါထာတို့ကား အာစိက္ခန ဂါထာတို့တည်း၊ နောက် ၁-ဂါထာတို့ကား ဩဝါဒ ဂါထာတို့တည်း။

ထိုနောက် ဆရာတော်သည် ဂါထာတို့ကို အနက်မြန်မာ နိဿယပြန်ဆိုပြီးလျှင် ခက်ရာခက်ဆင်တို့ကို အကျယ်တဝင့် ရှင်း လင်း ဖွင့်ပြ၏၊ ပြီးလျှင် ဂါထာတပုဒ်ဖြင့် နိဂုံးချုပ်၏—

တိဝါရကေ သက္ကရာဇေ, သမ္ပတ္တေ ဇေဋ္ဌကာဠကေ၊
စတုတ္ထံ ဂုရုဝါရမှိ, မဇ္ဈေယံ ပရိနိဋ္ဌိတော။

**တိဝါရကေ**—သုံးပုံဝိဋ္ဌကတ် သုံးရပ်သုတ္တန် သုံးကြိမ်ပြန်သော

**သက္ကရာဇေ**—အသမ္ဘိန်ဇစ် နေမြစ်ဥက္ကဋ္ဌ သူရိယမိတ် အာဒိစ္စ ဝင် ပြဘက်ရ သကျဇာနီ သာကီထွက်ဖျား မင်းတရားသည်—

**သမ္ဗတ္တေ**—ရတနာပုံပြည်ကြီး၌ ရှစ်ထီးစကြာဖြန့်မိုးကာလျက် လကျာ ကေ ကုန္တနီကဲ့သို့ မဟောသိမ်မြတ် ဒေဝီနတ်နှင့် လောက မာတ်တိုက် ရာရိုက် ဝိဇည်း ရန်လုံးလှည်း၍ ခမည်းတော်နောက် နှစ်ဆူမြောက်ဖြင့် ကွန်းပြောက်ကြင်နှန်း သိမ်းမြန်း စိုးစံတော် မူခြင်းသို့ ရောက်လတ်သော် တနည်း—

**တိဝါရကေ**-၁၂၄၆-ခု နှစ်အစုဖြစ်၍ ဖြစ်သော

**သက္ကရာဇေ** -သက္ကရာဇ်သည်

**သမ္ဗတ္တေ** -ရောက်လတ်သည်ရှိသော် တနည်း—

**တိဝါရကေ**-**သုံး**ပုံပိဋကတ် **သုံး**ချပ် သုတ္တန် **သုံး**ကြိမ်ပြန်သော သာကီထွတ်ဖျား မင်းတရားကြီး၏ ထင်ရှားနေနှန်း ရွှေဘုန်း ပွင့်စေ ၁၂၄၆-ခုနှစ် အစုဖြစ်၍ ဖြစ်သော

**သက္ကရာဇေ**-သက္ကရာဇ်သည်

**သမ္ဗတ္တေ**-ရောက်သည်ရှိသော်

[ပထမနည်း၌ တိဝါရက သဒ္ဒါ သဒ္ဒတ္ထ, ဒုတိယနည်း၌ သမ္ဗန္ဓတ္ထ-ဒွတ္တက ဇာတိမျိုး ဝိဒဂ်နည်း ဝဇိရတ္ထနည်း, တတိယ နည်းကား သဒ္ဒတ္ထ သမ္ဗန္ဓတ္ထ နှစ်ထပ်ရ တန္တနည်းတည်း၊ သက္ကရာဇ သဒ္ဒါကား ပထမနည်း၌ သာကိယတ္ထ, ဒုတိယနည်း၌ ပဏ္ဏတျတ္ထ ဒီပကနည်း]

**ဇေဋ္ဌကာဠကေ** - နယုန်လဆုတ်

**စတုတ္ထံ** - လေးရက်မြောက်

**ဂုရုဝါရမှိ** - ကြာသပတေးနေ့နိုက်

**မဇ္ဈေ** - မွန်းတည့်သူရိန် နှစ်ချက်တီး အချိန်နိုက်
**အယံ နဝ နိဿယော** - ဤနိဿယသစ်သည်

**ပရိ နိဋ္ဌိတော-သမန္တော ပရိပုဏ္ဏ နိဋ္ဌ ပတ္တော-** ဝန်းကျင်ပြည့်စုံ ကုံလုံအားလုံး ပြီးဆုံးတိုင်မြောက် ရောက်လတ်သတည်း။

ဆရာတော်ကမူ အပ္ပဿုတတို့အတွက် ဤနိဿယကို စီရင်သည်ဟု ဆို၏၊ သို့ရာတွင် ယခုအခါ ဗဟုဿုတတို့ပင် အတော်ကြိုးစားကြရမည် ထင်၏၊ မိမိ ဘယ်အဆင့်၌ ရှိသည်ကို ဆရာတော်၏ ဤကောက်နုတ်ချက်တို့က ထင်ရှားစေနိုင်၏။

၆

**ဘန္တေကဿပ** – အရှင် မဟာကဿပ

**ဣဒံသုတ္တံ** ၊ ဤဂိရိမာနန္ဒသုတ်ကို-ဝါ-ဤဂိရိမာနန္ဒ သုတ္တန်ဒေသနာတော်ကို-ဝါ-ဤဂိရိမာနန္ဒသုတ် အမိန့်တော်ကို

**ဘဂဝတော**—ရှင်တော်ဘုရား၏

**သမ္ပုဒါ** – မျက်မှောက်ကက်ာ ရှေတော်သာမှ

[သမ္ပုဒါ၌ ပ-သံယုတ် သံ-ရှေးရှိသော မုခသဒ္ဒါ၊ ကက်ာဟူသည် မျက်မှောက်ကာလကို ဆိုသည်၊ ပေါရာဏ ကဗျာ၊ "မျက်မှောက် ကက်ာ၊ ထိုရောခါဝယ်၊ ဆရာပဏ္ဍိတ် ပရောဟိက်လည်း"-ဟူသော ကိုးခန်းလက်ာသင့် အညီ၊ ရှေးကာလကိုလည်း ကက်ာ ခေါ်သည်၊ ထိုကြောင့်-"ပြည်မြတ်ဖျားကို၊ သိကြားနတ်မှာ၊ လိုချင်ပွာလျက်၊ ကက်ာရှေးတွင် ငါစီရင်သည်၊လူရှင်ချမ်းသာ ငံပွားတည်း-"ဟု နိက္ခမခန်း၌ ဆိုသည်။]

**ဧဝံ** – ဤသို့, ဤသို့ ခြင်းရာ, ဤသို့သာလျှင်
**သုတံ** – ကြားနာခြင်းနှင့် စပ်သဖြင့် မှတ်ဆောင်အပ်၏။
[ဤကား သုတံ၌ တ-ပစ္စည်း ကမ္မသာဓန] ကနည်း –
**မေ မမ** – အကျွန်ုပ် အာနန္ဒာ၏
**သုတံ** – ကြားနာခြင်းနှင့် စပ်သဖြင့် မှတ်ဆောင်ခြင်းသည်
**ဧဝံ** – ဤသို့, ဤသို့ခြင်းရာ, ဤသို့သာတည်း။

ဤကား သုတံ၌ တ-ပစ္စည်း ဘာဝသာဓဏ၊ ဧဝံ သဒ္ဒါကို လည်း နိဒဿန အနက်၊ အာကာရအနက်, အဝဓာရဏ အနက် ထင်အောင် ယောဇနာသည်၊ ဤသို့-ဟူသည် နိဒဿန-ညွှန်းခြင်း ဆိုလိုသည်၊ ဤသို့ ခြင်းရာ-ဟူသည် အာကာရ-အခြင်းအရာအဘို့ အပြားဆိုလိုသည်၊ ဤသို့သာလျှင်-ဟူသည်ကား အဝဓာရဏ— မြစ်ခြင်း ကန့်ခြင်းဆိုလိုသည်။

အကျွန်ုပ် အာနန္ဒာသည် ဤသို့ ကြားနာ မှတ်ဆောင်အပ်၏၊ ဤသို့ တခုသော အခြင်းအရာဖြင့် ကြားနာမှတ်ဆောင်အပ်၏၊ ဤသို့သာလျှင် ကြားနာ မှတ်ဆောင်အပ်၏ ဟူ၍ အနက်သုံးပါး ဖြစ်၏။

ထိုသုံးပါးတို့တွင် နိဒဿန အနက်ကား အကျွန်ုပ် အာနန္ဒာ သည် ဤသုတ်ကို ဤသို့ သည်သို့ ဤနှယ်သည့်နှယ် ကြားနာ မှတ်ဆောင်ရ၏၊ မကြားမနာရဘဲ မိမိ အလိုလို ကိုယ်တိုင်သိသူ သယမ္ဘူ မဟုတ်ပါဟု မိမိကိုယ်ကို လွှတ်စေနှိမ့်ချ နိဝါတမှုသဖြင့် အလုံးစုံသော ဤသုတ်ကို ညွှန်တော်မူသတည်း။

အာကာသရတ္တ အဓိပ္ပာယ်ကား အထူးထူးသော သဒ္ဒနယ အတ္ထနယ တို့ဖြင့် သိမ်မွေ့ဆန်းကြယ် အသွယ်သွယ်သော အဇ္ဈာသယ သမုဋ္ဌာန် သမ္ဗန္ဓ အတ္ထဗျဉ္ဇနဂုဏ် လေးစုံသော ဂမ္ဘီရ များပြားလှသော အံ့ဘွယ်သရဲ ခပ်အပုံ အလုံးစုံသော သတ္တဝါ တို့၏ အာသာအလျောက် တယောက်မကျန် ကြားသိနားလည် တော်သော သဗ္ဗညု မြတ်စွာဘုရား၏ စကားတော် ဝိလာသ အစိန္တိယ အခြင်းအရာ အလုံးစုံကို အကုန် မှတ်ဆောင်ခြင်းငှာ မတတ်နိုင်ပါ၍ဤသို့ တခုအတိုသော အခြင်းအရာဖြင့် ကြားနာ မှတ်ဆောင်ရပါ၏ဟု ပြသတည်း။

အဝိဓာရဏတ္တ အဓိပ္ပာယ်ကား တေဒင် ငါးဖြာ လိမ်မာခြင်း ငါးပါးတို့ဖြင့် တရားရွှေတိုက်ဝန်ကြီး ဖြစ်သည်နှင့် လျော်စွာ ဓာရဏ ဗလကို ပြတော်မူလျက် ဤသို့သာလျှင် ကြားနာ မှတ်ဆောင်အပ်သတည်း၊ သည်မှ တပါး အနက် သဒ္ဒါအားဖြင့် အခြား ယုတ်လွန် မရှိဟု ပြသတည်း။

“နိဒဿန-နိဂါတ၊ အာကာသရတ္တ—သူ့ဂုဏ်ပြ၊ အဝိဓာရဏ ကိုယ့်ဂုဏ်ပြ”-ဤသို့ အကျဉ်း ဒီပနီတ္ထကို ပြလေ။

ဤကား ဝရိမာနန္ဒ သုတ်မှ ‘ဧဝံ မေ သုတံ’-ကို ဆရာတော် အနက် ပေးပုံ ဖြစ်၏၊ ‘ဧကံ သမယံ’ မပါသေးချေ၊ ‘ဘဂဝါ သာဝတ္ထိယံ’တွင် သာဝတ္ထိ တခုတည်း၏ အဖွင့်မှာ ထိုထက် သုံးလေးဆခန့် ပို၍ များပြား၏၊ သာဝတ္ထိပြည် သုတေသန ဆောင်းပါးရှည်ကြီး တပုဒ် ထုတ်လုပ်နိုင်၏၊ ထိုအတူပင် ဇေတဝန-ဇေတဝန်ကျောင်း၏ သုတေသန အချက်အလက်

တို့ကို အလေးအနက် ရနိုင်၏၊ ဆရာတော် အဘယ်မျှ ပြည့်စုံကြွယ်ဝသည်ဟု ခန့်မှန်းရန်ပင် မစွမ်းနိုင်ပါ၊ ဆရာတော်သည် ဂါထာ သုံးပုဒ်ဖြင့် နိဂုံးချုပ်၏၊ ဆိုလိုရင်း အဓိပ္ပာယ်မှာ—

> ရောက်လာသူတို့၏ စိတ်နှလုံးကို နှစ်သက်မွေ့လျော်ပျော်စေတတ်သောကြောင့် မန်လည် မည်သော မြို့မင်းကုန်းရွာအနီး ကျောင်းကြီးတိုက်၌ သီတင်းသုံးနေသော ဇဝန မည်သော ငါမထေရ်သည် အသက်အရွယ်ကြီးသော, ဘိုးထွန်းဦး အမည်ရှိသော သူတော်ကောင်းသည် တောင်းပန်သောကြောင့် စီရင် ရေးသားအပ်သော မှုသစ်ကန်ဆောင် ဤစာစောင်သည် ၁၂၄၃-ခုနှစ်အခါ ဝါဆိုလဆန်း ၆-ရက် သောကြာနေ့ နေမင်းဝင်ပြီး လေးချက်တီး အချိန်၌ အပြီး အဆုံး နိဂုံးတိုင်အောင် ရောက်လတ်သတည်း။

ဤကား သဒ္ဒါနက်အတိုင်း ပြန်ဆိုခြင်း ဖြစ်၏၊ ဆရာတော်၏ ပြန်ဆိုချက်နှင့် မှတ်ချက်တို့ကား အထက်ဖော်ပြပါ 'ဝံမေသုတံ' တို့ကဲ့သို့ပင် မှတ်သားဖွယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြောင့် ဆန်းကြယ် တင့်တယ် ကောင်းမြတ်လှပေ၏၊ မိမိကား ထိုသုတ်တို့ကို ပါဠိ သဒ္ဒါအနက် အတိုင်းသာ ပြန်ဆိုမည် ဖြစ်ပါသည်၊ မူရင်းအတိုင်း အသိုင်းအဝိုင်း မရှိ ပြန်ဆိုခြင်းလည်း လိုမည်ဟု ထင်ပါသည်၊ ထို့နောက် အကျယ်တဝင့် ဖွင့်ဆိုချက်လည်း အမှန်ပင် လိုအပ်ပေသည်၊

# ၁-သမဏ ဘဒြ ဂါထာ

၁

အိမ်ရာမထောင်သော,ဥစ္စာ မရှိသော ဘိက္ခု အား အခါခပ်သိမ်း ကောင်းသည်သာ ဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူ သူတို့သည် ကျီကြွ, အိုး, ပုတ်ကက် ချင်းတောင်း၌ မထားမသိကုန်၊ ကောင်းမှုဟုဆိုသည် သူတော်ကောင်းတို့ချက်ပြုတ် ပြီးသည်ကို ရှာမှီးကုန်၍ ထိုအာဟာရဖြင့် မျှတ ကုန်သောကြောင့် ဖြစ်ကုန်၏။

၂

နှစ်ကြိမ်မြောက်လည်း အိမ်ရာ မထောင် သော, ဥစ္စာမရှိသော ဘိက္ခုအား အခါခပ်သိမ်း ကောင်းသည်သာ ဖြစ်၏၊ အဘယ်ကြောင့်နည်း

ဟူမူ ဘိက္ခုသည် အပြစ်ကင်းသော ဆွမ်းကို စားသောက်ရာ၏၊ သူ့ကို ဘယ်အရာမျှ မနှိပ်စက်သောကြောင့် ဖြစ်၏၊

၃

သုံးကြိမ်မြောက်လည်း အိမ်ရာ မထောင်သော, ဥစ္စာမရှိသော ဘိက္ခုအား အခါခပ်သိမ်း ကောင်းသည်သာ ဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူ ဘိက္ခုသည် အေးငြိမ်းချမ်းမြသော ဆွမ်းကို စားသောက်ရာ၏၊ သူ့ကို ဘယ်အရာမျှ မနှိပ်စက်သောကြောင့် ဖြစ်၏။

၄

လေးကြိမ်မြောက်လည်း အိမ်ရာ မထောင်သော, ဥစ္စာမရှိသော ဘိက္ခုအား အခါခပ်သိမ်း ကောင်းသည်သာ ဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူ လွတ်လပ်စွာ ပြည်ရွာ၌ သွားလာ လှည့်လည်သော သူ့အား ကပ်ငြိခြင်း မရှိသောကြောင့်ဖြစ်၏။

၅

ငါးကြိမ်မြောက်လည်း အိမ်ရာ မထောင်သော,ဥစ္စာ မရှိသော ဘိက္ခုအား အခါခပ်သိမ်း

ကောင်းသည်သာ ဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူ မြို့ရွာကို မီးလောင်ခဲ့သော် သူ၏ တစုံ တခုသော ဥစ္စာကိုမျှ မီးမလောင်သောကြောင့် ဖြစ်၏။

၆

ခြောက်ကြိမ်မြောက်လည်း အိမ်ရာမထောင်, ဥစ္စာမရှိသော ဘိက္ခုအား အခါခပ်သိမ်း ကောင်း ခြင်းသာ ဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူ တိုင်းနိုင်ငံ အလုံးကို လုယက် တိုက်ဖျက်သော် လည်း သူ၏ တစုံတရာ ဥစ္စာကို မဆောင်ယူနိုင် သောကြောင့် ဖြစ်၏။

၇

ခုနစ်ကြိမ်မြောက်လည်း အိမ်ရာ မထောင်, ဥစ္စာ မရှိသော ဘိက္ခုအား အခါ ခပ်သိမ်း ကောင်းခြင်းသာ ဖြစ်၏၊ အဘယ်ကြောင့်နည်း ဟူမူ ထားပြ ခိုးသားတို့ ပိတ်ဆို့ စောင့်နေသော လမ်းခရီးသို့ရင်း, တပါးကုန်သော ကင်းသမား တို့ ဆို့ပိတ် စောင့်နေသော လမ်းခရီးသို့ရင်း, အသက်မွေး ပေါ့ပါးသူတို့သည် သပိတ် သင်္ကန်း ကို ဆောင်ယူ၍ ချမ်းသာစွာ သွားလာနိုင်သော ကြောင့်ဖြစ်၏။

၈

ရှစ်ကြိမ်မြောက်လည်း အိမ်ရာ မထောင်, ဥစ္စာမရှိသော ဘိက္ခုအား အခါ ခပ်သိမ်း ကောင်းခြင်းသာ ဖြစ်၏၊ အဘယ်ကြောင့်နည်း၊ ဟူမူ လိုရာ အရပ် မျက်နှာသို့ ငှက်ကွက် ငြိတွယ် ခြင်း ကင်းသည် ဖြစ်၍သာလျှင် သွားရသော ကြောင့် ဖြစ်၏။

—သဂ္ဂ နိပါတ် သောကဇာတ်

*　　　*

## ၂-သမဏ ပတိရူပ ဂါထာ

၁

ဤသာသနာ၌ သာလျှင် အဆွေ့ခံပွန်း ကောင်းရင်း, သိက္ခာတို့ကို ကောင်းစွာ ခံယူဆောက်တည်ခြင်းရင်း, ဆရာ ဥပဇ္ဈာယ်တို့၏ အဆုံးအမ စကား မှတ်သား နာခံလိုခြင်းရင်း-ဤသည်ကား ရဟန်းမြတ်အား အလျောက်ပတ်သော အကျင့်သဘောတည်း။

၂

ဗုဒ္ဓတို့၌ ရိုသေခြင်းရင်း, ဓမ္မတရား၌ ဟုတ်မှန်စွာ သဘောအားဖြင့် ပူဇော်ခြင်းရင်း, သံဃာ၌ မြတ်နိုးခြင်းရင်း-ဤသည်ကား ရဟန်းမြတ်အား လျောက်ပတ်သော အကျင့်သဘောတည်း။

## ၃

ကျက်စားရာ ဂေါစရနှင့် ယှဉ်ခြင်း၎င်း, စင်ကြယ် သန့်ရှင်းစေသည် ဖြစ်၍ မကဲ့ရဲ့ အပ်သော အသက်မွေးခြင်း၎င်း, စိတ်ကို ကောင်းစွာ ထားနိုင်ခြင်း၎င်း—ဤသည်ကား ရဟန်း မြတ်အား လျောက်ပတ်သော အကျင့်သဘော တည်း။

## ၄

စာရိတ္တ သီလ၎င်း, ထိုပြင် ဝါရိတ္တ သီလ ၎င်း, ကြည်ညို ဖွယ်ကို ဆောင်တတ်သော ဣရိယာပုထ်တို့၌ မှီသော ပညာ အဆင်အခြင် ၎င်း, သမထ ဝိပဿနာ စသော စိတ်၌ ယှဉ်ခြင်း ၎င်း-ဤသည်ကား ရဟန်းမြတ်တို့အား လျောက်ပတ်သော အကျင့် သဘောတည်း။

## ၅

တော၌ ဖြစ်ကုန်သော, ဆိတ်ငြိမ်ကုန်သော, အသံ ကင်းဆိတ် ကုန်သော ကျောင်းတို့ကို ရဟန်းသည် ဆည်းကပ်မှီဝဲ အပ်ကုန်၏၊ ဤသည် ကား ရဟန်းမြတ်အား လျောက်ပတ်သော အကျင့် သဘောတည်း။

## ၆

သီလရင်း, အကြားအမြင်များသည် အဖြစ်ရင်း, ဓမ္မ တရားတို့ကို ဟုတ်မှန်တိုင်း စိစစ်ဆင်ခြင်ခြင်းရင်း, သစ္စာတို့ကို ထိုးထွင်း သိနိုင်ခြင်းရင်း— ဤသည်ကား ရဟန်း မြတ်အား လျော်ကပ်သော အကျင့် သဘောတည်း။

## ၇

မမြဲ ဟူ၍ အနိစ္စ သညာကို ဖြစ်ပွားစေရာ၏၊ အနတ္တသညာကို ဖြစ်ပွားစေရာ၏၊ အသုဘ သညာကို ဖြစ်ပွားစေရာ၏၊ လောက၌လည်း မမွေ့လျော်သော အနဘိရတိ သညာကို ဖြစ်ပွားစေရာ၏၊ ဤသည်ကား ရဟန်းမြတ်အား လျော်ကပ်သော အကျင့် သဘောတည်း။

## ၈

ဗောဇ္ဈင်တရား ခုနစ်ပါးတို့ကိုရင်း, ဣဒ္ဓိပါဒ် လေးပါးတို့ကိုရင်း, ဣန္ဒြေ ငါးပါးတို့ကိုရင်း, ဗိုလ်ငါးပါးတို့ကိုရင်း, အရိယ မဂ္ဂင် ရှစ်ပါးကိုရင်း ဖြစ်ပွားစေရာ၏၊ ဤသည်ကား ရဟန်း မြတ်အား လျော်ကပ်သော အကျင့် သဘောတည်း။

## ၉

ရဟန်းသည် တဏှာကို ပယ်ရှားရာ၏၊ မူလနှင့်တကွသော အာသဝ တရားတို့ကို ဖြိုခွဲရာ၏၊ လွတ်မြောက်သည် ဖြစ်၍ နေရာ၏၊ ဤသည်ကား ရဟန်းမြတ်အား လျောက်ပတ်သော အကျင့် သဘောတည်း။

—ထေရဂါထာ ပါဠိ ဒသက နိပါတ်

* * *

# ၃-သာမည ဖလ ဂါထာ

## ၁

ကာမဂုဏ်ကို ပြင်းစွာ တတ်စွမ်း တတ်သော ကာမစ္ဆန္ဒ နီဝရဏသည် ကြွေးမြီကဲ့သို့ ဖြစ်၏၊ သူတပါး ပျက်ပြားအောင် ကြံဆောင် ငြူစူသော ဗျာပါဒ နီဝရဏသည် အနာရောဂါနှင့် တူ၏၊ ငိုက်မျည်း ပျင်းရိ ထိုင်းမှိုင်းခြင်း ထိနမိဒ္ဓ နီဝရဏသည် နှောင်အိမ်နှင့် တူ၏၊ နှောင်တ ပူပန်တတ်သော ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏသည် ကျေးကျွန်ကဲ့သို့ ဖြစ်၏။

## ၂

မုချဆတ်ဆတ် မဆုံးဖြတ်နိုင်သော ဝိစိကိစ္ဆာ နီဝရဏသည် ကန္တာရကဲ့သို့ ဖြစ်၏၊ ဤသို့ အကျိုးမဲ့ပျက်စီးခြင်းကိုပြုတတ်သော ထိုနီဝရဏ တရားတို့ကို ဟုတ်မှန်စွာသိ၍ ဝိပဿနာ ပညာရှိသော ဘိက္ခုသည် ပယ်အပ်၏။

၃

အသီး အသီး အစိုးရခြင်း ရှိသော မြို့ပြ ပြည်ရွာ အရပ်တို့၌ တမြို့တရွာ ပျက်ပြားသော်လည်း ကြွင်းသော မြို့ရွာသည် မပျက်ပြားသကဲ့သို့ အာယတနတို့၌ တခုခုသော အာယတန ပျက်ပြားသော်လည်း ကြွင်းသော အာယတနသည် မပျက်၊ အဘယ်ကြောင့်နည်း ဟူမူကား အသီး အသီးဣန္ဒြိယ ပစ္စည်းတပ်၍ တည်ခြင်း ရှိသည်၏ အဖြစ်ကြောင့်တည်း။

၄

ဤသို့ တခဲနက် မဟုတ်သော, ကံတို့ စီမံပေါင်းရုံး လုံးအပ်စွာသော, သတ္တဝါ မဟုတ်သော, အသက် ဝိညာဉ် မဟုတ်သော, သဘာဝ တရားတို့၏ အစုအပုံ မျှသာ ဖြစ်၍ ဖြစ်သော ကိုယ်ကို ဟုတ်တိုင်းမှန်ရာ ရှုမြင်ပိုင်းခြားရာ၏။

၅

ဘဝ, အင်္ဂါ, ကာလ စသည်တို့၏ ပြည့်စုံခြင်းသည်လည်း တခါတရံ ဖြစ်တတ်၏၊ ပျက်စီးခြင်းသည်လည်း တခါတရံ ဖြစ်တတ်၏၊ ထိုဖြစ်ခြင်း ပျက်ခြင်းသည် အိုးထိန်းစက်ကဲ့သို့ ချာချာ

လည်း၏၊ အခါခပ်သိမ်း ပြည့်စုံခြင်းလည်း မဖြစ်တတ်၊ အခါ ခပ်သိမ်း ပျက်စီး ခြင်းလည်း မဖြစ်တတ်။

၆

ချမ်းသာခြင်း, ဆင်းရဲခြင်း,လာဘ်ပေါခြင်း, လာဘ်မဲ့ခြင်း, ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း- ဤ လောကဓံ ရှစ်ပါးတို့ဖြင့် တွေ့ရခြင်းသည်ကား လောက ဓမ္မတာတည်း။

၇

ထိုကြောင့် ထိုသဘောကို သိ၍ ပညာ မြော်မြင် အဆင်ခြင်နှင့် ပြည့်စုံသော ထိုဘိက္ခုသည် ပြည့်စုံ-ပျက်ပြား တွေ့ထိငြားသောအခါ၌ နှစ်သက်-ကြောက်ရွံ့ နှစ်ပါးကို သည်းခံရာ၏။

၈—၉

မြေလက် အင်္ဂါ ပြတ်ကုန်သည်ဖြစ်၍ အမာဝတို့မှ သွေးပြည်ယိုစီး ထွက်ကျကုန်သော, ပိုးလောက် ယင်မဲတို့ဖြင့် ပြွမ်းသော, ကိုးကွယ်ရာမဲ့သော လူတို့သည် ကြမ်းသည်လည်း ဖြစ်သော နူးညံ့ သည်လည်း ဖြစ်သော ပုဆိုးကိုရင်း, အိုးခြမ်း ခွက်ပဲ့ စသည်တို့ဖြင့် ဆေးကိုရင်း, သူတပါးတို့

သနား၍ ပေးသည်ကို ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်း မဖြစ်ကုန်။

မှန်၏- ပုဆိုးကြမ်းသည် အမာလွှမ်းရုံသာ တည်း၊ အိုးခြမ်းခွက်ပဲ့သည် ဆေးခံရုံဘို့သာ တည်း၊ ဆေးသည် အနာ ပျောက်ငြိမ်းရုံသာ တည်း၊ ယင်းတို့သည် အနာ ပျောက်ငြိမ်းခြင်း အကျိုးငှာ ဖြစ်ကုန်၏။

၁၁-၁၂-၁၃

ဤအတူသာလျှင် မစင်ကြယ်သော [illegible] ထို့ဖြင့် စီးထွက်ပွက်အန်သော အပုပ် အဝိုသော ဖြစ်သော ယင်မဲမသည်တို့ဖြင့် ပြွမ်းသော ကိုက်ခဲ ကျင်နာဘွယ်သော ရှုံ့ဖွယ်အနံ့သာရှိသော ကိုးကွယ် ရာမဲ့သော ဤကိုယ်ကာယ၏ ဖုံးလွှမ်းရုံ ပုဆိုး ကြမ်းကဲ့သို့ သင်္ကန်းကို သတိရှိသော ဘိက္ခုသည် သမ္ပဇဉ်ဖြင့် အခါခပ်သိမ်း ကောင်းစွာ မှတ်ရာ၏၊ သပိတ်ကိုလည်း ဆေးထည့်သော အိုးခြမ်းပဲ့ကဲ့သို့ ကောင်းစွာ မှတ်ရာ၏၊ ခံ၍ ရသော ဆွမ်းကို အနာငြိမ်းရုံ သုတ်လိမ်းအံ့ရသော ဆေးကဲ့သို့ ကောင်းစွာ မှတ်ရာ၏။

**သာမညဖလသုတ် အဋ္ဌကထာ**

* * *

# ၄—ဖုသဿတ္ထေရ ဂါထာ

၁

ပဏ္ဍရဂေါတ္တ အမည်ရှိသော ရသေ့သည် ကြည်ညိုဖွယ် ဆောင်ကုန်သော, စိတ်ကို ပွားပြီး ကုန်သော, ကာယ ဝစီ စောင့်ရှောက် ကုန်သော ရဟန်းသံဃာ အများကို တွေ့မြင်ရ၍ ဖုဿ အမည်ရှိသော မဟာထေရ်ကို မေးလျှောက်၏။

၂

အရှင်ဘုရား အနာဂတ် ကာလ၌ အဘယ်သို့ နှလုံးသွင်း, အလို, အသွင်အကျင့် ရှိသည် ဖြစ် ကြပါမည်နည်း၊ မေးလျှောက်သော ကျွန်ုပ် အား ထိုအကြောင်းကို ဟောကြားပါလော့။

၃

ပဏ္ဍရ အမည်ရှိသော ရသေ့ အနာဂတ် အကြောင်းကို ဟောကြား ပါမည်၊ ငါ၏

စကားကို သင် နာသိလော့၊ ရိုသေစွာမှတ်ဆောင်
လေလော့။

၄

အနာဂတ် အခါ ရဟန်း အများတို့သည်
အမျက် ထွက်ခြင်း၊ ရန်ငြိုး ဖွဲ့ခြင်း၊ သူ့ ကျေး
ဇူးကို ဖျောက်ချေခြင်း၊ မာန်မာန ခက်ထန်
ခြင်း၊ ကောက်ကျစ် စဉ်းလဲခြင်း၊ ငြူစူရှုပ်ချ
ခြင်း၊ ငြင်းခုန်ခိုက်ရန် ပြုတတ်ခြင်းတို့ ဖြစ်ကြ
လိမ့်မည်။

၅

နက်နဲသော ဓမ္မတရားတို့၌ တဟ်သိယောင်
မာနထောင်၍ ဟန်ဆောင်ကြလိမ့်မည်၊ ဤမှာ
ဘက်ကမ်းဖြစ်သော မသူတော် တရားလျှင် အရုံ
ရှိကြလိမ့်မည်၊ ပေါ့ပေါ့ဆဆ နေကြလိမ့်မည်၊
ဓမ္မတရား၌ အလေး မပြု ဖြစ်ကြလိမ့်မည်၊
အချင်းချင်း မနိုး မသေ ဖြစ်ကြလိမ့်မည်။

၆

အနာဂတ် အခါ သတ္တဝါ အပေါင်း၌
အပြစ် အန္တရာယ်တို့ ထင်ရှားဖြစ်ပေါ် ကုန်လိမ့်
မည်၊ ပညာမဲ့ ရဟန်းဆိုး တို့သည် ဟုတ်မှန်စွာ

ဟောကြားသော ဤတရားကို ညစ်ညူးပျက်စီး အောင် ဖျက်ဆီး ကြလိမ့်မည်။

၇

သံဃာ့ဘောင်၌ တရားတဘောင် ပြောဆို ကြသော, ရဲတင်း ခက်ထန်ကုန်သော, နှုတ်ကြမ်း ကုန်သော, စာပေ ဗဟုသုတ မဲ့ကုန်သော အလဇ္ဇီ ဒုဿီလ တို့သည် အင်အား ကြီးကြ လိမ့်မည်။

၈

လဇ္ဇီပေသလ သီလဝန္တ ရဟန်းမြတ်တို့သည် သံဃာ့ဘောင်၌ လျောက်ပတ်သော သဘော အားဖြင့် ပြောဆို ဆုံးဖြတ်ကုန်သော်မကောင်း မှုမှ ရှက်ကုန်သည် ဖြစ်၍ အလိုမဲ့ ကုန်သည် ဖြစ်၍ ထိုရဟန်းမြတ်တို့ အင်အား နည်းပါးကြ လိမ့်မည်။

၉

အနာဂတ်အခါ ပညာမဲ့ ရဟန်းမိုက်တို့သည် ငွေ, ရွှေ, လယ်, ယာ, ဆိတ်, သိုး, ကျေးကျွန်ကို မိမိ အလိုငှာ သာယာကြလိမ့်မည်။

၁၀

ရဟန်း မိုက်တို့သည် သူတပါးတို့ကို အယုတ် ပြုလျက် ရှုတတ်ကုန်သည် ဖြစ်၍ သီလတို့၌ မတည်ကုန်ဘဲ မောက်မော်သော မာနရှိကုန်သည် ဖြစ်၍ ငြင်းခုံ ရန်တွေ့ခြင်း၌ မွေ့လျော် ပျော် ပါးကုန်သည် ဖြစ်၍ တိရစ္ဆာန်တို့ ကဲ့သို့ သွားလာ လှည့်ပတ် ကြလိမ့်မည်။

၁၁

စိတ် မတည်ကြည်ခြင်း, စိမ်းလဲ့ ညိုသော သက်န်း ဝတ်ရုံခြင်းတို့ ဖြစ်ကြလိမ့်မည်၊ အံ့သြမှု ပြုကုန်, ကြမ်းကြုတ်ကုန်, ပြောဆိုကုန်, ဦးချို ထောင် ကုန် သည် ဖြစ်၍လည်း အရိယာ ကဲ့သို့ လှည့်လည်ကြလိမ့်မည်။

၁၂

ဆီတို့ဖြင့် ပြီးကုန်သော ဆံတို့ဖြင့် လျပ်ပေါ် ကုန်သည်ဖြစ်၍ မျက်စိ ဆိုးကုန်သည် ဖြစ်၍ ဆင်စွယ်ရောင် သက်န်း ဝတ်ရုံကုန်သည် ဖြစ်၍ လမ်းမ၌ သွားကြလိမ့်မည်။

၁၃

အဝတ်ဖြူတို့၌ နှစ်သက် မက်မောကြ၍ အရိယာတို့ မစက်ဆုပ်သော, ကောင်းစွာဆီး သော, ရဟန္တာတို့ အလံဖြစ်သော သင်္ကန်းကို စက်ဆုပ်ကြလိမ့်မည်။

၁၄

လာဘ် လာဘကို မက်မောကြလိမ့်မည်၊ ဆွမ်းခံခြင်း ပျင်းကုန်၍ လုံ့လဆုတ်ယုတ်ကုန်၍ တောကျောင်းတို့ကို နှလုံး ပင်ပန်းကုန်၍ ရွာ ကျောင်းတို့၌ နေကြလိမ့်မည်။

၁၅

အခါခပ်သိမ်း မှားသော အသက်မွေးခြင်း၌ မွေ့လျော်ကုန်သော ရဟန်းဆိုးတို့သည် လာဘ် သာဘ ပေါများကြလိမ့်မည်၊ ထိုရဟန်းတို့သို့ အတုလိုက် ကျင့်ကုန်သော စောင့်စည်းမှု မရှိ သော ရဟန်းတို့သည် မင်းစိုး ရာဇာ အိမ်သို့ သွည့်လည် မိုဝဲကြလိမ့်မည်။

၁၆

ထို့နောင် ရဟန်းကောင်း - ရဟန်းမြတ်တို့ သာဘ် လာဘ မရကုန်၊ ထိုထို ရဟန်းမြတ်တို့

မြတ်နိုးကော်ရော် ပူဇော် ချီးမွမ်းအပ်သည် ဖြစ်လိမ့်မည် မဟုတ်ကုန်၊ တည်ကြည်သော ထိုလဇ္ဇီပေသလ ရဟန်းတို့ကို မှီဝဲကြလိမ့်မည် မဟုတ်ကုန်။

၁၇

အချို့သော ရဟန်းတို့သည် ညောင်ကြွတ်ဆိုး မိမိ အလံဖြစ်သော သင်္ကန်းကို ကွဲရဲ ရှုတ်ချ ဆက်ဆုပ်ကြ၍ တိတ္ထိတို့၏ အလံ ဖြစ်သော အဝတ်ဖြူကို ဝတ်ဆောင်ကြလိမ့်မည်။

၁၈

ထိုနောက် ထိုရဟန်းပုံအား သင်္ကန်း၌ မရိုမသေ ဖြစ်ကြမည်၊ သင်္ကန်း၌ ပစ္စပေကြွောာ ဆင်ခြင်ကာမျှလည်း ဖြစ်တော့မည် မဟုတ်ချေ။

၁၉

မြားစူး၍ ဆင်းရဲဖြင့် ဖောက်ပြန်ခြင်းသို့ ရောက်သော ဆင်၏ ကြောက်မက်ဖွယ်ရာ ကြီးကြယ်စွာ မကြံစည်နိုင်သော အကြံ ဖြစ်ခဲ့ ဘူး၏။

၂၀

မှန်၏— ထိုအခါ ဆဒ္ဒန် ဆင်မင်းသည် ကောင်းစွာ ဆုံးအပ်သော ထို ရဟန္တာ အလံကို တွေ့မြင်ရ၍ အကျိုးစီးပွားနှင့်စပ်သော ဂါထာ တို့ကို ရွတ်ဆိုလေသည်။

၂၁

အကြင်သူသည် ဖန်ရည်ရှိသည်ဖြစ်လျက်, ကိလေသာကို ဆုံးမခြင်း ဝစီသစ္စာမှ ကင်းလျက် ဖန်ရည်ဆိုး အဝတ်ကို ဝတ်ရုံအံ့၊ ထိုသူသည် ဖန်ရည်ဆိုး သင်္ကန်းကို မထိုက်။

၂၂

အကြင်သူသည် ဖန်ရည်ကို ထွေးအန်၏၊ သီလတို့၌ ကောင်းစွာဆောက်တည်၏၊ ကိလေသာကို ဆုံးမခြင်း ဝစီသစ္စာနှင့် ပြည့်စုံ၏၊ စင်စစ် ထိုသူသည် ဖန်ရည်ဆိုး သင်္ကန်းကို ထိုက်၏။

၂၃

အကြင်သူသည် ပေါ့ပျက်သော သီလရှိ၏၊ ပညာကင်း၏၊ ဒုဿီလဟု ထင်ရှား၏၊ အလို ရှိတိုင်း ပြုတတ်၏၊ စိတ်ပြန့်လွင့်၏၊ ဖြူစင်

သန့်ရှင်းခြင်း မရှိ၊ ထိုသူသည် ဖန်ရည်ဆိုး
သင်္ကန်းကို မထိုက်။

## ၂၄

အကြင်သူသည် သီလနှင့်ပြည့်စုံ၏၊ ဆန္ဒ
ရာဂကင်း၏၊ စိတ်တည်ကြည်ခိုင်ခံ့၏၊ အကြံ
အစည် သန့်ရှင်းစင်ကြယ်၏၊ စင်စစ် ထိုသူသည်
ဖန်ရည်ဆိုး သင်္ကန်းကို ထိုက်၏။

## ၂၅

အကြင်သူအား စိတ်တည်ကြည်ခိုင်ခံ့ခြင်း
မရှိ၊ [illegible]သော မာန် မာနရှိ၏၊ သီလ မရှိ၊
ထိုသူအား အဝတ်ဖြူကို ထိုက်၏၊ ဖန်ရည်ဆိုး
သင်္ကန်းသည် သယ်အကျိုးရှိအံ့နည်း။

## ၂၆

အနာဂတ် အခါ ဘိက္ခု၊ ဘိက္ခုနီတို့သည်
စိတ်ယုတ်မာရှိကုန်၍ အရိုအသေ ကင်းကုန်၍
မေတ္တာစိတ်နှင့် ယှဉ်ကုန်သော ဘာဒိဂုဏ်ရှိသူ
သူတော်ကောင်းတို့အား နှိပ်စက်ညှဉ်းဆဲကြ
လိမ့်မည်။

## ၂၇

မထေရ်ကြီးတို့က သက်နိုး ဝတ်ရုံခြင်းကို သွန်သင်ပြသ ဆုံးမကြသော်လည်း ပညာမဲ့ ကုန်သော၊ သူယုတ်မာဟု ထင်ရှားကုန်သော၊ အလိုရှိတိုင်း ပြုတတ်ကုန်သော ရဟန်းတို့ နားမထောင်ကုန် လတ္တံ့။

## ၂၈

မြင်းယုတ် – မြင်းဆိုးသည် မြင်းဆရာကို မနာခံ ပေါက်ကန်သကဲ့သို့ အချင်းချင်း အရိုအသေ ကင်းကုန်သည်ဖြစ်၍ သင်တိုင်း မကျင့် သော ထိုရဟန်းဆိုးတို့သည် ဆရာ ဥပဇ္ဈာယ် တို့ကို ကျိုးနွံ ရိုသေခြင်း ကင်းကြလိမ့်မည်။

## ၂၉

ဤသို့ ဆိုအပ်ပြီးသော အပြားအားဖြင့် အနာဂတ် အခွန့်ဖြစ်သော နောက်ကာလ ရောက်သော် ဘိက္ခု၊ ဘိက္ခုနီတို့၏ အကျင့် ဖောက်ပြန်ခြင်း ဖြစ်လိမ့်မည်။

## ၃၀

ငါ့ရှင် အနာဂတ်၌ ဖြစ်မည့် ထိုဘေး အန္တရာယ် မရောက်မီ သင်တို့သည် ဆရာ

ဥပဇ္ဈာယ်တို့၏ အဆုံးအမကို ခံယူကြပါလော့၊ စိတ်နှလုံး နူးညံ့ကြပါလော့၊ အချင်းချင်း ရိုသေကြပါလော့။

၃၁

မေတ္တာစိတ် ရှိကြပါလော့၊ သနားကရုဏာ ဖြစ်ကြပါလော့၊ သီလတို့၌ ကောင်းစွာ စောင့်ရှောက်ကြပါလော့၊ လုံ့လရှိကြပါကုန်လော့၊ စိတ်ကို နိဗ္ဗာန်သို့ စေလွှတ်၍ အမြဲမပြတ် မြဲမြံခိုင်ခံ့ကြပါလော့။

၃၂

ငါ့ရှင် မေ့လျော့ခြင်းကို ဘေးဥပါဒ်အားဖြင့်, မမေ့လျော့ခြင်းကိုလည်း ဘေးမဲ့သောအားဖြင့် သိမြင်၍ အမြိုက် နိဗ္ဗာန်ကို ထိတွေ့ကြောင်းဖြစ်သည့် မဂ္ဂင်ရှစ်ပါးကို ပွားကြပါစေကုန်လော့။

ထေရဂါထာပါဠိ တိံသနိပါတ်

* * *

# ၅-ဂိရိမာနန္ဒသုတ်

အရှင်မဟာ ကဿပ ဤသုတ်ကို မြတ်စွာဘုရား၏ မျက်မှောက်၌ ကျွန်ုပ် ဤသို့ ကြားလိုက်ရပါ၏၊ အခါတပါး မြတ်စွာဘုရား သာဝတ္ထိပြည် အနာထပိဏ်သူဌေး၏ မွေလျှော်ဖွယ်ရာ ဇေတဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ အရှင်အာနန္ဒ သည် မြတ်စွာဘုရားထံ ချဉ်းကပ်ရှိခိုးပြီး သင့်ရာ၌ ထိုင်ကာ လျှောက်ကြား၏-

အရှင်ဘုရား အရှင် ဂိရိမာနန္ဒသည် အနာရောဂါ ကပ်ရောက်နေပါသည်၊ ဆင်းရဲဒုက္ခ ရောက်နေပါသည်၊ အလွန်ရောဂါ ပြင်းထန်နေပါသည်၊ အရှင်ဘုရား ထောင်းပန်ပါသည်၊ မြတ်စွာဘုရားသည် အရှင် ဂိရိမာနန္ဒထံသို့ အစဉ် သနားသဖြင့် ကြွတော်မူပါ။

အာနန္ဒ ဂိရိမာအား အကယ်၍ သညာဆယ်ပါးကို ဟောကြားပါသော် နာကြားရသောကြောင့် ဂိရိမာနန္ဒ ရဟန်း၏ ထိုအနာရောဂါသည် အကြောင်းအားဖြင့် ငြိမ်းရာ၏၊ အဘယ်ဆယ်ပါးတို့နည်း—

အနိစ္စသညာ, အနတ္တသညာ, အသုဘသညာ, အာဒီနဝ သညာ, ပဟာနသညာ, ဝိရာဂသညာ, နိရောဓသညာ, သဗ္ဗ လောကေ အနဘိရတိသညာ, သဗ္ဗသင်္ခါရေသု အနိစ္စသညာ, အာနာပါနဿတိ-ဤဆယ်ပါးတို့တည်း။

အာနန္ဒ အနိစ္စသညာသည် အဘယ်နည်း—

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် တော, သစ်ပင်ရင်း သို့မဟုတ် ဆိတ်ငြိမ်ရာသို့ ဖြစ်စေ ချဉ်းကပ်၍ ရူပံ အနိစ္စံ, ဝေဒနာ အနိစ္စာ, သညာ အနိစ္စာ, သင်္ခါရာ အနိစ္စာ, ဝိညာဏံ အနိစ္စံဟု ဆင်ခြင်၏၊ ဤသို့လျှင် ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အနိစ္စဟု အဖန်တလဲလဲ ရှုနေ၏၊ အာနန္ဒ ယင်းကို အနိစ္စ သညာဟု ဆိုအပ်၏။

အာနန္ဒ အနတ္တသညာသည် အဘယ်နည်း—

ဤသာသနာ၌ ဘိက္ခုသည် တော, သစ်ပင်ရင်း သို့မဟုတ် ဆိတ်ငြိမ်ရာ အရပ်သို့ဖြစ်စေ ချဉ်းကပ်၍ စက္ခု အနတ္တာ, ရူပါ အနတ္တာ, သောတံ အနတ္တာ, သဒ္ဒါ အနတ္တာ, ဃာနံ အနတ္တာ, ဂန္ဓာ အနတ္တာ ဇိဝှာ အနတ္တာ, ရသာ အနတ္တာ, ကာယော အနတ္တာ, ဖောဋ္ဌဗ္ဗာ အနတ္တာ, မနော အနတ္တာ, ဓမ္မာ အနတ္တာဟု ဆင်ခြင်၏၊ ဤသို့ ခြောက်ပါးကုန်သော အဇ္ဈတ္တိက ဗာဟိရ အာယတနတို့၌ အနတ္တဟု အဖန်တလဲလဲ ရှုနေ၏၊ အာနန္ဒ ယင်းကို အနတ္တ သညာဟု ဆိုအပ်၏။

အာနန္ဒ အသုဘ သညာသည် အဘယ်နည်း—

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် ခြေဘွားမှ အထက်၊ ဆံဖျားမှအောက် အရေပါးဖြင့် ထက်ဝန်းကျင် ဖုံးလွှမ်းသော အထူးထူး အပြားပြား စက်ဆုပ် ရွံရှာဖွယ် မစင်ကြယ်သော ဝတ္ထုဖြင့် ပြည့်သော ဤကိုယ်ကို ဆံပင်၊ အမွေး၊ ခြေသည်း-လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ အဆီ၊ အညှိ၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုပ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ် ရှိ၏ဟု ဆင်ခြင်၏၊ ဤသို့လျှင် ကိုယ်၌ အသုဘဟု အဖန်တလဲလဲ ရှုနေ၏၊ အာနန္ဒ ယင်းကို အသုဘ သညာဟု ဆိုအပ်၏။

အာနန္ဒ အာဒီနဝ သညာသည် အဘယ်နည်း-

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် တော၊ သစ်ပင်ရင်းသို့မဟုတ် ဆိတ်ငြိမ်ရာသို့ဖြစ်စေ ချဉ်းကပ်၍ ဤကိုယ်သည် ဆင်းရဲများ၏၊ အပြစ်များ၏၊ ဤကိုယ်၌ အထူးထူးအပြားပြားသော အနာတို့ ဖြစ်တတ်ကုန်၏၊ဤအနာတို့သည်ကား မျက်စိနာ၊ နားတွင်းနာ၊ နှာခေါင်းတွင်းနာ၊ လျှာနာ၊ ကိုယ်နာ၊ ဦးယဉ်းနာ၊ နားရွက်နာ၊ နှာအုံနာ၊ ခံတွင်းနာ၊ သွားနာ၊ ချောင်းဆိုးနာ၊ ခရုပ်ကုတ်ဟီးနာ၊ ဖွတ်သိုနာ၊ ကိုယ်ပူနာ၊ ဖျားနာ၊ ဝမ်းနာ၊ ထိုင်းမှိုင်း-မူးဝေနာ၊ သွေးသွန်နာ၊ ထိုးကျင့်နာ၊ ပြင်းစွာကိုက်ခဲသော ဝမ်းသွန်နာ၊ နူနာ၊ အိုင်းနာ၊ ညှင်း-ဘင်း

တိတ်နာ, ရှူနာ-ပန်းနာ, ဝက်ရူးနာ, ပွေးနာ, ယားနာ, ဝဲနာ, လက်သည်းပုပ်လောင်နာ, နူယောင်နာ, သွေးနာ, သည်းခြေနာ, ဒူလာသရောနာ, အရိနာ-ဝါ-ရင်နာ, ထွင့်မြင်းနာ-ဝါ-ဝက်ခြင်နာ, မြင်းသရိုက်နာ-ဝါ-ဘဂန္ဒိုလ်နာ, သည်းခြေလျှင် အကြောင်းရှိကုန်သော အနာတို့ရင်း, သလိပ်လျှင် အကြောင်းရှိကုန်သော အနာတို့ရင်း, လေလျှင် အကြောင်းရှိ ကုန်သော အနာတို့ရင်း, သလိပ်, လေ, သည်းခြေသုံးပါး အပေါင်းကြောင့် ဖြစ်သော သန္နိပါတ်အနာတို့ရင်း, ဥတု ဖောက်ပြန်မှုကြောင့် ဖြစ်သော အနာတို့ရင်း, ဣရိယာပုတ် မညီညွတ် ခြင်းကြောင့် ဖြစ်ကုန်သော အနာတို့ရင်း, ညှဉ်းပန်း ချည်နှောင်ခြင်း စသော လုံ့လကြောင့် ဖြစ်ကုန်သော အနာတို့ရင်း, ကံ၏အကျိုးကြောင့် ဖြစ်ကုန်သော အနာတို့ရင်း, အချမ်း, အပူ, ဆာလောင်ခြင်း, ရေသိပ်နာ, ကျင်ကြီးနာ, ကျင်ငယ်နာတို့တည်း၊ ဤသို့လျှင် ဤကိုယ်၌ အာဒီနဝဟု အဖန်တလဲလဲ ရှုနေ၏၊ အာနန္ဒ ယင်းကို အာဒီနဝ သညာဟု ဆိုအပ်၏။

အာနန္ဒ ပဟာန သညာသည် အဘယ်နည်း—

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် ဖြစ်တတ်သော ကာမဝိတက်ကိုရင်း, သူတပါးတို့အား ဆင်းရဲ ပင်ပန်းကြောင်းနှင့် စပ်သော ဝိဟိံသာဝိတက်ကိုရင်း, ယုတ်မာကုန်သော အကုသိုလ်တရားတို့ကိုရင်း-သည်းမခံ၊ စွန့်လွှတ်၏၊ ဖျောက်ဖျက်၏၊ ကင်းကွာခြင်းကို ပြု၏၊ တဖန် အသစ် မဖြစ်ခြင်းသို့ ရောက်စေ၏၊ အာနန္ဒ ယင်းကို ပဟာန သညာဟု ဆိုအပ်၏။

အာနန္ဒ ဝိရာဂ သညာသည် အဘယ်နည်း—

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် တော, သစ်ပင်ရင်းသို့မဟုတ် ဆိတ်ငြိမ်ရာသို့ဖြစ်စေ ချဉ်းကပ်၍ အလုံးစုံ သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော အလုံးစုံ သင်္ခါတို့ကို စွန့်ရာဖြစ်သော တဏှာ ကုန်ခန်းရာဖြစ်သော တပ်ခြင်း ကင်းရာ ဖြစ်သော နိဗ္ဗာန်ရှိ၏၊ ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏ဟု ဆင်ခြင်၏၊ အာနန္ဒ ယင်းကို ဝိရာဂသညာဟု ဆိုအပ်၏။

အာနန္ဒ နိရောဓ သညာသည် အဘယ်နည်း—

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် တော, သစ်ပင်ရင်းသို့မဟုတ် ဆိတ်ငြိမ်ရာသို့ဖြစ်စေ ချဉ်းကပ်၍ အလုံးစုံ သင်္ခါရတို့၏ ငြိမ်းရာဖြစ်သော အလုံးစုံ သင်္ခါရတို့ကို စွန့်ရာဖြစ်သော တဏှာ ကုန်ခန်းရာဖြစ်သော ချုပ်ပျောက်ရာဖြစ်သော နိဗ္ဗာန်ရှိ၏၊ ထိုနိဗ္ဗာန်သည် ငြိမ်သက်၏၊ မွန်မြတ်၏ဟု ဆင်ခြင်၏၊ အာနန္ဒ ယင်းကို နိရောဓသညာဟု ဆိုအပ်၏။

အာနန္ဒ သဗ္ဗလောကေ အနဘိရတိသညာသည် အဘယ်နည်း—

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် လောက၌ စိတ်၏ တည်ရာဖြစ်ကုန်သော နှလုံးသွင်းခြင်း အကြောင်းဖြစ်ကုန်သော အနုသယဖြစ်ကုန်သော ဥပါဒါန်တို့ကို စွန့်လွှတ်၏၊ ကြဉ်ဖယ်၏၊ စွဲလမ်း ယူကျုံးခြင်း မဖြစ်၊ အာနန္ဒ ယင်းကို သဗ္ဗလောကေ အနဘိရတိ သညာဟု ဆိုအပ်၏။

အာနန္ဒ သဗ္ဗသင်္ခါရေသု အနိစ္စာသညာ ကား အဘယ်နည်း–

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် အလုံးစုံ သင်္ခါရတို့၌ ငြီးငွေ့၏၊ ရှက်၏၊ စက်ဆုပ်ရွံရှာ၏၊ အာနန္ဒ ယင်းကို သဗ္ဗသင်္ခါရေသု အနိစ္စာသညာဟု ဆိုအပ်၏။

အာနန္ဒ အာနာပါနဿတိသည် အဘယ်နည်း–

အာနန္ဒ ဤသာသနာ၌ ဘိက္ခုသည် တော, သစ်ပင်ရင်းသို့မဟုတ် ဆိတ်ငြိမ်ရာသို့ဖြစ်စေ ချဉ်းကပ်၍ ထက်ဝယ် တင်ပျဉ်ခွေဖွဲ့၍ ကိုယ်ကို ဖြောင့်မတ်စွာထားပြီး သတိကို ရှေးရှုထင်စေကာ ထိုင်နေ၏၊ ထိုရဟန်းသည် သတိဖြင့် သာလျှင် ထွက်သက်, ဝင်သက် ရှူ၏၊ ရှည်ရှည် ထွက်သက်ရှူသော် ရှည်စွာရှူ၏၊ ရှည်ရှည် ဝင်သက်ရှူသော် ရှည်စွာရှူ၏၊ တိုတို ထွက်သက်ရှူသော် တိုစွာရှူ၏၊ တိုတို ဝင်သက်ရှူသော် တိုစွာရှူ၏ဟု အပြားအားဖြင့် သိ၏။

အလုံးစုံသော ကိုယ်ကို ထင်အောင်ပြုလျက် ထွက်သက်, ဝင်သက်ရှူအံ့ဟု ကြည့်ကျင့် အားထုတ်၏၊ ရုန့်ရင်းသော ထွက်သက်ကို သိမ်မွေ့ချုပ်ငြိမ်းစေလျက် ထွက်သက်ရှူအံ့၊ ရုန့်ရင်းသော ဝင်သက်ကို သိမ်မွေ့ချုပ်ငြိမ်းစေလျက် ဝင်သက်ရှူအံ့ဟု ကြည့်ကျင့် အားထုတ်၏။

ပီတိကို ထင်စွာပြုလျက် ထွက်သက်, ဝင်သက် ရှူအံ့ဟု ကြည့်ကျင့် အားထုတ်၏၊ သုခကို ထင်စွာပြုလျက် ထွက်သက်, ဝင်သက်ရှူအံ့ဟု ကြည့်ကျင့်အားထုတ်၏၊ စိတ္တသင်္ခါရကို ထင်စွာ

ပြုလျက် ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ စိတ္တသင်္ခါရကို သိမ်မွေ့ချုပ်ငြိမ်းစေလျက် ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ စိတ်ကို ထင်စွာပြု၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏။

စိတ်ကို ဝမ်းမြောက်ရွှင်လန်းစေဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ စိတ်ကို အာရုံ၌ ကောင်းစွာတည်စေသည်ဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ စိတ်ကို လွတ်ကင်းစေသည်ဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏။

အနိစ္စကို အဖန်တလဲလဲ ရှုသည်ဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ ဝိရာဂကို ရှုသည်ဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ နိရောဓကို ရှုသည်ဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏၊ စွန့်တတ် — သက်ဝင်တတ် — အဖန်တလဲလဲ ရှုတတ်သည်ဖြစ်၍ ထွက်သက်, ဝင်သက်ရှူအံ့ဟု ဖြည့်ကျင့်အားသစ်၏။

အာနန္ဒ သင်သည် ဂိရိမာနန္ဒ ရဟန်းအားကပ်၍ ဤသညာဆယ်ပါးကို အကယ်၍ ဟောကြားလျှင် ဤသညာဆယ်ပါးတို့ကို ကြားနာရသောကြောင့် ဂိရိမာနန္ဒ ရဟန်း၏ အနာသည် အကြောင်းအားဖြင့် ငြိမ်းရာ၏။

ထိုအခါ အရှင်အာနန္ဒသည် မြတ်စွာဘုရား၏ ထံ၌ ဤသညာဆယ်ပါးတို့ကို သင်ယူ၍ အရှင်ဂိရိမာနန္ဒရှိရာအရပ်သို့ ကပ်လေ၍

အရှင်ဂိရိမာနန္ဒအား ဤသညာဆယ်ပါးကို ဟောကြား၏၊ ထိုအခါ ဤသညာဆယ်ပါးတို့ကို နာကြားရသောကြောင့် အရှင်ဂိရိမာနန္ဒ၏ ထိုအနာသည် အကြောင်းအားဖြင့် ငြိမ်းပျောက်၏၊ အရှင်ဂိရိမာနန္ဒသည် ထိုအနာမှ ထမြောက်၏၊ ဥပမာကား မဂ်ဖြင့် ပယ်အပ်သော ကိလေသာကဲ့သို့ အရှင်ဂိရိမာနန္ဒ၏ ထိုအနာသည် ဖြစ်၏။

အင်္ဂုတ္တရပါဠိ ဒသကနိပါတ်

*   *   *

# နိဒါန်း

## ၁

တသောင်းရှစ်ပြန်၊ လေးထောင်လွန်သား
ယုဂန်လှည့်သွား၊ လ-ရထားနှင့်
နတ်သားနီးကြ— သောကာလဝယ်
သောကခမ္မာ၊ ဌာပနာသား
သစ္စာဉာဏ်ပေါင်း၊ မရှုတောင်းသည်
ညီနှောင်း နှောင်စော-မြတ်မုဋ္ဌော........။

တောင်ငူစာဆိုဘုရင် နတ်ရှင်နောင်၏ ရွှေမုဋ္ဌော ဘုရားတိုင် ချတုမှ ကောက်နုတ်ချက်ဖြစ်၏၊ ယူဇနာ ရှစ်သောင်းလေးထောင် မြင့်သော ယုဂန္ဓိုရ်တောင်ကို လှည့်လည်သွားသော လစန္ဒာနှင့် အသုရိန်နတ်သား နီးကပ်သော အခါဝယ် ဝါ-လကိုရာဟု ဖမ်းသောအချိန်မှာ အသောကမင်းတည်သော ရွှေမုဋ္ဌောဘုရားဟု သာမန်အားဖြင့် အဓိပ္ပာယ်ရ၏၊ မြန်မာနိုင်ငံတွင် အသောက

မင်းကြီးတည်သော ဘုရား အတော်များများရှိသည်ဟု ဘုရား သမိုင်းဆရာတို့ ဆိုကြ၏၊ ဟုတ်–မဟုတ်ကိုကား သေချာစွာ မသိရချေ၊ အသောက မင်းကြီးသည် မြတ်စွာဘုရားဟောကြား တော်မူသော ဓမ္မက္ခန္ဓာ အပေါင်း ရှစ်သောင်း လေးထောင်ကို ရည်စူး၍ ဘုရားပေါင်း ရှစ်သောင်း လေးထောင် တည်စေ ကြောင်းကို ဝိနည်းအဋ္ဌကထာ နိဒါန်း၌ ဤသို့ဖွင့်ဆို၏–

တနေ့သ၌ မင်းကြီးသည် အသောကာရာမကျောင်း၌ အလှူတော်ပေးပြီး သံဃာတို့အား– "သခင်ဘုရားတို့ မြတ်စွာဘုရား ဟောကြားသော တရားသည် အတည် မျှလောက် အတိုင်း–အရှည် ရှိပါသနည်း" ဟု မေး လျှောက်၏၊ ထိုအခါ သံဃာတို့က– "မင်းကြီး အင်္ဂါ အားဖြင့် ကိုးပါးရှိကုန်၏၊ ခန္ဓာအားဖြင့် ရှစ်သောင်း လေးထောင် ရှိကုန်၏–" ဟု ဆိုကုန်၏။

မင်းကြီးသည် တရားတော်၌ ကြည်ညို၍ တပါး– တပါးသော ဓမ္မက္ခန္ဓာကို တကျောင်း-တကျောင်းဖြင့် ပူဇော်အံ့ဟု တနေ့ခြင်းလျှင် ကိုးဆဲ့ခြောက်ကုဋေသော ဥစ္စာကို စွန့်၍ အမတ်တို့ကို– "အချင်းတို့ လာလတ်ကုန်၊ တပြည်–တပြည်၌ တကျောင်း–တကျောင်းစီကို ပြုစေ ကုန်လျက် ရှစ်သောင်း လေးထောင်သော ပြည်တို့၌ ရှစ်သောင်း လေးထောင်သော ကျောင်းတို့ကို ပြုစေ ကုန်–" ဟု စေ၏။

မင်းကြီးသည်လည်း အသောကာရာမ၌ အသောက မဟာဝိဟာရ ကျောင်းကြီးကို ပြုအံ့သောငှာ အလုပ်ကို

ဆောက်တည်၏၊ သံဃာသည် ဇူန္ဒဂုတ္တ အမည်ရှိသော တန်ခိုးအာနုဘော်ကြီးသော ရဟန္တာကို အမှုသစ်စီရင်ရန် ပေး၏၊ မဟာဝိဟာရကိုသာ စီရင် မှုစသည်ကား မဟုတ်၊ ရှစ်သောင်းလေးထောင်သော ကျောင်းအလုံးစုံကိုလည်း စီရင် မှုစ သည်ချည်း ဟူ၏၊ မထေရ်သည် မပြီးနိုင်သော အမှုကို မိမိ၏ တန်ခိုးဖြင့် ပြီးစေ၏၊ သို့သော်လည်း သုံးနှစ်တိုင်မျှ ကျောင်းဆောက်သော အမှုကို ပြုရ၏၊ ပြီးသော အခါ တနေ့တည်း၌လျှင် အလုံးစုံသော ပြည်တို့မှ ကမ္ဗည်း ဆက်စာတို့ ရောက်ကုန်၏၊ ရှစ်သောင်းလေးထောင်သော ကျောင်းတို့ကို တည်သည်ကား လကို ရာဟု ဖမ်းသနေ့ တည်သည်၊ ပြီးသည်လည်း တဖန် လကို ရာဟု ဖမ်းသနေ့ရင်း အပြီးသတ်သည် ဟူ၏။

ဤကား ရွှေဥမင် ဆရာတော်ဟု ထင်ရှားသော အရှင်ဇမ္ဗူဒီပဓဇ၏ ဝိနည်း အဋ္ဌကထာ နိသျှ မှတ်ချက်ဖြစ်၏၊ ထိုတွင် အသောက မင်းကြီး မည်သည့် တိုင်းပြည်တို့၌ ကျောင်း ကန် ဘုရား တည်ဆောက်ကြောင်း ဖော်ပြခြင်း မရှိချေ၊ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု စေလွှတ်ခြင်း အကြောင်းကိုကား ထိုအဋ္ဌကထာ၌ ဤသို့ ဖွင့်ဆို၏—

မောဂ္ဂလိပုတ္တ တိဿထေရ်သည် တတိယ သင်္ဂါယနာတင်ပြီးနောင်အခါ အဘယ်အရပ်၌ သာသနာ တည်မည်နည်းဟု စဉ်းစား၏၊ ပစ္စန္တရာဇ် ဇနပုဒ်တို့၌ ကောင်းစွာ တည်မည်ကို

မြင်၍ထိုထို ရဟန်းတို့အား တာဝန်ပေး၍ ထိုထို အရပ်သို့ စေလိုက်၏—

၁။ **မဇ္ဈန္တိက** ထေရ်ကိုကား **ကသ္မီရ ဂန္ဓာရ** တိုင်းသို့- "သင်သည် ထိုတိုင်းသို့သွား၍ ထိုတိုင်း၌ သာသနာ တည်စေလော့—" ဟု စေ၏။

၂။ **မဟာရေဝတ** ထေရ်ကိုလည်း ထိုအတူလျှင် ဆို၍ **မဟိံသက** တိုင်း အပြင်သို့ စေ၏၊ မဟိံသက မဏ္ဍလ ဟူသည်ကား အန္ဓကတိုင်း ဟူ၏။

၃။ **ရက္ခိတ** ထေရ်ကိုကား **ဝနဝါသီ** တိုင်းသို့ စေ၏။

၄။ **ယောနက ဓမ္မရက္ခိတ** ထေရ်ကိုကား **အပရန္တ** တိုင်းသို့ စေ၏၊

၅။ မဟာဓမ္မရက္ခိတ ထေရ်ကိုကား မဟာရဋ္ဌ တိုင်းသို့ စေ၏။

၆။ **မဟာရက္ခိတ** ထေရ်ကိုကား **ပန်းသေးပြည်** သို့ စေ၏၊ ယောနက လောကကို ပန်းသေးပြည်ဟု ဆရာတော် ပြန်ဆို၏။

၇။ **မဇ္ဈိမ** ထေရ်ကိုကား **ဟိမဝန္တာ** အရပ်သို့စေ၏။

၈။ **သောဏ**ထေရ်နှင့် **ဥတ္တရ**ထေရ်ကို **သုဝဏ္ဏဘူမိ**သို့ စေ၏။ ဆရာတို့ကား သုဝဏ္ဏဘူမိကို သထုံပြည်ဟူ၏၊ အချို့ ဆရာတို့ကား ယိုးဒယားပြည် ဟူ၏။

၉။ မိမိ၏ အတူနေ တပည့်ဖြစ်သော **မဟိန္ဒ** ထေရ်ကို **ဣဋ္ဋိယ** ထေရ်, **ဥတ္တိယ** ထေရ်, **သမ္ဗလ** ထေရ်, **ဘဒ္ဒသာလ** ထေရ် တို့နှင့် အတူတကွ **တမ္ဗပဏ္ဏိ** ကျွန်းသို့ စေ၏။

## ၂

ပါရာဇိကကဏ် အဋ္ဌကထာ၌ အသောက မင်းကြီး အကြောင်းကို အလွန် ကျယ်ဝန်း ကြီးကျယ်စွာ ဖွင့်ဆိုထား၏၊ ထိုမှ ဆင့်ပွား၍ ထိုမင်းကြီးနှင့် ပတ်သက်သော မြန်မာစာအုပ် အများအပြား ပေါ်ထွက်ခဲ့ကုန်၏၊ ထိုကြောင့် ဤတွင် သူ၏ ထိုအကြောင်းတို့ကို ထပ်၍ မဆိုလိုတော့ပါ၊ ယခုခေတ် အိန္ဒိယ ကျောက်စာဌာနမှ တူးဖော်ရှာဖွေ တွေ့ရှိသော သူ၏ ကျောက်စာအကြောင်းကိုသာ အသင့်အတင့် ဖော်ပြပါမည်၊ ထိုကျောက်စာဌာနမှ တူးဖော်ရှာဖွေတွေ့ ရှိရသော ပေါင်း ၂၈-ခုတို့မှ ကျောက်စာတို့တွင်—

### ဒေဝါနံ ပိယေန ပိယဒသိနာ ရာညာ လေခါပိတာ

ဟူသော- အသောက မင်းကြီး၏ ဘွဲ့အမည်ကို တွေ့ကြရ၏၊ အိန္ဒိယကျောက်စာဌာနသည် ယင်းကျောက်စာတို့ကို ကျောက်ပြား, ကျောက်ပြားငယ်, ကျောက်တိုင်နှင့် ကျောက်တိုင်ငယ်ဟူ၍ ၄-မျိုး ခွဲထား၏၊ ထိုတွင် ကျောက်ပြား ၁၄-ခု ရှိ၍ ထို၌ ရေးထွင်းထားသော စာတို့၏ အဓိပ္ပာယ်အချုပ်မှာ အောက်ပါ အတိုင်း ဖြစ်ကုန်၏—

၁။ ပွဲလမ်းသဘင်နှင့် ပတ်သက်၍ ယင်ကို တားမြစ်ခြင်း။

၂။ ဆေးဆရာများထားခြင်း၊ ဆေးပင်, အသီးပင်, အပွင့်ပင်, အရိပ်ပင်တို့ကို စိုက်ပျိုးခြင်း၊ ရေတွင်း ရေကန် တူးဖော်ခြင်း။

၃။ ငါးနှစ်တကြိမ် နယ်လှည့်ပြီး တရားဟောထွက်ရန်၊ မိဘ ဆရာသမားတို့ကို ရိုသေရန်၊ သတ္တဝါတို့ကို ညှဉ်းဆဲ သတ်ဖြတ်ခြင်း မပြုရန်၊ ချွေတာသုံးစွဲရန်။

၄။ ပွဲလမ်းသဘင်, အဆောက်အဦ, ဆင်မြင်း ယဉ်ရထား စသည်တို့ကို ကြည့်ရှုရန် လွယ်ကူသော်လည်း တရား သိမြင်ရန် ခဲယဉ်းကြောင်း၊ မိဘ ဆရာသမား စသူတို့ စကားကို လိုက်နာရန်နှင့် အကျင့် စာရိတ္တကောင်းမွန်မှ တရားတည်နိုင်ကြောင်း။

၅။ ကောင်းမှု ပြုရန် ခက်ခဲကြောင်း၊ ကောင်းသူသာ ကောင်းမှုပြု၍ ယုတ်မာသူက ကောင်းမှုကို ဖျက်ဆီး ကြောင်း၊ ဓမ္မတရားနှင့် ပတ်သက်သော အမတ်များ ထားကြောင်း၊ ယောနက, ကမ္ဘောဇ စသော တိုင်း ပြည်တို့၌ ဓမ္မတရား ဖြန့်ချိကြောင်း။

၆။ စောဒကတက်ရန် ပဋိဝေဒက ခန့်ထားကြောင်း၊ မိမိ အမိန့်ချပြီး ဖြစ်စေကာ မသင့်လျော်က ပြန်လည် တင် လျှောက်ခွင့်ပေး၍ လောက အစီးအပွားကိုသာ ဆောင် ရွက်လိုကြောင်း။

၇။ မည်သည့် အယူဝါဒကို ယူဆ ယုံကြည်သူမဆို စောင့် စည်းမှုရှိ၍ စင်ကြယ်သော ကျင့်ဝတ်ရှိလျှင် ဂုဏ်ကျေးဇူး သိတတ်ကြောင်း၊ သို့မဟုတ် ယုတ်ညံ့ကြောင်း။

၈။ ကျောင်းကန်ဘုရား လှည့်လည်သွားလာ ဖူးမြော်ခြင်းမှာ မြတ်ကြောင်း၊ ဗောဓိပင်သို့ ဖူးမြင်ရန် ထွက်ကြောင်း၊ သမဏ, ဗြာဟ္မဏတို့နှင့် တွေ့ဆုံကြောင်း။

၉။ လောက မင်္ဂလာထက် ဓမ္မမင်္ဂလာသာ မြတ်ကြောင်း၊ ဓမ္မမင်္ဂလာဟူသည် မိဘ ဆရာသမား စသူတို့၌ အမှန် တရားဖြစ်သော ဝတ်အတိုင်း လိုက်နာခြင်း အကြောင်း၊ ယင်းသည်သာ မျက်မှောက်-တမလွန် အကျိုးဖလကို ရနိုင်စေကြောင်း။

၁၀။ ကျော်စော ထင်ရှားမှုကို မပြုစေကာမူ အတုလိုက်၍ တရားကျင့်ရေး အတွက် လိုလားသဖြင့် ကျော်စော ထင်ရှားမှု ရနိုင်ကြောင်း၊ ဆရာကောင်းနှင့် လုံ့လဝီရိယ ကင်းပါလျှင် ကောင်းမှုပြုရန် ခဲယဉ်းကြောင်း။

၁၁။ ဓမ္မဒါနထက် လွန်မြတ်သော အလှူဒါန မရှိကြောင်း၊ ဓမ္မဒါနဟူသည်မှာ မိဘ ဆရာသမား စသူတို့၌ ဓမ္မ ကျင့်ဝတ်အတိုင်း ကျင့်ခြင်း ဖြစ်ကြောင်း။

၁၂။ ဘာသာဝင် ဟူသမျှ ရှင်လူမရွေး မိမိ လှူဒါန်းပူဇော် ကြောင်း၊ ကိုယ့်အယူဝါဒကိုသာ လေးစား၍ အခြား အယူဝါဒကို မပူဇော်ဘဲ မနေရ၊ မထိမဲ့မြင် မပြုရ ကြောင်း၊ အယူဝါဒချင်း နှီးနှောလိုကြောင်း၊ တဦးနှင့် တဦး ညီညွတ်ရန်လိုကြောင်း။

၁၃။ ကလိင်္ဂပြည်ကို အောင်မြင်ကြောင်း၊ ဤအတွက်သံဝေဂ ဖြစ်ကြောင်း၊ ထိုအောင်မြင် ခြင်းမှာ တရားသဖြင့် အောင်မြင်ခြင်း မဟုတ်ကြောင်း၊ စောင့်စည်းခြင်း, မျှတ မှုရှိခြင်း, နူးညံ့ သိမ်မွေ့ခြင်းတို့ဖြင့် အောင်မြင်မှုသာ ဓမ္မဝိဇယခေါ်ကြောင်း၊ ယောနက စသော နိုင်ငံတို့ကို တရားသဖြင့် အောင်မြင်ခဲ့ကြောင်း၊ ယင်းမှာ ဓမ္မဝိဇယ ဖြစ်၍ မရှုံးသော အောင်မြင်ခြင်း ဖြစ်ကြောင်း။

၁၄။ နှုတ်က ပြောပြသည့်အတိုင်း နိုင်ငံ အနှံ့ အပြားတွင် ကျောက်စာရေးထွင်းစေရသဖြင့် စကားတို့မှာ အကျဉ်း အကျယ် အမျိုးမျိုး ကွဲပြားနေကြောင်း။

ဤသည်တို့ကား ဂိရနာရ, မောလိ, ဇောဂဍ, ကာလသိ, သဟဗာဇုဂရဟိနှင့် မာနသဟာရာ အရပ်တို့၌ တူးဖော်ရရှိသော ကျောက်ပြား ၁၄—ချပ်ပါ ဩဝါဒစကား အကျဉ်းချုပ် တို့ဖြစ်ကုန်၏၊ ထိုမှတပါး ကျောက်ပြားငယ် ၅—ချပ်ရှိသေး၏၊ ထိုကျောက်ပြားငယ်တို့တွင် ထုထွင်းထားသော ဩဝါဒစကား အချုပ်မှာ ဤသို့တည်း—

၁။ အမတ်နှင့် မြို့ကြပ်, မြို့ကွပ်များ ပြည်သူ-ပြည်သားတို့၏ အကျိုးစီးပွားကို လိုလားရမည့် အကြောင်း၊ အယုတ် ဆုံး တဦးတယောက်၏ အကျိုးစီးပွားကိုပင် ဆောင်ရွက် သင့်ကြောင်း၊ အပြစ်ဒဏ်ပေးခြင်းမှာ အများကို ဆင်းရဲ စေကြောင်း၊ မနာလိုခြင်း, မာန်မာနရှိခြင်း, ပျင်းရိခြင်း ဟူသော အယုတ်တရား ရှိသူတို့ အစီးအပွား ဆောင်၍

မဖြစ်ကြောင်း၊ အကျင့်၌ တည်၍ နတ်ပြည်၌ ဖြစ်၍ အကျင့်ပျက်လျှင်အပါယ်ရောက်ကြောင်း၊ဤတရားတို့ကို အမြဲနာယူရမည့် အကြောင်းနှင့် မြို့ရွာ အုပ်ချုပ်သူတို့က ကြီးကြပ်ရမည့် အကြောင်း။

၂။ ပထမ ကျောက်စာကဲ့သို့ပင် ပြည်သူ-ပြည်သားတို့ကို ထောက်ထား ညှာတာ၍ တရားကျင့်ရန် တိုက်တွန်းသည့် အတိုင်း လိုက်နာ ကျင့်ဆောင့်ရန် တိုက်တွန်းကြောင်း။

၃။ မိမိသည် ပထမ ၂-နှစ်ခွဲ ပတ်လုံး သာမည ဥပါသက ဖြစ်၍ အထူး မရှိသော်လည်း နောက်တနှစ်ကျော်သော အခါ ရဟန်းသံဃာတို့၌ ဆည်းကပ်၍ တရား ဗဟုသုတ ရခဲ့ကြောင်း၊ တရား၌ တည်၍ လုပ်သော အလုပ်သည် ရိုးရိုး အလုပ်ထက် နှစ်ဆပိုလွန်ကြောင်း။

၄။ ဤကျောက်ပြား ၂-ချပ် အစွန်း-အစများ ကျိုးပျက်နေ၏၊ ဖတ်၍ရသမျှ စာ၏ အချုပ်မှာ မိဘ ဆရာသမားတို့၌ တရားအတိုင်း ကျင့်ရမည့် အကြောင်းဖြစ်၏။

၅။ မဂဓတိုင်း အတွင်းရှိ သံဃာတော်များထံသွား၍ တရား ဆွေးနွေးကြောင်း၊ အရိယဝံသ အစရှိသော သုတ်တို့ကို သူတော်ကောင်းတရား ရှည်မြင့်စွာတည်စေရန် ရေးသား ကြောင်း။

ဤကျောက်ပြားငယ် ၅-ချပ်ကို မောလိ,ဇောဂဍ,သိဒ္ဓပုရ, သဟသျှရာရာမ်, ရူပနာထ, ဗေရာတနှင့် မသကိ အရပ်တို့၌

တူးဖော်ရရှိ၏၊ ထိုမှတပါး ကျောက်တိုင် ၇-လုံးရှိသေး၏၊ ထိုကျောက်တိုင်တို့၌ ရေးထုထားသော ဩဝါဒ အချုပ်ကား ဤသို့တည်း—

၁။ မျက်မှောက် တမလွန် နှစ်တန်သော ဘဝ၏ တိုးတက်ကြီးပွားရေးကို သာမန် လိုလားကာမျှ ဆင်ခြင်ဉာဏ်ရှိကာမျှ လိုက်နာကာမျှဖြင့် မရနိုင်ကြောင်း၊ တရားအကျင့်သာလျှင် တိုးတက် ကြီးပွားနိုင်ကြောင်း။

၂။ တရား၌ ကောင်းစွာ ကျင့်ခြင်း ဟူသည် တရားအသစ်ပွားစီးစေခြင်း ဖြစ်ကြောင်း၊ ထိုကြောင့် တရားအသစ်တိုးတက်မှုကို ပြုသည်မည်ကြောင်း။

၃။ ကောင်းမှုအတွက် ကောင်းကျိုးကို မြော်လင့် သကဲ့သို့ မကောင်းမှု ပြုကလည်း မကောင်းကျိုး ရမည်ဟု သိသင့်ကြောင်း၊ ကောင်းမှု၌ မာန် မာန ဣဿာတရားတို့ မရှိသင့်ကြောင်း။

၄။ တိုင်းပြည်၌ တရားသဖြင့် ဖြစ်စေမှုမှာ မင်း၏ တာဝန်ဖြစ်သော်လည်း အုပ်ချုပ်သူ မှူးမတ်တို့လည်း တာဝန်ရှိကြောင်း၊ မတိုက်မခိုက် အပြစ်ဒဏ် ပေးခြင်း မများစေဘဲ အလယ် အလတ် လမ်းကိုသာ လိုက်သင့်ကြောင်း။

၅။ သတ္တဝါများကို ညှဉ်းဆဲ သတ်ဖြတ်ခြင်းမပြုရ၊ ဘေးမဲ့ပေးကြောင်း၊ တောမီး မရှို့ရကြောင်း၊ သက်ရှိသတ္တဝါချင်း မတိုက်ခိုက်ရ၊ သတ္တဝါတကောင်ကို သတ္တဝါ တကောင်အား မကျွေးရ၊ အသက် မသတ်ရသောနေ့ရက်များ။

၆။ မိမိတရားပွားစီးရန် ပြုလုပ်ပုံ၊ မိမိ ကိုယ်တိုင် တရားကျင့်၍ ဆွေမျိုး မိတ်သင်္ဂဟ စသူတို့၌တရားကျင့်ပုံ။

၇။ တိုင်းပြည်၌ တရား ပြည့်ဝသူများဖြစ်စေရန် ဖြစ်မြောက်နိုင်ခဲ့ခြင်း, မိမိတရားကျင့်ဝတ်နှင့် ပြည့်စုံစေရန် တရားနာခြင်း, တရားဟောခြင်း ပြုလုပ်ကြောင်း၊ ဒါနမှု စသည်တို့မှာ အရေးမကြီးလှသော ကောင်းမှု ဖြစ်စေကာမူ တရား လမ်းကြောင်း ပွင့်လင်းရန် ဖော်ပြသင့်ကြောင်း၊ မိမိကိုယ်တိုင်၏ ကောင်းမှုနှင့် သားမယားဆွေမျိုးတို့၏ ကောင်းမှုများကို ထင်ရှားဖော်ပြစေကြောင်း၊ ကောင်းမှု ဖြစ်စေရန်မှာ ပင်ကိုယ် သဘာဝနှင့် တိုက်တွန်းခြင်း ဟူ၍ နှစ်မျိုးကြောင့် ဖြစ်စေခြင်း, အလိုအလျောက် ကောင်းမှု ဖြစ်ရေးမှာ နည်းပါး၍ တိုက်တွန်းခြင်းကြောင့် အဖြစ်များကြောင်း၊ မိမိသည် နှစ်မျိုးစုံဖြင့်ပင် ကောင်းမှုဖြစ်စေခြင်း စသည် ဖြစ်ကြောင်း။

ဤကျောက်တိုင် ၇-လုံးကို ဒေဟလိသိဝလိက, ဒေဟလိမိတရ, လေဟာဗဒ်, ရမိယ, လောရိယအရရာ, မထိယာနှင့် ရာမပုရတို့တွင် တူးဖော်ရရှိကုန်၏၊ ထိုမှတပါးလည်း ကျောက်တိုင်ငယ် ၇-လုံး ရှိသေး၏။ ထိုတွင် ထုထွင်း ထားသော ဩဝါဒ အချုပ်ကား ဤသို့တည်း—

၁။ မြတ်စွာဘုရား ဖွားမြင်တော်မူရာ လုမ္ဗိနီသို့လာရောက် ဖူးမျော်၍ ကျောက်တိုင် တည်ထားခဲ့ခြင်းအကြောင်း။

၂။ ကောနာဂုံ ဘုရားရှင်၏ စေတီတော်ကို ဖူးမျှော်ပူဇော်၍ ထပ်မံ ပြင်ဆင်ခဲ့ခြင်း အကြောင်း။

၃။ ရဟန်း သံဃာတို့ကို လုပ်ကျွေးပြုစုရန် အဝတ်ဖြူဝတ် ဥပါသကများ ထားကြောင်း၊ ထိုသူတို့ ပြုရမည့် ဝတ်တရားများအကြောင်း။

၄။ ဤကျောက်တိုင်မှာ ပျက်စီးနေ၏။

၅။ ဤကျောက်တိုင်လည်း ပျက်စီးနေ၏။

၆။ အသောကမင်းကြီးနှင့် ဒုတိယ မိဘုရားကြီး၏ ကုသိုလ်ဖြစ်သော အမ္ဗဝဆိုကာရာမကျောင်း ဆောက်လုပ်ခြင်း အကြောင်း။

၇။ လိုဏ်ဂူ ပြုလုပ်၍ အာဇီဝက တဦးအား လှူခြင်း အကြောင်း။

ဤ ကျောက်တိုင်ငယ် ၇-လုံးကို နိဂလိဗာ, လုမ္ဗိနိဒေဝိ, လောဟာဗဒ်, လောရိယာအရရာဇနှင့် လောရိယာနန္ဒဂါရိယတို့မှ တူးဖော်ရရှိ၏၊ ဤသည်တို့ကား အသောကကျောက်စာ ၃၅-ခုမှ အမ်ပွားငယ် အချုပ်တို့ဖြစ်ကုန်၏၊ ဤတွင် အထူးကောက်နှုတ်ဖော်ပြလိုသည်မှာ ကျောက်ပြားငယ် ၅-ချပ် အနက်မှ ပဉ္စမမြောက် ကျောက်ပြားငယ်ပါ အကြောင်းအရာတို့ဖြစ်၏၊ ဤကျောက်စာကိုမူ မူလ ကျောက်စာ ဘာသာကိုပါ မြန်မာအက္ခရာသို့ ပြောင်းလဲဖော်ပြပြီး အပြည့် အစုံ မြန်မာဘာသာသို့ ပြန်ဆိုပါမည်၊ မူလကျောက်စာမှာ အသောကခေတ် အိန္ဒိယနိုင်ငံသုံး

ဘာသာဖြစ်၍ အတန်ကြိုးစားဖတ်ရပေမည်၊ စင်စစ်ရှေးဟောင်း ကျောက်စာဟူက မလွယ်လှသည်သာ များ၏၊ မြန်မာဘာသာ ပင်ဖြစ်သော်လည်း ရှေးဟောင်း မြန်မာကျောက်စာကို ယနေ့ မြန်မာတို့အတွက်ပင် အဖတ်ရခက်နေ၏၊ လူအချို့သာ အထူး လေ့လာ၍ အသင့်အသင့် ဖတ်ရှုနိုင်ကြ၏၊ ဤကား အသောက ခေတ် အိန္ဒိယ နိုင်ငံသုံး ဘာသာဖြစ်၏၊ ထို့ကြောင့် အတန် ခက်နေမည်မှာ ယုံမှားဖွယ်ရာမရှိပေ၊ သို့ရာတွင် ဤကျောက်စာ မှာ ဤစာအုပ်နှင့် ပတ်သက်နေသဖြင့် အပြည့်အစုံပင် ဖော်ပြ လိုက်ရခြင်းဖြစ်၏။

## ၃

ပိယဒဿိ လာဇာ မာဂဓံ သံဃံ အဘိဝါဒနံ အာဟ,
အာပါဗာဓတံစ ဖာသု ဝိဟာလတံစ ဝိဒိတေ,
ဝေ ဘံတေ အာဝကေ ဟမာဗုဓသိ ဓံမသိ,
သံဃသိတိ ဂလဝေစ ပသာဒေစ၊ ဧကိံ စိ,
ဘံတေ ယာဝတာ ဗုဓေန ဘာသိတေ, သဝေသေ
သုဘာသိတေ ဝါ, ဧစု ခေါ ဘံတေ ဟမိယာ
ယေဒိသေ ယာ, ဟေဝံ သဓမေ စိလဋ္ဌိတိကေ
ဟောသတီတိ၊ အလဟာမိ ဟကံ တံ ဝတဝေ၊
ဣမာနိ ဘံတေ ဓံမ ပလိယာယာနိ ဝိနယသမုကသေ
အလိယဝသာနိ, အနာဂတဘယာနိ, မုနိဂါတာ,
မောနေယ သူတေ, ဥပတိသပသိနေ ဧ-စ,
လာဃုလောဝါဒေ မုသာဝါဒံ အဓိဂိစျ ဘဂဝတာ
ဗုဓေန ဘာသိတေ ဧတာနိ ဘံတေ ဓံမပလိယာ
ယာနိ ဣဆာမိ, ကိံတိ ဗဟုကေ ဘိခုပါယေစ
ဘိခုနိယေစ အဘိခိနံ သုနယုစ, ဥပဓာလေယသုစ၊
ဟေဝံ မေဝ ဥပါသကာစ ဥပါသိကာစ၊
ဧတေနိ ဘံတေ ဣမံ လိခါပယာမိ,
အဘိဟေတံ မ ဇာနံတ-တိ။

ပိယဒဿီ အမည်ရှိသော မင်းကြီးသည် မဂဓတိုင်း သံဃာများအား ရှိခိုးလျက် အနာရောဂါ ကင်းခြင်း, ချမ်းသာစွာ နေရခြင်းကို မေးလျှောက်၏၊ ထိုအကြောင်းကို သိရပြီးနောက် "အရှင်တို့ အကျွန်ုပ်သည် ဘုရား,တရား,သံဃာ၌ အလွန်ကြည်ညို မြတ်နိုးပါသည်၊ အရှင်တို့ ဗုဒ္ဓ ဟောကြားသော ဓမ္မတရား အားလုံးပင် ကောင်းစွာ ဟောကြားခြင်း ဖြစ်ပါသည်၊ အရှင်တို့ ထိုဓမ္မတရားတို့ အနက်မှ သူတော်ကောင်းတရား ကြာမြင့်စွာ တည်တန့်နိုင်ကြောင်း ဖြစ်၍ အကျွန်ုပ် ကိုယ်တိုင်လည်း ကျင့်ဆောင်နိုင်မည့် ဓမ္မတရားကို ဟောကြားတော်မူကြပါ၊ အရှင်တို့ ဝိနယကျင့်စဉ်အဖြစ် ဟောကြားသော အရိယဝံသသုတ်, အနာဂတ ဘယသုတ်များ, မုနိဂါထာ, မောနေယျသုတ်, ဥပတိဿပသိဒ္ဓန သုတ်, မုသာဝါဒနှင့် ပတ်သက်သော ရာဟုလောဝါဒသုတ်— အရှင်တို့ ဤဓမ္မတရားတို့ကို မည်သို့လျှင် ဘိက္ခု, ဘိက္ခုနီတို့ မပြတ်နာယူ ဆောင်ရွက်ကြမည်နည်း၊ ဥပါသက, ဥပါသိကာ အပေါင်းတို့လည်း ထိုအတူ မည်သို့လျှင် မပြတ် နာယူ ဆောင်ရွက်ကြမည်နည်းဟု အကျွန်ုပ် အလိုဆန္ဒ ရှိပါသည်၊ အရှင်တို့ ဤဓမ္မတရားတို့နှင့် ပတ်သက်၍ ဤ ယခု လျှောက်ကြားချက်ကို ရေးသားစေပါမည်၊ သို့ဖြင့် အကျွန်ုပ်၏

အလိုဆန္ဒကို အများသိကြပါလိမ့်မည်-" ဟု
လျှောက်ကြား၏။

ဖော်ပြပါ အသောက ကျောက်စာမှ 'ဝိနိယ သမုကသေ'ကို ဝိနိယကျင့်စဉ်အဖြစ် ဟောကြားသောဟု ပြန်ဆိုလိုက်ပါသည်၊ အသောက ကျောက်စာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူ ဗွီအေ ဆမစ်ဆိုသူက ဝိနိယ သမုကသေ ဟူသော စကားမှာ ဓမ္မစကြာနှင့် ဥဒါန်းပါဠိတော် ဖြစ်သင့်ကြောင်း ညွှန်ကြား၏၊ ယင်း အယူအဆကို ဗင်္ဂလီ ပညာရှိ ရာဓာကုမုဒ် မူကာဂျီက ထောက်ခံပြီး ထို့မှတပါး သိင်္ဂါလောဝါဒ သုတ်ကိုလည်း ယူနိုင်ကြောင်း ဖြည့်စွက်ပေး၏၊ သူတို့နှစ်ဦးလုံး၏ အယူအဆကို- "၎င်းတို့သည် သဒ္ဒတ္ထ-ပဒတ္ထမျှကို ကြည့်ရှုကြံစည်ခြင်းတို့သာ ဖြစ်ကုန်၏။ မှချမူကား ဝိနိယ သမုကသေ - ဝိနယ သာမုက္ကံသေ- ဝိနည်းပိဋကတ်တော်၌- ဝါ- ဝိနိယ သာမုက္ကံသာနိ-အဆုံး အမကို ပြဆို ဟောကြားရာ ဖြစ်ကုန်သောဟု ပြန်ဆိုရာ၏-" ဟု အရှင်အာဒိစ္စဝံသ ငြင်းပယ်ပြီး သူ၏ အယူအဆကို ရှင်းပြ၏၊ အရှင်၏ အယူအဆကို မိမိလည်း နှစ်သက်၏၊ ထို့ကြောင့် ဝိနိယ သမုကသေကို 'ဝိနိယကျင့်စဉ်အဖြစ် ဟောကြားသော-" ဟု အနက် မြန်မာပြန်ဆိုလိုက်ခြင်း ဖြစ်၏။

အသောက မင်းကြီး ညွှန်ကြားသော သုတ်တို့မှာ ဆိုခဲ့သည့် အတိုင်း အမျိုးအစားအားဖြင့် ၆-မျိုးရှိ၏၊ အရေအတွက် အားဖြင့်ကား ၁၂-သုတ်ဖြစ်၏၊ အကြောင်းကား အနာဂတ ဘယသုတ်များမှာ ယင်းအမည်ဖြင့် ၄-သုတ်တွေ့ရ၏၊ မုနိဂါထာ ကိုလည်း ဓမ္မပဒ၌၎င်း, သုတ္တနိပါတ်၌၎င်း တွေ့ရ၏၊ ထိုနှစ်ခု

လုံးပင် ဤတွင် သက်ဝင်နိုင်၏၊ ဥပတိဿပသိဒနသုတ် ဟူသော အမည်ကိုကား ပိဋကတ်သုံးသွယ် နိကာယ်ငါးရပ်တွင် ရှာ၍ မရချေ၊ သဘောကိုထောက်၍ သရုပ်ထုတ်ကြရ၏၊ ဥပတိဿမှာ ရှင်သာရိပုတ္တ၏ ငယ်မည်ဖြစ်၏၊ ပသိဒနမှာ ကြည်ညို ရှင်လန်း ဝမ်းမြောက်ခြင်း ဖြစ်၏၊ ပိဋကတ်သုံးသွယ် နိကာယ် ငါးရပ်တွင် သာရိပုတ္တသုတ် အများအပြား ရှိ၏၊ ထိုတွင် သာရိပုတ္တ ကြည်ညိုသော—ကြည်ညိုစေသော သုတ်တို့မှာ သံယုတ်တွင် သုစိမုခီသုတ်၊ ဒီဃနိကာယ်တွင် သမ္ပသာဒနီယသုတ်နှင့် သုတ္တနိပါတ်တွင် သာရိပုတ္တသုတ်တို့ ဖြစ်ကုန်၏၊ ထို့ကြောင့် အသောက မင်းကြီး ညွှန်ကြားသော သုတ် ၆-မျိုးမှာ အရေ အတွက်အားဖြင့် ၁၂-သုတ်ရှိခြင်း ဖြစ်၏။

၄

‘‘**အသောက မင်းကြီး ညွှန်ကြားသောသုတ်တို့ကို ပါဠိနှင့် ဘာသာပြန် နှစ်ရပ် ပေါင်းစပ်ပြီး ဘာသာရေးဆိုင်ရာ လိုက်နာဖွယ် လမ်းစဉ် ပြုလုပ်ပေးပါလျှင် အလွန်ကောင်း ပေမည်-**’’ ဟု အသောကကျောက်စာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူ ‘ဆမစ်’ က အကြံပေး၏၊ အလွန်ကောင်းသော အကြံပင်ဖြစ်၏၊ ၁-ပါဠိစာမူ၊ ၂-ပါဠိအတိုင်း အတိအကျ ဘာသာပြန်၊ ၃-အကျဉ်းချုပ် ဘာသာပြန်နှင့် ၄-ဆိုလိုချက် အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့ဖြင့် တန်ဆာဆင်နိုင်၏၊ သို့ရာတွင် ထိပ်ဆုံးက ပါဠိဘာသာ ခံနေသဖြင့် တပ်လန်သွားမည်လည်း စိုးရ၏၊ ဤလုပ်ငန်း အောင်မြင်စေရန် အတွက် စာအုပ်ထုတ်ဝေ

သူ၏ စွန့်စားခန်းလည်း လို၏၊ စာရှုသူတို့၏ ရင့်ကျက်မှုလည်း လို၏၊ ထိုနှစ်ရပ် ပေါင်းစပ်မိပါမှ အောင်မြင်နိုင်ပေမည်၊ ယခုအခါမှာ သူတို့ကို ချော့၍ ကိုင်နေရသေး၏၊ ထုတ်ဝေသူလည်း တတ်နိုင်အောင်, စာရှုသူတို့လည်း ဖတ်နိုင်အောင် သွေးဆောင်နေရသေး၏။

မိမိသည် ပါဠိတော် ဂါထာတို့ကိုမူ တတ်နိုင်သမျှ အတိအကျ ပြန်ဆိုပါသည်၊ ရှေးဆရာတို့သည် ယင်းတို့ကို အဋ္ဌကထာ, ဋီကာ အဖွင့်တို့ဖြင့် ညှိ၍ ပြန်ဆိုကြ၏၊ ထိုအစဉ်အလာမှုမှာ ပြည့်စုံကြွယ်ဝ ကောင်းမြတ်လှသော်လည်း မူလကို အတိအကျ သိရန်အတွက် ခက်သွား၏၊ ထိုပြင် စာရှုသူ၏ အသိဉာဏ် ကျက်စားရေးကိုလည်း ကန့်သတ်ပေးရာရောက်၏၊ နမူနာအဖြစ် မုနိသုတ် ဂါထာတပုဒ်ကို ထုတ်၍ ကြည့်ပါဘိ—

သန္ထဝါတော ဘယံ ဇာတံ,
နိကေတာ ဇာယတေ ရဇော၊
အနိကေတ - မသန္ထဝံ,
ဧတံ ဝေ မုနိ ဒဿနံ။

ယင်း ဂါထာ၏ အနက် အတိအကျမှာ— “ပေါင်းသင်းဆက်ဆံမှုကြောင့် ဘေး ဖြစ်၏၊ အိမ်မှ မြူဖြစ်၏၊ အိမ်မရှိ-ပေါင်းသင်း ဆက်ဆံမှု မရှိခြင်းကို မုနိ မြင်၏” ဖြစ်၏၊ ယင်းကို ရှေးဆရာတို့ ဤသို့ ဖွင့်ပြ ပြန်ဆိုကြ၏။

> တဏှာ ဒိဋ္ဌိဟူသော ပေါင်းသင်းဆက်ဆံမှုကြောင့် ကိလေသာ ဘေးဖြစ်ရ၏၊ အာရုံခြောက်ပါး တည်းဟူသော အိမ်မှ ကိလေသာမြူ ဖြစ်ရ၏၊ ကိလေသာအိမ် မရှိသော ပေါင်းသင်း ဆက်ဆံမှု မရှိသော ဤနိဗ္ဗာန်ကို ဘုရားတည်း ဟူသော မုနိသည် မြင်စွမ်းနိုင်ပေစွတကား။

ပါဠိလို သန္ထဝမှာ ပေါင်းသင်းဆက်ဆံမှုဖြစ်၏၊ ယင်းကို အဋ္ဌကထာ, ဋီကာ ဆရာတို့က တဏှာ ဒိဋ္ဌိဟု ဖွင့်ကြ၏၊ ထိုကြောင့် ရှေးဆရာတို့သည် တဏှာဒိဋ္ဌိဟူသော ပေါင်းသင်း ဆက်ဆံမှုဟု ပြန်ဆိုကြခြင်းဖြစ်၏၊ ဖြစ်နိုင်သော်လည်း ပါဠိမူရင်း အတိုင်း သိရန်ကား မလွယ်ချေ၊ ထိုအတူ သာယံ ဘေးကိုလည်း ကိလေသာဘေးဟု ဖွင့်ဆို၏၊ အိမ်ဖြစ်သော နိကေတကိုလည်း အာရုံခြောက်ပါးတည်းဟူသော အိမ်,မြူဖြစ်သော ရဇကိုလည်း ကိလေသာမြူ စသည်ဖြင့် ဖွင့်ဆို၏၊ အဋ္ဌကထာ, ဋီကာတို့ကား သီးခြားဖွင့်ဆိုကြ၍ မူလပါဠိနှင့် ရှုပ်ထွေးရန်မရှိချေ၊ မြန်မာပြန် တို့ကား မူလပါဠိတွင် ရောနှောထား၍ မူလနှင့် အဖွင့် ခွဲခြား မရနိုင်ချေ၊ ထိုကြောင့် မိမိသည် မူလပါဠိ ဂါထာတို့ကို အတတ်နိုင်ဆုံး တိတိ-ကျကျ ပြန်ဆိုခြင်းဖြစ်ပါ၏။

ပါဠိစကားပြေ၏ ပုံစံမှာ ဟန်တမျိုးဖြစ်၏၊ စကားတရပ်ကို ဆိုစရာရှိ၍ ဆိုသင့် ဆိုထိုက်က အထပ်ထပ် ပြန်၍ဆို၏၊ အနက်အဓိပ္ပာယ်တူ စကား တရပ်ကို အထပ်ထပ် ပြန်၍ ဖတ်ရသည်မှာ လွန်စွာ ငြီးငွေ့ဖွယ်ကောင်း၏၊ ထိုကြောင့် မိမိသည် အနက်အဓိပ္ပာယ်တူသော စကားရပ်တို့ကို ပေါင်းစပ်

ပေးလိုက်ပါသည်၊ သို့ဖြင့် အတော်ပင် စကားကျဉ်းသွားပါသည်၊ သို့ရာတွင် ဆိုလိုချက် အနက် အဓိပ္ပာယ်ကား ပျက်ယွင်းခြင်း မရှိပါ၊ စကားတရပ်မှာ အကြိမ်ကြိမ် အခါခါ ထပ်၍ ဆိုနေခြင်းကို တခါသာဆိုခြင်းဖြစ်၏၊ အကယ်၍ ပါဠိတော်မူအတိုင်း လေ့လာလိုကလည်း အလွယ်တကူ ရှာဖွေလေ့လာနိုင်စေရန် ဘာသာပြန်ပြီးသော သုတ်တိုင်း၏ အောက်တွင် ကျမ်းစာ၏ အမည်ကို ဖော်ပြထားပါသည်၊ ဤအမည်ဖြင့် မူလကျမ်းစာကို လွယ်ကူစွာရှာဖွေ လေ့လာနိုင်ပါသည်။

မြတ်စွာဘုရား ဟောကြားသော တရားတို့မှာ အများအပြားပင် ရှိကုန်၏၊ ပိဋကသုံးသွယ်,နိကာယ်ငါးဖြာ,အင်္ဂါကိုးတန်, ဓမ္မက္ခန် ရှစ်သောင်းလေးထောင်တို့ ဖြစ်ကုန်၏၊ ထိုတွင် မန်လည် ဆရာတော်နှင့် အသောကမင်းသည် ရှင်လူတို့နှင့် သင့်လျော် လျောက်ပတ် ကောင်းမြတ်မည် ထင်သော အချို့သော သုတ်တို့ကို အသီးသီးဖော်ထုတ်ပေးကြ၏၊ လူတို့တွင် အသောကမင်းကြီးသည် သာသနာပြု အဖြစ်ဖြင့် ကမ္ဘာတလွှားတွင် အလွန်ထင်ရှား၏၊ ဗုဒ္ဓသာသနာကို အထိရောက်ဆုံး ထောက်ပံ့ကျေးဇူးပြုခဲ့၏၊ ဗုဒ္ဓ သာသနာနှင့် ပတ်သက်၍ သူ့အား တကမ္ဘာလုံးက လေးစားစွာ အသိအမှတ်ပြုကြ၏၊ ထို့ကြောင့် သူညွှန်ကြားသော သုတ္တန် များကိုလည်း စင်စစ် လေးစားရမည်သာ ဖြစ်၏၊ ထိုပြင် မြန်မာ နိုင်ငံ ဗုဒ္ဓသာသနာဝင်၌လည်း မန်လည်ဆရာတော်သည် ထင်ပေါ် ကျော်ကြား သူသိများ၏၊ သူ၏ အဆို အမိန့်တို့မှာ လေးနက် ထိမိသောကြောင့် ဖြစ်၏၊ ထို့ကြောင့် သူညွှန်ကြားသော သုတ္တန် များကိုလည်း စင်စစ် ဦးထိပ်ထားရပေမည်။

သူတို့နှစ်ဦး ညွှန်ကြားသော သုတ္တန်တို့မှာ မများလှပါ၊ အသင့်အတင့်သာဖြစ်၏၊ ဆိုခဲ့သည့်အတိုင်း မန်လည်းဆရာတော် ညွှန်ပြသော သုတ္တန်မှာ ငါးသုတ်သာရှိ၏၊ အသောကမင်းကြီး ညွှန်ပြသော သုတ္တန်မှာလည်း ခြောက်မျိုး ဆဲ့နှစ်သုတ်သာရှိ၏၊ စင်စစ် အသင့်အတင့်သာလျှင် သင့်တင့်သည် မဟုတ်ပါလော၊ မိမိ လေ့လာ လိုက်နာကျင့်ဆောင်မှု မပြုနိုင်သော အများအပြားထက် မိမိလေ့လာနိုင်သော အနည်းငယ်က အကျိုးကျေးဇူး ဖြစ်နိုင်၏၊ တဖန်လှည့်ယဉ်ကူစွာ လေ့လာနိုင်စေရန် စီစဉ်ပေးပြုန်၏၊ ချမ်းသာစွာ နေထိုင် အိပ်စက် ဝတ်ဆင် စားသောက်နိုင်စေရန် နေအိမ် အိပ်ရာ နေရာ အဝတ်တန်ဆာ အစားအသောက်တို့ကို အသင့် ပြင်ဆင်ပေးသကဲ့သို့ပင် မိမိ အလိုအတိုင်း ကြည့်ရှုလေ့လာ၍ အကျိုး စီးပွား များကြပါစေသတည်း။

* * *

# ၁—အရိယဝံသသုတ်

ဘိက္ခုတို့ အရိယာတို့ ကျင့်စဉ်တရား လေးပါးရှိကုန်၏၊ ယင်းတရားတို့ကို မြင့်မြတ်သော တရားဟု မှတ်သားအပ်ကုန်၏၊ ရှေးအခါကပင် ထင်ရှားလျက် အစဉ်မပျက်သော ကျင့်စဉ်ဟု သိအပ်၏၊ အစဉ်အလာ ရိုးရာ တရားတို့ဖြစ်၍ နောက်ပေါ် တရားတို့နှင့် ရောနှောခြင်း မရှိကုန်၊ ရောဂစသည် ငြိမ်းအေး ကြောင်း ကျင့်သူ၊ အကုသိုလ်တရားပယ်ရှားသူနှင့် ပညာရှိများ ဤတရားကို မစွန့်ပယ်ကြချေ၊ ထိုတရား လေးပါးတို့ကား အဘယ်နည်း—

ဘိက္ခုတို့ ဤသာသနာ၌ တစုံတယောက်သည် ရသမျှသော အဝတ် သင်္ကန်းဖြင့် တင်းတိမ် ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ် ကျေးဇူးကို ချီးကျူး၏၊ အဝတ် သင်္ကန်းနှင့်စပ်၍ မသင့်တော် သော ရှာဖွေမှုကို မပြု၊ အဝတ် သင်္ကန်း မရ၍လည်း စိတ်မပျက်၊ ရသော အဝတ် သင်္ကန်းကိုလည်း တွယ်တာ မက်မောခြင်း မရှိဘဲ ဆင်ခြင်ကာ လွတ်မြောက်မှုကို ရှေးရှု သုံးစွဲ၏၊ ဤသို့

ရသမျှ အဝတ်သင်္ကန်း၌ တင်းတိမ် ရောင့်ရဲသော အကျင့်ဖြင့် မိမိလည်း မတက်ကြွ၊ သူတပါးကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယာကျင့်စဉ်၌ လုံ့လ ဝီရိယ ဉာဏ်ပညာ ထင်ရှားရှိသူကို ရှေးအစဉ်အလာ အထွတ်အမြတ် ဖြစ်သော အရိယာကျင့်စဉ်၌ တည်သော ဘိက္ခုဟု ဆိုအပ်၏။

ဘိက္ခုတို့ ထိုပြင် ဤသာသနာ၌ တစုံ တယောက်သည် ရသမျှသော အစားအသောက်ဖြင့် တင်းတိမ် ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး၏၊ အစားအသောက်နှင့်စပ်၍ မသင့်တော်သော ရှာဖွေမှုကို မပြု၊ အစားအသောက် မရ၍လည်း စိတ်မပျက်၊ ရသော အစားအသောက်ကိုလည်း တွယ်တာ မက်မောခြင်း မရှိဘဲ ဆင်ခြင်ကာ လွတ်မြောက်မှုကို ရှေးရှု သုံးဆောင်၏၊ ဤသို့ ရသမျှ အစားအသောက်၌ တင်းတိမ် ရောင့်ရဲသော အကျင့်ဖြင့် မိမိလည်းမတက်ကြွ၊ သူတပါးကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယာ ကျင့်စဉ်၌ လုံ့လ ဝီရိယ ဉာဏ်ပညာ သတိတရား ထင်ရှားသူကို ရှေးအစဉ်အလာ အထွတ်အမြတ်ဖြစ်သော အရိယာကျင့်စဉ်၌ တည်သော ဘိက္ခုဟု ဆိုအပ်၏။

ဘိက္ခုတို့ ထိုပြင် ဤသာသနာ၌ တစုံ တယောက်သည် ရသမျှသော ကျောင်း,အိပ်ရာ-နေရာဖြင့် တင်းတိမ် ရောင့်ရဲ၏၊ ရောင့်ရဲခြင်း၏ ဂုဏ်ကျေးဇူးကို ချီးကျူး၏၊ ကျောင်း, အိပ်ရာ-နေရာနှင့်စပ်၍ မသင့်တော်သော ရှာမှီးခြင်းကို မပြု၊ ကျောင်း, အိပ်ရာ-နေရာ မရ၍လည်း စိတ်မပျက်၊ ရသော ကျောင်း,

အိပ်ရာ-နေရာကိုလည်းတွယ်တာမက်မောခြင်း မရှိဘဲ ဆင်ခြင်ကာ လွတ်မြောက်မှုကို ရှေးရှု သုံးစွဲ၏၊ ဤသို့ ရသမျှ ကျောင်း, အိပ်ရာ-နေရာ၌ တင်းတိမ် ရောင့်ရဲသော အကျင့်ဖြင့် မိမိလည်း မတက်ကြွ၊ သူတပါးတို့ကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယာ ကျင့်စဉ်၌ လုံ့လ ဝီရိယ ဉာဏ်ပညာ သတိတရား ထင်ရှားသူကို ရှေးအစဉ်အလာ အထွတ်အမြတ် ဖြစ်သော ကျင့်စဉ်၌ တည်သော ဘိက္ခုဟု ဆိုအပ်၏။

ဘိက္ခုတို့ ထို့ပြင် ဤသာသနာ၌ တစုံတယောက်သည် ကိုယ်စိတ်ကို ပွားစေခြင်း၌ မွေ့လျော်ပျော်ပိုက်၏၊ အကုသိုလ် စိတ်တို့ကို ပယ်ခြင်း၌ မွေ့လျော်ပျော်ပိုက်၏၊ ထိုသို့ မွေ့လျော် ပျော်ပိုက်ခြင်းတို့ဖြင့် မိမိလည်း မတက်ကြွ၊ သူတပါးတို့ကိုလည်း မနှိမ့်ချ၊ ဘိက္ခုတို့ ဤသို့သော အရိယာကျင့်စဉ်၌လုံ့လ ဝီရိယ ဉာဏ်ပညာ သတိတရား ထင်ရှားသူကို ရှေးအစဉ်အလာ အထွတ်အမြတ်ဖြစ်သော ကျင့်စဉ်၌ တည်သော ဘိက္ခုဟု ဆိုအပ်၏။

ဘိက္ခုတို့ ဤအရိယာ ကျင့်စဉ်တရားတို့သည် လေးပါး ရှိကုန်၏၊ ယင်းတရားလေးပါးတို့ကို မြင့်မြတ်သော တရားဟု သိမှတ်အပ်ကုန်၏၊ ရှေးအခါကပင် ထင်ရှားလျက် အစဉ် မပျက်သော ကျင့်စဉ်ဟု သိအပ်၏၊ အစဉ်အလာရိုးရာ တရား တို့ဖြစ်၍ နောက်ပေါ်တရားတို့နှင့် ရောနှောခြင်း မရှိကုန်၊ ရာဂ စသည် ငြိမ်းအေးကြောင်းကျင့်သူ, အကုသိုလ်တရား ပယ်ရှား သူနှင့် ပညာရှိများသည် ဤတရားတို့ကို မစွန့်ပယ်ကြချေ။

ဘိက္ခုတို့ ဤအရိယာ ကျင့်စဉ်တရားလေးပါးနှင့် ပြည့်စုံသူသည် အရှေ့, အနောက်, တောင်, မြောက်-မည်သည့် အရပ်၌နေသည်ဖြစ်စေ မမွေ့လျော်ခြင်းကို လွှမ်းမိုးနှိပ်စက်နိုင်၏၊ မမွေ့လျော်ခြင်းက သူ့ကို မလွှမ်းမိုး မနှိပ်စက်နိုင်၊ ဘိက္ခုတို့ အကြောင်းကား သူသည် မြဲမြံသော လုံ့လ ဝီရိယနှင့် ပြည့်စုံသည်ဖြစ်၍ မမွေ့လျော်ခြင်း, မွေ့လျော်ခြင်းကို ခုခံနိုင်သောကြောင့် ဖြစ်လေသည်။

စတုက အင်္ဂုတ္တရ ဥရုဝေလဝဂ် အဋ္ဌမသုတ်

*　　　*　　　*

## ၂-အနာဂတ ဘယသုတ်များ

### ပထမ

ဘိက္ခုတို့ တောနေ ယောဂီသည် မရောက်သေးသော တရားအထူးသို့ ရောက်ရန်, မရသေးသော တရားအထူးကို ရရန်, မျက်မှောက် မပြုရသေးသော တရားအထူးကို မျက်မှောက်ပြုရန် အနာဂတ်ဘေး ငါးမျိုးကို ဆင်ခြင်လျက် မမေ့-မလျော့ လုံ့လစိုက်သင့်၏၊ အဘယ်ငါးမျိုးတို့နည်း—

ဘိက္ခုတို့ ဤသာသနာ၌ တောနေ ယောဂီသည် ဤသို့ ဆင်ခြင်ရာ၏၊ "ယခုအခါ ငါသည် တဦးတည်း တော၌နေ၏၊ (၁) ငါ့ကို မြွေကင်း ကိုက်ရာ၏၊ (၂) မတော်တဆ လဲကျရာ၏၊ အစာမကြေသော် ဖြစ်ရာ၏၊ သည်းခြေ သလိပ်သော် ပျက်ရာ၏၊ လေသော် ဖြတ်ရာ၏၊ (၃) ငါသည် ခြင်္သေ့ သစ်ကျား ဝက်ဝံ အောင်းနှင့်သော်လည်း တွေ့ကြုံရာ၏၊ သူတို့သည် ငါ့ကို ကိုက်သတ်ရာ၏၊ (၄) ငါသည် ခိုးသား ထားပြတို့နှင့် တွေ့ဆုံမိရာ၏၊ သူတို့သည် ငါ့ကို သတ်ဖြတ်ကုန်ရာ၏၊

(၅) တော၌ ဆိုးသွမ်းကြမ်းကြုတ်သော ဘီလူး သူရဲ သူဖက်တို့ ရှိကုန်၏၊ သူတို့ ငါ့ကိုသတ်ဖြတ်ကုန်ရာ၏၊ သို့ဖြင့် သေလွန်ခဲ့မူ မရသေးသော တရားအထူးကို ရရောက် မျက်မှောက်ပြုရန် အားထုတ်အံ့-”၊ ဘိက္ခုတို့ ဤသို့ အနာဂတ်ဘေး ငါးမျိုးကို တွေးဆဆင်ခြင်လျက် မမေ့မလျော့ လုံ့လ စိုက်သင့်လှပေသည်။

ဘိက္ခုတို့ ဤငါးမျိုးသော အနာဂတ် ဘေးကို ရှုမြင်လျက် တောနေ ယောဂီသည် မရောက်သေးသော တရားအထူးသို့ ရောက်ရန်, မရသေးသော အရားအထူးကို ရရန်, မျက်မှောက် မပြုရသေးသော တရားအထူးကို မျက်မှောက်ပြုရန် မမေ့မလျော့ လုံ့လ စိုက်သင့်လှပေသည်။

## ဒုတိယ

ဘိက္ခုတို့ ဤသာသနာ၌ ယောဂီသည် ဤသို့ ဆင်ခြင်ရာ၏၊ (၁) ‘ယခုအခါ ငါသည် ပျိုမြစ် ငယ်ရွယ်၍ ဆံပင်မည်းနက်၏၊ ပထမ အရွယ်ကောင်းနှင့် ပြည့်စုံ၏၊ အိုမင်းမစွမ်းသော အခါ မည်သည်ရှိ၏၊ (၂) ယခုအခါ ငါသည် အနာရောဂါ နည်း ပါး၏၊ ရာသီဥတု မျှတ၍ တရားအားထုတ်ရန် ခံ့၍ အညီအမျှ ကြေကျက် စေနိုင်သော ဝမ်းမီးနှင့် ပြည့်စုံ၏၊ အနာရောဂါ ဖြစ်သောအခါ မည်သည်ရှိ၏၊ (၃) ယခုအခါ ဝပြော သာယာ၏၊ စပါးကောင်းမွန်၏၊ ဆွမ်းခံဖွယ်ဘောဇဉ် ရလွယ်၏၊ တော်မွတ်ခေါင်းပါးသော အခါ မည်သည်ရှိ၏၊ (၄) ယခုအခါ လူတို့သည် ညီညွတ်ကုန်၏၊ ဝမ်းမြောက် ရွှင်ပျကုန်၏၊ ငြင်းခုံ ခိုက်ရန် မဖြစ်ကြ၊ နို့နှင့်ရေ ရောစပ်သကဲ့သို့ ဖြစ်ကုန်၏၊ ခိုးသား

ထားပြတို့ ထကြွ၍ ဇနပုဒ်အားလုံးကို လက်နက် သင်မုန်း တက်ရောက်သောအခါ မည်သည်ရှိ၏၊(၅)ယခုအခါ သံဃာသည် ညီညွတ်၏၊ ဝမ်းမြောက်ရွှင်ပျ၏၊ ငြင်းခုံခိုက်ရန်မရှိ၊ အယူအဆ တူမျှ၏၊ ချမ်းသာစွာ နေရ၏၊ သံဃာအချင်းချင်း ကွဲပြားခြား နားသော အခါ မည်သည်ရှိ၏၊ ထိုအခါ မြတ်စွာဘုရား အဆုံး အမကို နှလုံးမသွင်းနိုင်၊ တောအရပ်သို့ မကပ်နိုင်၊ ထိုကြောင့် ငါသည် မရသေးသော တရားအထူးကို ရရောက် မျက်မှောက် ပြုရန် အားထုတ်အံ့၊ ဘိက္ခုတို့ ဤသို့ အနာဂတ် ဘေးငါးမျိုး ကို ကြံတွေးဆင်ခြင်လျက် မမေ့မလျော့ လုံ့လ စိုက်သင့်လှပေ သည်။

ဘိက္ခုတို့ ဤအနာဂတ် ငါးမျိုးကို ကောင်းစွာ ရှုမြင်သော ယောဂီသည် မရောက်သေးသော တရားအထူးသို့ ဆိုက်ရောက် ရန်, မရသေးသေးသော တရားအထူးကို ရရန်, မျက်မှောက်မပြု ရသေးသော တရားအထူးကို မျက်မှောက်ပြုရန် မမေ့မလျော့ လုံ့လစိုက်သင့်၏။

ပဥ္စအင်္ဂုတ္တရ ယောဓာဇီဝဝဂ် အဋ္ဌမသုတ်

## တတိယ

ဘိက္ခုတို့ ဤအနာဂတ်ဘေး ၅-မျိုးတို့ကား ယခုမဖြစ်ပေါ် သေး၊ နောင်အခါ ဖြစ်ပေါ်လိမ့်မည်၊ ထိုဘေးတို့ကို သိပြီး၍ ဖယ်ရှားရန် ကြိုးစားသင့်လှသည်၊ ယင်းတို့ကား အဘယ်နည်း–

ဘိက္ခုတို့ နောင်အခါ ကိုယ်စိတ်ကို မပွားစေသော ဘိက္ခုများ ဖြစ်ပေါ်လာကြလိမ့်မည်၊ သူတို့သည် (၁—၂) ဥပဇ္ဈာယ် လုပ်၍, နိဿျည်းဆရာ လုပ်၍ အခြားသူတို့ကို ဘိက္ခုပြုပေးကြမည်၊ နိဿျည်းဆရာလုပ်၍ အခြားသူတို့ကို မှီခိုရာ ပေးကြလိမ့်မည်၊ သူတို့သည် လွန်မြတ်သော သီလ သမာဓိပညာ၌ ဆုံးမနိုင်ကြမည်မဟုတ်၍ တပည့် ဘိက္ခုတို့လည်း သီလသမာဓိပညာကို ပွားစေကြမည် မဟုတ်၊ တဖန် သူတို့က ဥပဇ္ဈာယ်, နိဿျည်းဆရာလုပ်၍ အခြားသူတို့ကို ဘိက္ခုပြုပေးကြလိမ့်ဦးမည်၊ မှီခိုရာ ပေးကြလိမ့်ဦးမည်၊ ထိုဒုတိယ ဥပဇ္ဈာယ်, နိဿျည်းဆရာတို့လည်း လွန်မြတ်သော သီလ သမာဓိ ပညာ၌ ဆုံးမနိုင်လိမ့်မည် မဟုတ်၍ တပည့်တို့လည်း သီလ သမာဓိ ပညာကို ပွားစေကြမည် မဟုတ်ကုန်၊ (၃)သူတို့သည် လွန်မြတ်သော သီလ သမာဓိ ပညာဆိုင်ရာ တရားစကားပြောလျှင် အပြင်ရှာဖွေခြင်း, ချုပ်ချယ်ရန် အချက်ရှာခြင်း အစရှိသော မကောင်းမှု အကုသိုလ်တရားသို့ သက်ဝင်ကုန်၍ အနှစ်သာရကို သိမြင်ကြမည် မဟုတ်ကုန်၊ (၄) သူတို့သည် တထာဂတ ဟောကြားသော သိမ်မွေ့နက်နဲသော လောကုတ္တရာဆိုင်ရာ သုတ္တန်တို့ကို ဟောကြားလျှင် နာယူကြမည် မဟုတ်၊ ထိုတရားတို့ကို သင်ကြား လေ့လာသင့်သည်ဟု ယူဆကြမည်မဟုတ်၊ စင်စစ်သော်ကား တိတ္ထိဆရာတို့ အဆန်းတကြယ် သီကုံးသော ကဗျာဂီတတို့ကို သီဆိုသော် နာယူကြလိမ့်မည်၊ ထိုကဗျာ ဂီတ တို့ကိုပင် လေ့လာ သင်ကြားကြလိမ့်မည်၊ (၅) သူတို့သည် နိဗ္ဗာန တရားလျှင် ရှေ့သွားရှိကြ၍ ဆိတ်ငြိမ်စွာ တရားကျင့်ရေးကို စွန့်လွှတ်ကြလိမ့်မည်၊ မရောက်သေးသော တရားအထူးသို့ ရောက်ရန်, မရသေးသော

တရားအထူးကို ရရန်, မျက်မှောက် မပြုရသေးသော တရားအထူးကို မျက်မှောက်ပြုရန် အားထုတ် ကြိုးစားကြမည် မဟုတ်၊ ဘိက္ခုတို့ ဤသို့လျှင် သမထ ဝိပဿနာတရား ပျက်စီးသောကြောင့် ကိလေသာကို စွန့်ပယ်ခြင်း ပဟာနဝိနည်း ပျက်စီး၏၊ စောင့်ရှောက်ထိန်းသိမ်းခြင်း သံဝရ ဝိနည်းပျက်စီးသောကြောင့် သမထဝိပဿနာတရား ပျက်စီး၏။

ဘိက္ခုတို့ ဤအနာဂတ်ဘေး ငါးမျိုးတို့ကား ယခု မရောက်သေး၊ နောက်အခါ ဖြစ်ပေါ်လိမ့်မည်၊ ထိုဘေးတို့ကို သိပြီး၍ ပယ်ရှားရန် ကြိုးစားသင့်လှ၏။

ပဥ္စအင်္ဂုတ္တိုရ ယောဓာဇီဝဝဂ် နဝမသုတ်

## ဝတုတ္ထ

ဘိက္ခုတို့ ဤ အနာဂတ်ဘေး ငါးမျိုးတို့ကား ယခု မဖြစ်ပေါ်သေး၊ နောင်အခါ ဖြစ်ပေါ်လိမ့်မည်၊ ထို ဘေးတို့ကို သိပြီး၍ ဖယ်ရှားရန် ကြိုးစား သင့်လှသည်၊ ယင်းတို့ကား အဘယ်နည်း—

ဘိက္ခုတို့ နောင်အခါ ဘိက္ခုတို့သည် သင်္ကန်းကောင်းကောင်း အလို ရှိကြလိမ့်မည်။ ထိုကြောင့် သူတို့သည် ပံသုကူဓုတင် ဆောင်ခြင်းကို စွန့် လွှတ် ကြလိမ့်မည်၊ ဆွမ်းကောင်းကောင်း အလိုရှိကြလိမ့်မည်၊ ထိုကြောင့် သူတို့သည် ပိဏ္ဍပါတ်ဓုတင် ဆောင်ခြင်းကို စွန့်လွှတ်ကြလိမ့်မည်၊ ကျောင်းကောင်းကောင်းကို

အလိုရှိကြလိမ့်မည်၊ ထို့ကြောင့် သူတို့သည် ရဟန်းမှု ခံ့တင် ဆောင်ခြင်းကို စွန့် လွှတ် ကြလိမ့်မည်၊ အစွန် အဖျားကျသော တောကျောင်း တို့ကို စွန့် လွှတ်ကြပေလိမ့်မည်။ ရွာ နိဂုံး မင်းနေ ပြည်တို့၌ ဝင်ရောက်၍ နေကြပေလိမ့်မည်၊ ထို သင်္ကန်း, ဆွမ်း, ကျောင်းဟူသော အကြောင်းတို့ကြောင့် မလျောက်ပတ်သော များစွာသော မအပ်သော ပစ္စည်း ရှာမှီးခြင်းသို့ ရောက်ကြ လိမ့်မည်။

ဘိက္ခုတို့ ထိုပြင် နောင်အခါ ဘိက္ခုတို့သည် ဘိက္ခုနီ, သိက္ခမာန်, သာမဏေတို့နှင့် ရောနှော၍ နေကြလိမ့်မည်၊ ဤသို့ နေသည်ရှိသော် မမွေ့လျော်သည် ဖြစ်၍လည်း မြတ်သော အကျင့်ကို ကျင့်ကြလိမ့်မည်၊ ညစ်နွမ်းသော အာပတ် တခုခု သို့မှုလည်း ရောက်ကြလိမ့်မည်၊ သိက္ခာချ၍ မူလည်း လူထွက် ကြလိမ့်မည်ဟူသော အကျိုးကို မြော်လင့်အပ်၏။

ဘိက္ခုတို့ နောင်အခါ ဘိက္ခုတို့သည် အရံစောင့်, သာမဏေ တို့နှင့် ရောနှော၍ နေကြလိမ့်မည်၊ ဤသို့ နေသည်ရှိသော် များစွာ သိုမှီး သုံးဆောင် ခြင်းကို လုံ့လ ပြု၍ နေကြလိမ့်မည်၊ မြေကြီး, စိမ်းသော သစ်ပင်စသည်၌ ရှန့်ရင်း သိသာသော နိမိတ် အမှတ်ကိုလည်း ပြုကြလိမ့်မည် ဟူသော အကျိုးကို မြော်လင့် အပ်၏။

ဘိက္ခုတို့ ဤ အနာဂတ် ဘေးငါးမျိုးတို့သည် ယခုအခါ မဖြစ်ပေါ်သေး၊ နောင် အခါ၌ ဖြစ်ပေါ်ကြလိမ့်မည်၊ ထိုဘေး တို့ကို သင်တို့ သိရမည်၊ သိပြီး၍လည်း ပယ်ရန် အားထုတ် ရမည်။

ပဥ္စ အင်္ဂုတ္တရ ယောဓာဇီဝဝဂ် ဒသမသုတ်

# ၃—မုနိဂါထာ

## ၁

န မောနေန မုနီ ဟောတိ, မူဠှရူပေါ အဝိဒ္ဒသု၊
ယောစ တုလံဝ ပဂ္ဂယှ, ဝရမာဒါယ ပဏ္ဍိတော။

ပါပါနိ ပရိဝဇ္ဇေတိ,
သ မုနီ တေန သော မုနိ၊
ယော မုနာတိ ဥဘော လောကေ,
မုနိ တေန ပဝုစ္စတိ။

အသိပညာ မရှိမူ၍ တွေဝေသော သဘောရှိသူသည် ဆိတ်ဆိတ် နေကာမျှဖြင့် မုနိ မမည်၊ အကြင် ပညာရှိသည် ချိန်ခွင်ကို ကိုင်၍ ချိန်စက်သကဲ့သို့ ကောင်းမှု တည်းဟူသော အမြတ်တရားကို ယူ၍ မကောင်းမှု အကုသိုလ် တရားတို့ကို ကြဉ်ရှောင်၏၊ ထိုကြောင့် ထိုပညာရှိသည် မုနိ မည်၏၊ အကြင် သူသည် အတွင်း-အပ လောက နှစ်ပါးတို့ကို သိ၏၊ ထိုသူ သည်လည်း မုနိ မည်၏၊ ထိုအကြောင်း နှစ်ပါးကြောင့် မုနိဟု ဆိုအပ်၏။

ဓမ္မပဒ ဓမ္မဋ္ဌဝဂ် - တိတ္ထိယဝတ္ထု

၁

ပေါင်းသင်း ဆက်ဆံမှုကြောင့် ဘေးဖြစ်၏၊ အိမ်မှုမြူ၏၊ အိမ်မရှိ-ပေါင်းသင်း ဆက်ဆံမှု မရှိခြင်းကို မုနိ မြင်၏။

၂

ဖြစ်ပြီးသည်ကို ပယ်ဖြတ်၍ ဖြစ်မည်ကိုလည်း မစိုက်ပျိုး၊ ဖြစ်လာမည့် အကြောင်းကိုလည်း မဝင်ရောက်စေလိုသူကို မုနိတို့တွင် တပါးတည်း လှည့်လည်သော မုနိဟု ဆိုကြ၏၊ မဟေသီ ဖြစ်သူသည် သန္တိပဒကို မြင်၏။

၃

မြေရာတို့ကို ဆင်ခြင် ပိုင်းခြား၍ မျိုးစေ့ကို ဖျက်ဆီးပြီးလျှင် သိနေဟကို ထိုသို့ မသက်ဝင်ရာ၊ ဇာတိကုန်ရာကို မြင်သော ထို မုနိသည် စင်စစ် ဝိတက်ကို ပယ်၍ ရေတွက် ခေါ်ဝေါ်ခြင်းသို့ မရောက်။

၄

နေရာအိမ် အားလုံးကို သိသောကြောင့် ထိုတွင် တခုံ တခုကိုမျှ မတောင့်တသော ထိုမုနိသည် မက်မောမှုမရှိ တပ်မက်မှု မရှိသည် ဖြစ်၍ တဖက်ကမ်းသို့ ရောက်သဖြင့် အားမထုတ် တော့ပေ။

၅

အားလုံးကို နှိပ်နင်းပြီးသော, အားလုံးကို သိပြီးသော, ပညာကောင်းသော, တရားအားလုံးတို့၌ မလိမ်းကျံသော အားလုံးကို စွန့်ပယ်ပြီးသော, တဏှာကုန်ရာ ဝိမုတ္တ ဖြစ်သူကိုလည်း ပညာရှိတို့ မုနိဟု သိကြ၏။

၆

ပညာ အားရှိသော, သီလ အကျင့်နှင့် ပြည့်စုံသော, ကောင်းစွာ တည်ကြည်သော, ဈာန်၌ မွေ့လျော်သော, သတိရှိသော, ကပ်ငြိမှုမှ လွတ်သော အနာသဝ ဖြစ်သူ အားလုံးကိုလည်း ပညာရှိတို့ မုနိ ဟု သိကြ၏။

၇

တပါးတည်း လှည့်လည် သွားလာသော မုနိဖြစ်သော, ပမာမလျော့သော, ကဲ့ရဲ့ - ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်သော, အသံတို့ကြောင့် မထိတ်လန့်သော ခြင်္သေ့ ကဲ့သို့သော, ပိုက်ကွန်၌ မကပ်ငြိသော လေကဲ့သို့သော, ရေဖြင့် မလိမ်းကျံသော ကြာကဲ့သို့သော, သူတပါးတို့ကို ဆောင်တတ်သော, မိမိကိုမူ သူတပါးတို့ မဆောင်နိုင်သူကိုလည်း ပညာရှိတို့ မုနိဟု သိကြ၏။

၈

သူတပါးတို့ အပိုင်းအခြား စကားပြော ကြားရာ၌ ရေဆိပ်၌ စိုက်ထားသော တိုင်ကဲ့သို့ ဖြစ်၏၊ ယင်းကို တပ်စွန်းမှု မရှိသော, ရာဂကြွေကို ကောင်းစွာ ထားသူကိုလည်း ပညာရှိတို့ မုနိဟု သိကြ၏။

၉

သူသည် စင်စစ် တည်ကြည်၏၊ ယက်ဖောက် ကဲ့သို့ ဖြောင့်၏၊ ယုတ်မာသော အလုပ်တို့ကို ဆက်ဆုပ်၏၊ မညီညွတ်-ညီညွတ်ကို စုံစမ်း၏၊ သူကိုလည်း ပညာရှိတို့ မုနိဟု သိကြ၏။

၁၀

စောင့်စည်း၏၊ စောင့်စည်း၍ ပထမ ဒုတိယ အရွယ်၌ မကောင်းမှုမပြု မုနိကို ချုပ်ချယ်ရန် မထိုက်၊ သူသည်လည်း ဘယ်သူ့ကိုမျှ မချုပ် ချယ်၊ ထိုသူ့ကိုလည်း ပညာရှိတို့ မုနိဟုသိကြ၏။

၁၁

စားဦးစားဖျား, စားဆဲ သို့မဟုတ် စား ကြွင်းမှ ဆွမ်းရခဲ့ပါသော် သူတပါး ပေးသည် ကိုမှီ၍ အသက်မွေးရသော ရဟန်းသည် စားဦး

စားဖွယ်ရာ ရသဖြင့်လည်း ချီးမွမ်းရန် မထိုက်၊ အကြွင်းအကျန် ရသဖြင့်လည်း ဆန့်ကျင်ဘက် စကားဆိုရန် မထိုက်၊ သူ့ကို ပညာရှိတို့ မုနိဟု သိကြ၏။

၁၂

ပျိုမြစ်နုနယ် ငယ်ရွယ်စဉ် တရံတဆစ်မျှ မေထုန်ဖြင့် မဖွဲ့ရှက်၊ မုနိအကျင့်နှင့် ပြည့်စုံလျက် လှည့်လည် နေသော မေထုန်မှ ကင်းလွတ်၍ မာန်ယစ်ခြင်း မေ့လျော့ခြင်းမှလည်း ကင်းသော လွတ်မြောက် သူကိုလည်း ပညာရှိတို့ မုနိဟု သိကြ၏။

၁၃

လောကကို ပိုင်းခြားသိ၍ ပရမတ္ထကို မြင်ပြီးသော ဩဃသမုဒ္ဒရာကို ကူးမြောက်ပြီး၍ တာဒိဂုဏ်သို့ ရောက်ပြီးသော, ထိုအထုံးအဖွဲ့ ဂန္ထကို ဖြတ်ပြီးသော အမှီမရှိသော အာသဝေါကင်းသူကိုလည်း ပညာရှိတို့ မုနိဟု သိကြ၏။

၁၄

နှစ်ယောက်သော သူတို့ မတူညီကြကုန်၊ နေရာ, အသက်မွေးခြင်း ဝေးကွာ ကုန်၏၊ လူသည် သားမယားကို လုပ်ကျွေး၏၊ တပါး

သောသတ္တဝါတို့ကို သတ်ဖြတ်မှုမှ မစောင့်စည်း၊ မုနိသည် အမြဲ စောင့်စည်းသည်ဖြစ်၍ သတ္တဝါတို့ကို စောင့်ရှောက်၏။

၁၅

ဦးစွန်းရှိသော, နီလာရောင်လည်း ရှိသော ဥဒေါင်းသည် ဟသာ၏ လျင်မြန်ခြင်းကို တခါတရံမျှ မမှီသကဲ့သို့ လူသည် မုနိဟု ဆိုအပ်သော ဆိတ်ငြိမ်ရာ တော၌ ဈာန်ဝင်စားလေ့ ရှိသော ရဟန်း၏အတု မလိုက်နိုင်။

သုတ္တ နိပါတ် ဥရဂဝဂ် မုနိသုတ်

*    *    *

# ၄-မောနေယျသုတ်

၁

အသိတ မည်သော ရှင်ရသေ့သည် နှစ်သက်ဝမ်းမြောက်ကုန် စင်ကြယ်သည့် အဝတ်ကို ဝတ်ကုန်သော နတ်ပုဆိုးကို မြှောက်လွှင့်ကုန်လျက် အတိုင်းထက် အလွန် ကခုန်မြူးတူးကုန်သော တာဝတိံသာ နတ်အပေါင်း တို့ကိုရင်း, အရှင် သိကြားမင်း ကိုရင်း—နေ့သန့်စင် ရာ၌ မြင်၏။

၂

စိတ်တက်ကြွ ဝမ်းမြောက် ကြသော နတ်တို့ကို မြင်၍ လေးစားစွာ သူတို့ထံ၌ ဤစကားကို ဆို၏—နတ်အပေါင်းတို့ အဘယ်ကြောင့် အလွန်ကောင်းသော အမူအရာ ရှိကြသနည်း၊ အဘယ်ကြောင့် နတ်ပုဆိုးတို့ကို မြှောက်လွှင့်ကြလျက် မြူးတူးပျော်ပါးကြသနည်း။

## ၄-မောနေယျသုတ်

၁

အသုရာတို့နှင့် စစ်ထိုးရာတွင် အောင်နိုင်၍ အသုရာတို့ စစ်ရှုံးကြသော အခါမှာပင် ဤမျှ ကြက်သီး မွေးညှင်း ထလောက်အောင် ဝမ်းမြောက်မှု မဖြစ်ကြဘူးပါ၊ မဖြစ်စဘူး ထူးကဲသော အဘယ်အာရုံကို မြင်၍ နတ်တို့ဝမ်းမြောက်ကြပါသနည်း။

၄

နတ်တို့သည် လေလည်း ချွန်ကုန်၏၊ သီချင်းလည်း ဆိုကြ၏၊ တီးမှုတ်မှုလည်း တီးမှုတ်ကြ၏၊ လက်ပန်းပေါက်လည်းခတ်ကြ၏၊ ကလည်း ကကြ၏၊ မြင်းမိုရ် တောင်ထိပ်၌ နေသော သင်တို့ကို ငါမေးပါ၏၊ အဆွေတို့ ငါ၏ ယုံမှားခြင်းကို လျင်စွာ ဖျောက်ကြပါလော့။

၅

ရတနာမြတ်ဖြစ်သော အတုမရှိသော ဘုရားလောင်းသည် လူ့ပြည် သာကီဝင်မင်းတို့၏ ဂါမခေတ်နယ်မြေ လုမ္ဗိနီ ဥယျာဉ်ဝယ် စီးပွားချမ်းသာ အလို့ငှာ ဖွားမြင်ပါ၏၊ ထိုကြောင့် ကျွန်ုပ်တို့ နှစ်သက် ကုန်သည်ဖြစ်၍ အလွန်ကောင်းသော အမူအရာ ရှိကြပါ၏။

၆

သတ္တဝါ အားလုံးတို့ထက် မြတ်၍ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်သော သတ္တဝါ အားလုံးတို့ထက် ထူးချွန်၍ လူတို့၌ ဥသဘ သဖွယ် ဖြစ်သော ထိုဘုရားလောင်းသည် ဣသိပတန တောအုပ်ဝယ် ခွန်အားရှိသည့် သားတို့သနင်း ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော စကားကို မြွက်ဆိုလျက် ဓမ္မစကြာ တရားကို ဟောကြားလိမ့်မည်။

၇

ထို အသိတ ရှင်ရသေ့သည် ထို နတ်တို့ ပြောဆိုသံကို ကြား၍ အဆောတလျင် နတ်ပြည်မှ ဆင်းသက်ပြီးနောက် သုဒ္ဓောဒန မင်းကြီး၏ နန်းတော်သို့ ဝင်ကာ ထိုင်နေပြီးလျှင် မင်းသားသည် အဘယ် အရပ်၌ ရှိနေသနည်း ငါကြည့်ရှုလိုပါ၏ ဟု သာကီဝင် မင်းသားတို့ကို ပြောကြား၏။

၈

ထို့နောက် အလွန်လိမ္မာသော ရွှေပန်းတိမ် သည်သည် ဖိုဝ၌ အကြိမ်ကြိမ်လျော်၍ အဖန်ဖန် ခတ်အပ်သော တောက်ပသော ရွှေကဲ့သို့

အသရေဖြင့် တောက်ပသော မြတ်သောအဆင်း ရှိသော မင်းသားငယ်ကို သာကီဝင် မင်းသား တို့က အသိတ မည်သော ရှင်ရသေ့အား ပြကြ၏။

၉

အသိတ ရသေ့သည် အလျှံတပြောင်ပြောင် တောက်ပသော မီးကဲ့သို့ရင်း၊ ကောင်းကင်၌ သွားသော အထူး စင်ကြယ်သော ကြယ်တို့၏ အကြီးအမှူး လ ကဲ့သို့ရင်း၊ သရဒ အခါ၌ မိုးတိမ်မှလွတ်၍ ထွန်းလင်းတောက်ပသော နေ ကဲ့သို့ရင်း၊ ထွန်းတောက်ပသော သတို့သားကို မြင်ရသော် ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍ ပြန့်ပြော များမြတ်သော နှစ်သိမ့်မှုကို ရလေ၏။

၁၀

နတ်တို့သည် အခက်အလက် များစွာရှိသော အချက်ဝန်း တထောင် ရှိသော ထီးကို ကောင်းကင်၌ မိုးပေးကြ၏၊ ရွှေအရိုးတပ်သော စာမရီ သားမြီးယပ်တို့သည် တငြိမ့်ငြိမ့် လွှဲခတ် နေကြ၏၊ သားမြီးယပ် ကိုင်သူ ထီးကိုင်သူသူကို မူကား မမြင်ကြရကုန်။

၁၁

ကဏှသိရီ ဟူ၍ ခေါ်အပ်သော ဆံကျစ်ထုံး ရသေ့သည် တနိက္ခ အချိန်စီးသော ရွှေတုံးကဲ့သို့

ကမ္ဗလာနီ၌ ထားအပ်သော သတို့သားကိုရင်း၊ ဦးထိပ်၌ ဆောင်းမိုးထားအပ်သော ထီးဖြူကိုရင်း၊ တွေ့မြင်ရသော် စိတ်တက်ကြွသည် ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ လှမ်းလင့်၏။

၁၂

လှမ်းယူပြီးလျှင် လက္ခဏာကျမ်း မန္တံကျမ်းတို့၏ ပါရဂူဖြစ်သော ထိုရသေ့သည် သာကီဝင်မင်းတို့၏ အကြီးအမြတ် ဖြစ်သော သတို့သားကို ဉာဏ်ဖြင့် စူးစမ်းဆင်ခြင်သည် ရှိသော် စိတ်ကြည်လင်ခြင်း ရှိသည် ဖြစ်ရကား ဤသတို့သားသည် အခြေ နှစ်ချောင်းရှိ နတ်လူတို့တွင် အထွတ်အမြတ် ဖြစ်၍ အတုမရှိသော မြတ်သော သူတည်းဟု ပြောကြား၏။

၁၃

ထို့နောက် မိမိလားရမည့် ဂတိကို အောင့်မေ့ဆင်ခြင်သည် ရှိသော် စိတ်မချမ်းမြေ့သော သဘောရှိရကား မျက်ရည်ကျလေ၏၊ သာကီဝင်မင်းတို့သည် ရှင်ရသေ့ ငိုသည်ကို မြင်ကြ၍ သတို့သားငယ်၏ အန္တရာယ် ဖြစ်မည်လောဟု ပြောဆို မေးမြန်းကြ၏။

## ၁၄

ရသေ့သည် စိတ်မချမ်းမြေ့သော သာကီဝင်မင်းတို့ကို မြင်၍ ငါသည် သတို့သားငယ်၌ အစီးအပွားမဲ့ ဖြစ်မည်ကို မတွေ့မမြင်ပါ၊ ထိုမင်းသားအား အန္တရာယ် ဖြစ်မည်လည်း မဟုတ်၊ ဤမင်းသားသည် သေးသိမ် ယုတ်ညံ့သူ မဟုတ်၊ သင်တို့လည်း ဝမ်းမြောက်သောစိတ် ရှိကြကုန်လော့။

## ၁၅

ဤမင်းသားသည် မြတ်သော သမ္ဗောဓိဉာဏ်သို့ ရောက်လိမ့်မည်၊ ထိုမင်းသားသည် မြင့်မြတ် စင်ကြယ်သော နိဗ္ဗာန်ကို သိမြင်ပြီးလျှင် များစွာသော သတ္တဝါတို့၏ အစီးအပွားကို စောင့်ရှောက်လျက် ဓမ္မစကြာတရားဟောကြား လိမ့်မည်၊ ထိုမြတ်စွာဘုရား၏ သာသနာသည် ကျယ်ပြန့်လိမ့်မည်၊

## ၁၆

ဤလူ့ပြည်၌ ငါ၏ အသက်ကြွင်းသည် ကြာမြင့်တော့မည် မဟုတ်ပါ၊ ဤမင်းသား ဘုရားမဖြစ်မီ အတွင်း၌ပင် ငါသေရလိမ့်မည်၊ ထိုငါသည် သူတပါးတို့နှင့် မတူသည့် ဝီရိယ

ရှိသော ဘုရားရှင်၏ တရားကို နာကြားရမည် မဟုတ်၊ ထို့ကြောင့် ငါသည် စိတ်ထိခိုက်သူ, ပျက်စီးခြင်းရောက်သူ, စိတ်ဆင်းရဲသူ ဖြစ်ရပါ၏၊

၁၇

ထိုရသေ့သည် သာကီဝင် မင်းတို့အား ပြန့်ပြော များမြတ်သော နှစ်သက်မှုကို ဖြစ်စေပြီးလျှင် နန်းတွင်းမှ ထွက်ခဲ့၏၊ အကျင့်မြတ်ရှိသော ထိုရသေ့သည် မိမိတူကို သနားသည်ဖြစ်၍ သူတပါးတို့နှင့် မတူသည့် ဝီရိယ ရှိသော ဘုရားရှင်၏ တရား၌ ကျင့်သုံး ဆောက်တည်စေ၏။

၁၈

နောင်အခါ၌ သင်သည် ဗုဒ္ဓဟူသော အသံကို ကြားခဲ့မူ သမ္ဗောဓိဉာဏ်သို့ ရောက်ပြီးသော ဘုရားရှင်သည် တရားလမ်းကို ဖွင့်လှစ်ခဲ့မူ ထိုအခါ ဘုရားထံသို့ ကိုယ်တိုင် သွား၍ အယူဝါဒကို မေးလျက် မြတ်စွာဘုရားထံ၌ မြတ်သော အကျင့်ကို ကျင့်လော့။

၁၉

အစီးအပွားကို လိုလားသော တာဒိဂုဏ်ရှိသော နောင်အခါ၌ အလွန်မြတ်သော နိဗ္ဗာန်ကို

မြင်သော ထိုရသေ့ ဆုံးမအပ်သော နာလကသည် ဆီးပူးအပ်ပြီးသော ကောင်းမှုအစုရှိသည်ဖြစ်၍ မြတ်စွာဘုရားကို မြှော်လင့်လျက် ဣန္ဒြေတို့ကို စောင့်စည်းကာ ရသေ့အသွင်ဖြင့် နေလင့်၏။

၂၀

အသိတ ရသေ့၏ ဆုံးမသောအချိန် အခါ ရောက်သော် ထိုနာလကသည် မြတ်စွာဘုရား၏ မြတ်သော ဓမ္မစကြာ ဟောကြားခြင်းကြောင့် ဖြစ်ပေါ်လာသော ကြေးကြော်သံကို ကြား၍ ဣသိပတန မိဂဒါဝုန် တောသို့ သွားလျက် ရသေ့မြတ်ဖြစ်သော မြတ်စွာဘုရားကို မြင်ရသောကြောင့် ကြည်ညို၍ မုနိ တို့၏ အမြတ်ဖြစ်သော မြတ်စွာဘုရားအား မောနေယျ အကျင့်မြတ်ကို မေးလျှောက်လေ၏။

၂၁

ဂေါတမနွယ်ဘွား မြတ်စွာဘုရား အသိတ ရသေ့ ပြောဆိုခဲ့သော စကားသည် မချွတ် မယွင်း အမှန်ပင်ဖြစ်တော့သည်ဟု ကျွန်ုပ် သိပါ၏၊ ထို့ကြောင့် တရားအားလုံး တို့၏ ပါရဂူ ဖြစ်တော်မူသော မြတ်စွာဘုရားအား အကျွန်ုပ် မေးလျှောက်ပါ၏။

## ၂၂

မြတ်စွာဘုရား အိမ်ရာမထောင်သော ရဟန်း အဖြစ်နှင့် ပြည့်စုံသော ဆွမ်းခံလှည့်လည်ခြင်းဖြင့် ရှာမှီးသော အကျွန်ုပ်သည် မေးလျှောက်သည် ဖြစ်၍ အရှင်ဘုရားသည် မောနေယျ အကျင့် မြတ်ကို ဟောတော်မူပါလော့။

## ၂၃

မောနေယျ ကျင့်ဝတ်ကို သင့်အား သိစေအံ့၊ ပြုနိုင်ခဲ, ဖြစ်စေနိုင်ခဲသော ထိုအကျင့်ကို ယခု ဟောကြားအံ့၊ သင်သည် မိမိကိုယ်ကို အားပြု ထောက်ပံ့ထားလော့၊ ခိုင်မြဲသူဖြစ်လော့။

## ၂၄

ရွာ၌ ဆဲရေးသူနှင့် ရှိခိုးသူကို ထပ်တူထပ်မျှ ပြုရာ၏၊ ဒေါသကို စောင့်ရှောက်ရာ၏၊ မတက်ကြွဘဲ ကျင့်ရာ၏။

## ၂၅

တော၌ မီးလျှံနှင့်တူကုန်သော ဣဋ္ဌ အနိဋ္ဌ အားဖြင့် အမြတ် အယုတ် ဖြစ်သည့် အာရုံတို့သည် ဖြစ်ပေါ် လာတတ်ကုန်၏၊ ထိုတော၌ မိန်းမတို့သည် ရဟန်းကို ဖြားယောင်းတတ်ကုန်သေး၏၊ ထိုမိန်းမတို့သည် သင့်ကို မဖြားယောင်း စေကုန်လင့်။

၂၆

ကောင်း မကောင်း ကုန်သော ကာမဂုဏ်တို့ကို ပယ်စွန့်၍ မေထုန်အကျင့် ရှောင်ကြဉ်သူ၊ သတ္တဝါတို့၌ မဆန့်ကျင်သူ တတ်မက်မှု မရှိသူ ဖြစ်ရာ၏။

၂၇

ငါသည် ချမ်းသာကို အလို ရှိသကဲ့သို့ ဤသတ္တဝါတို့သည်လည်း ချမ်းသာကို အလို ရှိကုန်၏၊ ထိုအတ္တဝါတို့သည် ချမ်းသာကို အလို ရှိကုန်သကဲ့သို့ ငါသည်လည်း ချမ်းသာကို အလို ရှိ၏ ဟု မိမိကိုယ်ကို ဥပမာပြု၍ မိမိလည်း မသတ်ရာ၊ သူတပါးကိုလည်း မသတ်စေရာ။

၂၈

ပုထုဇဉ်သည် ကပ်ငြိသော ပစ္စည်းလေးပါး၌ အလိုကိုရင်း၊ လောဘကိုရင်း ပယ်စွန့်၍ ပညာမျက်စိရှိလျက် ကျင့်ရာ၏၊ ပြည့်နိုင်ခဲသော ဤချောက်နရက်ကို ကူးခပ်ရာ၏။

၂၉

ဝမ်းယုတ်လျော့ ပါးလျှပ်သူ၊ အာဟာရနှင်းရှည့် ပိုင်းခြားသူ ဖြစ်ရာ၏၊ အလိုနည်းသူ၊ မလျှပ်ပေါ်သူ ဖြစ်ရာ၏၊ အခါခပ်သိမ်း

လောလုပ္ပတဏှာဖြင့် အလိုမရှိသူ ဖြစ်ရာ၏၊ အလိုမရှိခြင်းကြောင့် မွတ်သိပ်မှု မရှိသည်ဖြစ်၍ ငြိမ်းအေးရာ၏။

၃၀

မောနေယျ အကျင့်ကို ကျင့်သော ထိုရဟန်းသည် ဆွမ်းခံသွားပြီးလျှင် တောသို့ သာလျှင် ပြန်သွားရာ၏၊ သစ်ပင်ရင်း၌ ရပ်၍ သော်၎င်း, ထိုင်၍သော်၎င်း နေရာ၏။

၃၁

ထိုရဟန်းသည် ဈာန်လေ့လာသူ, တည်တံ့သူ, တော၌မွေ့လျော်သူ ဖြစ်ရာ၏၊ မိမိကိုယ်ကို အလွန် နှစ်သက်စေသည် ဖြစ်၍ သစ်ပင်ရင်း၌ ဈာန်ဝင်စားရာ၏။

၃၂

ထိုညဉ့်လွန်မြောက်သည် ရှိသော် ရွာသို့ဆွမ်း ခံသွားရာ၏၊ ပင့်ဖိတ်၍ လှူသော ဆွမ်းကိုလည်း မနှစ်သက်ရာ၊ ရွာမှ ဆောင်ယူ၍ လှူသော ဆွမ်းကိုလည်း မနှစ်သက်ရာ။

၃၃

မောနေယျ အကျင့်ကို ကျင့်သော ရဟန်းသည် ရွာသို့ ရောက်သည်ရှိသော် ဒါယိကာတို့၌ ရောရောနှောနှောမနေရာ၊ စကားအပြတ် ရှိသည် ဖြစ်၍ နိမိတ်ဝိညတ်နှင့် ယှဉ်၍ အစားရှာမှီး ကြောင်း စကားကို မပြောဆိုရာ။

၃၄

ထိုရဟန်းသည် တစုံတခုသော ဝတ္ထုပစ္စည်းကို ရလျှင်လည်း ကောင်း၏၊ မရလျှင်လည်း ကောင်း၏ဟု နှစ်ပါးဖြင့်ပင်လျှင် တုန်လှုပ်ခြင်း မရှိသည် ဖြစ်၍ သစ်ပင်ရင်းကို လျှင်လျှုရှုကာ ပြန်လှည့်ရာ၏။

၃၅

ထိုရဟန်းသည် မအပါဘဲလျက် အ-သူဟု သမုတ်ခံလျက် သပိတ်ပိုက်ကာ ဆွမ်းခံလှည့်လည် ရှိသော် အနည်းငယ်မျှ ပေးလှူခြင်း ကိုလည်း မရှုတ်ချရာ၊ ပေးလှူသည်ကိုလည်း မထေမဲ့မြင် မပြုရာ။

၃၆

အကျင့်ကို အမြတ် အယုတ် ရှိ၏ဟူ၍ မြတ်စွာဘုရား ပြတော်မူ၏၊ သို့ရာတွင် နိဗ္ဗာန်သို့

နှစ်ကြိမ် မရောက်ကုန်၊ တကြိမ်သာ ရောက်သည်
လည်း မဟုတ်ပေ။

## ၃၇

ပြန့်နှံ့ခြင်းမရှိသော အယဉ်ပြတ်စဲပြီးသော ပြုသင့်သောကိစ္စ မပြုသင့်သော ကိစ္စကို ပယ်ပြီးသော ထိုရဟန်းအား ပူပန်မှု မရှိ။

## ၃၈

သင့်အား မောနေယျ အကျင့်ကို ငါဟောမည်၊ သင်ဓုန်းသွား ဥပမာရှိသူ ဖြစ်ရာ၏၊ အာစောက်ကို လျှာဖြင့် ထိကပ်ပြီးလျှင် ဝမ်း၌ စောင့်စည်းသူ ဖြစ်ရာ၏။

## ၃၉

စိတ်မတွန့်ဆုတ်သူလည်း ဖြစ်ရာ၏၊ များစွာလည်း မကြံစည်ရာ၊ အညှီအဟောက် ကင်းသူ၊ တစုံတခုသော ဘဝ၌ မမှီသူ၊ အကျင့်မြတ်လျှင်လည်းလျှောင်းရာ ရှိသူ ဖြစ်ရာ၏။

## ၄၀

တယောက်ထည်း နေနိုင်ရန် ကျင့်ရာ၏၊ ရဟန်းတို့သည် ကပ်၍ ရှုသင့် ရှုထိုက်သော·

အာရုံ၌ အားထုတ် နိုင်ရန်လည်း ကျင့်ရာ၏၊ တယောက်ထည်း နေခြင်းကို မောနဟု ဆို၏၊ သင်သည် တယောက်ထည်း မွေ့လျော် နိုင်ခဲ့မူ အရပ် ဆယ်မျက်နှာတို့၌ ကျော်စော ထင်ရှား လိမ့်မည်။

၄၁

ငါ့ကို မြတ်နိုးသော သူသည် ဈာန်ဝင်စား ကုန်၏၊ ကာမကို စွန့်လွှတ်ကုန်ပြီးသော ပညာရှိတို့၏ ကြွေးကြော်သံကို ကြားရသောကြောင့် ရှက်မှုကိုရင်း, ယုံကြည်မှုကိုရင်း အတိုင်းထက် အလွန် ပြုရာ၏။

၄၂

ထိုစကားကို မြစ် ဥပမာတို့ဖြင့် သိကုန်လော့၊ မြစ်ငယ်တို့သည် မြောင်းငယ် ချောက်ကြားတို့၌ အသံမြည်လျက် စီးသွားကုန်၏၊ မြစ်ကြီးတို့သည် ကား တိတ်တိတ် ဆိတ်ဆိတ် စီးသွားကုန်၏။

၄၃

ရေမပြည့်သော အိုးသည် အသံမြည်၏၊ ရေပြည့်သော အိုးသည် ငြိမ်သက်၏၊ သူမိုက်သည် ရေမပြည့်သော အိုးနှင့် တူ၏၊ ပညာရှိသည် ရေပြည့်သော အိုးကြီးနှင့် တူ၏။

၄၄

သမဏသည် များစွာသော စကားကိုဟော ကြား၏၊ သူသည် တရားကို သိ၍သာ ဟော ကြား၏၊ သိ၍များစွာ ဟောကြား၏။

၄၅

တရားကို သိသူသည် စိတ်ကိုစောင့်စည်း၏၊ တရားကို သိသူသည် စကားကို များစွာမဆို၊ ထိုရဟန်းသည် မောနကို ရထိုက်၏၊ မောနကို ရလည်း ရ၏။

သုတ္တနိပါတ်မဟာဝဂ် နာလကသုတ်

* * *

## ၅-ဥပတိဿ ပသီဒနသုတ်

### ၁

အခါတပါး ရှင်သာရိပုတ္တာသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ နေ၏၊ ထိုအခါ သူသည် နံနက် အချိန် သင်းပိုင်ကို ပြင်ဝတ်၍ သပိတ် သင်္ကန်းကို ယူဆောင်ပြီး ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံဝင်၏၊ ဆွမ်းခံပြီးသော် နံရံတခုကို မှီကာ ဆွမ်းဘုဥ်း ပေး၏၊ ထိုအခါ သုစိမုခီ အမည်ရှိသော ပရိဗိုဇ်မသည် ရှင် သာရိပုတ္တာထံ ချဉ်းကပ်၍ မေး၏—

"ရှင်ရဟန်း အောက်သို့ ငုံ့၍ စားပါသလော"

"နှမ ငါ အောက်သို့ ငုံ့၍ မစားပါ"

"သို့ဖြစ်လျှင် အထက်သို့ မော့၍ စားပါသလော"

"နှမ ငါ အထက်သို့ မော့၍ မစားပါ"

"သို့ဖြစ်လျှင် အရပ်လေးမျက်နှာသို့ လှည့်၍စားပါသလော"

"နှမ ငါ အရပ် လေးမျက်နှာသို့ လှည့်၍ မစားပါ"

"သို့ဖြစ်လျှင် အထောင့် အရပ်လေးမျက်နှာသို့ လှည့်၍ စားပါသလော"

“နှမ ငါ အထောင့် အရပ် လေးမျက်နှာသို့ လှည့်၍ မစားပါ”

“ရှင်ရဟန်း သို့ဖြစ်လျှင် အဘယ်သို့ စားပါသနည်း”

“နှမ မြေကြန် အတတ် ဟူသော ဖီလာအတတ်ဖြင့် မှားယွင်းစွာ အသက်မွေးကြသော သမဏ–ဗြာဟ္မဏ အားလုံး တို့ကို အောက်သို့ ငုံ့၍ စားသူတို့ဟု ဆိုအပ်ကုန်၏၊ နက္ခတ် အတတ်ဟူသော ဖီလာအတတ်ဖြင့် မှားယွင်းစွာ အသက်မွေး ကြသော သမဏ–ဗြာဟ္မဏ အားလုံးတို့ကို အထက်သို့ မော့၍ စားသူတို့ဟု ဆိုအပ်ကုန်၏၊ တဖန် အစေအပါး အမှုဖြင့် သွားခြင်းကို အားထုတ်ခြင်းဖြင့် မှားယွင်းစွာ အသက်မွေး ကြသော သမဏ–ဗြာဟ္မဏ အားလုံးကိုကို အရပ် လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟု ဆိုအပ်ကုန်၏၊ အင်္ဂဝိဇ္ဇာအတတ် ဟူသော ဖီလာ အတတ်ဖြင့် မှားယွင်းစွာ အသက်မွေးကြသော သာမဏ- ဗြာဟ္မဏ အားလုံးတို့ကို အထောင့် အရပ် လေးမျက်နှာသို့ လှည့်၍ စားသူတို့ဟု ဆိုအပ်ကုန်၏၊ နှမ ငါကား ထိုမှားယွင်းစွာ အသက်မွေးခြင်းတို့ဖြင့် အသက် မမွေးပါ၊ တရားသဖြင့် ဆွမ်းကို ရှာ၏၊ တရားသဖြင့် ဆွမ်းရှာ၍ စား၏”။

ထိုအခါ သုစိမုခီ ပရဗိုဇ်မသည် ရာဇဂြိုဟ်ပြည်ဝယ် လမ်းမ- လမ်းဆုံ တခုမှ တခုသို့ ချဉ်းကပ်ပြီးလျှင်– “သာကီဝင် မင်းသား ဘုရားသား ဘိက္ခုတို့သည် တရားနှင့်လျော်စွာ အစာကို စားကြ၏၊ အပြစ် မရှိသော အားဖြင့် အစာကို စားကြ၏၊ သာကီဝင်မင်းသား ဘုရားသား ဘိက္ခုတို့အား ဆွမ်းလှူကြ ကုန်လော့”ဟု ကြွေးကြော် ပြောဆိုလေ၏။

**သာရိပုတ္တ သံယုတ် သုစိမုခီသုတ်**

## ၂

အခါတပါး မြတ်စွာဘုရားသည် နာလန္ဒာမြို့ ပါဝါရိက သူဌေး၏ သရက်ဥယျာဉ်၌ နေတော်မူ၏၊ ထိုအခါ ရှင်သာရိပုတ္တာ သည် မြတ်စွာဘုရားအား ဤစကားကို လျှောက်ကြား၏—

“မြတ်စွာဘုရား ကျွန်ုပ်သည် မြတ်စွာဘုရား၌ ဤသို့ကြည်ညို ပါသည်၊ ပိုင်းခြား၍ သိခြင်း၌ မြတ်စွာဘုရားထက် အသိဉာဏ် လွန်ကဲသော တပါးသော သမဏ-ဗြာဟ္မဏ မရှိခဲ့စဘူး, မရှိ လတ္တံ့, ယခုလည်း မရှိဟု ဤသို့ကြည်ညိုပါသည်”

“သာရိပုတ္တာ ပူဇော်အထူးကို ခံတော်မူထိုက် ကုန်သော ကိုယ်တိုင်မှန်စွာ သိတော်မူကုန်သော မြတ်စွာဘုရားတို့ ရှေး အခါ၌ ပွင့်တော်မူခဲ့ကုန်၏၊ နောက်၌ ပွင့်တော်မူကြလတ္တံ့၊ ထိုဘုရားတို့ကိုလည်း, ယခုတင်ရှား ရှိသော ငါကိုယ်-သင်၏ စိတ်ဖြင့် စိတ်ကို ပိုင်းခြား၍ သင်သိသလော၊ မြတ်စွာဘုရားတို့ သည် ဤသို့သော သီလ, သမာဓိ, ပညာ, နေခြင်း, လွတ် မြောက်ခြင်း ရှိကုန်၏ဟု ပိုင်းခြား၍ သင်သိသလော”

“ဤသို့ မသိပါ မြတ်စွာဘုရား”

“သာရိပုတ္တာ ထိုသို့မရှိပါဘဲလျက် အဘယ်ကြောင့် သင်သည် မြတ်သော တုန်လှုပ်ခြင်း မရှိသော စကားကို ဆိုဘိသနည်း ကိုယ်တိုင်သိဘိသကဲ့သို့ သန္နိဋ္ဌာန် ကောက္ကစကားကို ဆိုဘိသနည်း ရဲရင့်သော စကားကို ကြုံးဝါးဘိသနည်း”

“မြတ်စွာဘုရား ယင်းသို့မရှိသော်လည်း ဟောကြားသော တရားအစဉ်ကို လျှောက်၍ ကျွန်ုပ်သိပါသည်၊ ဥပမာ—ခိုင်လုံ၍

တံခါးပေါက်တခုသာ ရှိသော နယ်ခြားမြို့၌ လိမ္မာထက်မြက်သော တံခါးစောင့်သည် ခပ်သိမ်းသော သတ္တဝါကြီးတို့ ဤမြို့သို့ ဝင်သည်ဖြစ်စေ၊ ထွက်သည်ဖြစ်စေ ဤတံခါးပေါက်ဖြင့်သာ ဝင်ထွက်ကုန်ရာ၏ဟု သိသကဲ့သို့ပါတည်း”

မြတ်စွာဘုရား နီဝရဏ တရားငါးပါးတို့ကို ပယ်၍ သတိပဋ္ဌာန်လေးပါးတို့၌ ကောင်းစွာ တည်သော စိတ်ရှိကုန်သည် ဖြစ်၍ ဗောဇ္ဈင် ခုနစ်ပါးတို့ကို ဟုတ်မှန်သည့်အတိုင်း ပွားများကုန်၍ မိမိထက် လွန်သော ဉာဏ်မရှိသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ရေးအခါ ပွင့်တော်မူကုန်သော မြတ်စွာဘုရားတို့ သိတော်မူခဲ့ကြပါသည်၊ နောင် ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားတို့ သိတော်မူကြလတ္တံ့၊ ယခုပွင့်တော်မူစဲ မြတ်စွာဘုရားလည်း သိတော်မူပါသည်။

မြတ်စွာဘုရား အရှင်သည် ကျွန်ုပ်တို့အား အဆင့်ဆင့် မြင့်မြတ်သော မည်းညစ်သော သံကိလေသ, ဖြူစင်သော ဝေါဒါနတို့၏ ဆန့်ကျင်ဘက် ရှိသည်ကို တရားဟောပါ၏၊ ထိုတရား၌ အချို့တရား၌ ထူးသောဉာဏ်ဖြင့် သိ၍ သစ္စာတရားတို့၌ အထွတ်အထိပ်သို့ ရောက်ကုန်သောကြောင့် မြတ်စွာဘုရားသည် ကိုယ်တိုင် မှန်စွာ သိတော်မူ၏၊ တရားတော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောတော်မူအပ်၏၊ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူ၏ဟု နှလုံးသွင်း၍ မြတ်စွာဘုရား၌ကြည်ညိုပါသည်။

မြတ်စွာဘုရား တို့ပြင်လည်း အရှင်သည် သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန် လေးပါး, ဣဒ္ဓိပါဒ် လေးပါး, ဣန္ဒြေ ငါးပါး,

ဗိုလ် ငါးပါး, ဗောဇ္ဈင် ခုနစ်ပါး, မဂ္ဂင် ရှစ်ပါး ဒေသနာအားဖြင့် ကုသိုလ်တရားတို့၌ တရားဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် စက္ခုပသာဒ-ရူပါရုံ, သောတ ပသာဒ-သဒ္ဒါရုံ, ဃာန ပသာဒ-ဂန္ဓာရုံ, ဇိဝှာ ပသာဒ-ရသာရုံ, ကာယ ပသာဒ-ဖောဋ္ဌဗ္ဗာရုံ, မနောဝိညာဏ-ဓမ္မာရုံ ဟူသော ဒေသနာအားဖြင့် အာယတန တို့ကို သိစေခြင်းတို့၌ တရားဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလူ့ပြည်၌ (၁)အချို့သည် မသိမှု၍ အမိဝမ်းသို့ သက်ဝင်၏၊ မသိမှု၍ အမိဝမ်း၌ တည်နေ၏၊ မသိမှု၍ အမိဝမ်းမှ ထွက်ခွာ၏၊ (၂) အချို့သည် သိလျက် အမိဝမ်းသို့ သက်ဝင်၏၊ မသိမှု၍ အမိဝမ်း၌ တည်နေ၏၊ မသိမှု၍ အမိဝမ်းမှ ထွက်ခွာသွား၏၊ (၃) အချို့သည် သိလျက် အမိဝမ်းသို့ သက်ဝင်၏၊ သိလျက် အမိဝမ်း၌ တည်နေ၏၊ မသိမှု၍ အမိဝမ်းမှ ထွက်ခွာသွား၏၊ (၄) အချို့သည် သိလျက် အမိဝမ်းသို့ သက်ဝင်၏၊ သိလျက် အမိဝမ်း၌ တည်နေ၏၊ သိလျက် အမိဝမ်းမှ ထွက်ခွာသွား၏ဟူသော ဒေသနာအားဖြင့် ပဋိသန္ဓေ နေခြင်းတို့၌ တရားဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလူ့ပြည်၌ အချို့သူသည် နိမိတ်ဖြင့်ရင်း, လူ ဘီလူး-ရက္ခိုသ် နတ်တို့၏ အသံကို ကြား၍ရင်း, ကြံစည် စဉ်းစားသောသူ၏ ပျံ့လွင့်သော အကြံအစည်ကြောင့် ဖြစ်သော အသံကို ကြား၍ရင်း— "သင်၏ စိတ်သည် ဤသို့ ကြံနေ၏၊ သင်၏ စိတ်၌ ဤသို့ အကြံရှိ၏၊ သင်၏ စိတ်သည် ဤသို့ သဘောရှိ၏" ဟု တိုက်ရိုက်ဟော၏၊

ထိုမှတပါး ဝိတက်ဝိစာရမှ ကင်းသော သမာဓိသို့ ရောက်သူ၏ စိတ်ဖြင့် စိတ်သို့ပိုင်းခြား၍ "ဤသူသည် မနေ့ာသင်္ခါရတို့ကို ကောင်းစွာ ထားအပ်သည့် အတိုင်း ဤစိတ်၏ အခြားမဲ့၌ ဤမည်သော စိတ်ဖြစ်လတ္တံ့" ဟု သိ၏ ဟူသော ဒေသနာဖြင့် သူတပါးစိတ်ကို ထုတ်ဖော် ပြောဆိုခြင်းတရား ဟောကြားပါသည်။

မြတ်စွာဘုရား အချို့သော သမဏ-ဗြာဟ္မဏသည် လုံ့လ ဝီရိယ အားထုတ်ခြင်း မမေ့မလျော့ခြင်း နှလုံးသွင်းခြင်းကို စွဲ၍ ထိုအား လျောက်ပတ်သော စျာန်သမာဓိကို ရ၏၊ စိတ်တည် ကြည်လတ်သော် ခြေဘဝါးအပြင်မှ အထက်-ဆံဖျားမှအောက် အရေပါး အဆုံး ရှိသော အထူးထူး-အပြားပြား အညစ် အကြေးဖြင့် ပြည့်သော ဤကိုယ်ကိုသာ စူးစိုက် ဆင်ခြင်၏၊ "ဤငါ၏ကိုယ်၌ ဆံ အမွေး လက်သည်း-ခြေသည်း သွား အရေ အသား အကြော အရိုး ခြင်ဆီ အညို့ နှလုံး အသည်း အမြှေး အဖျဉ်း အူမ အူသိမ် အစာသစ် အစာဟောင်း သည်းခြေ သလိပ် ပြည် သွေး ချွေး အဆီခဲ မျက်ရည် ဆီကြည် တံထွေး နှပ် အစေး ကျင်ငယ်တို့ ရှိကုန်၏" ဟု စူးစိုက် ဆင်ခြင်၏၊ ဤလောက, တမလွန်လောက မတည်သော လောက နှစ်ပါးဖြင့် ပြတ်သော ပုဂ္ဂိုလ်၏ ဝိညာဉ်ကိုလည်း သိ၏ဟူသော ဒေသနာအားဖြင့် အရှင်သည် ဉာဏ်အမြင်သို့ ရောက်ခြင်းတို့၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား အရှင်သည် အရူပ သမာပတ် မဂ်ဉာဏ် နှစ်ပါးစုံဖြင့် လွတ်မြောက်သော ဉဘတောဘာဂ ဝိမုတ္တ,

မဂ်ပညာဖြင့် လွတ်မြောက်သော ပညာဝိမုတ္တ, နာမကာယဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသော ကာယသက္ခိ, သစ္စာလေးပါးကို ကောင်းစွာ သိခြင်းသို့ ရောက်သော ဒိဋ္ဌိပတ္တ, သစ္စာလေးပါးကို သက်ဝင် ရုံကြည်၍ လွတ်မြောက်သော သဒ္ဓါဝိမုတ္တ, ပညာ ရှေ့ဆောင်၍ အရိယမဂ်ကို ဖြစ်စေသော ဓမ္မာနုသာရီ, သဒ္ဓါ ရှေ့ဆောင်၍ အရိယမဂ်ကို ဖြစ်စေသော သဒ္ဓါနုသာရီ- ဤပုဂ္ဂိုလ် ခုနစ်ပါးတို့ကို သိစေခြင်း ဒေသနာဖြင့် တရား ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် မဂ်ဉာဏ်၏ အကြောင်း ဖြစ်သော အောက်မေ့ခြင်း သတိသမ္ဗောဇ္ဈင်, တရားသဘောကို စူးစမ်းဆင်ခြင်ခြင်း ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်, အားထုတ်ခြင်း ဝီရိယ သမ္ဗောဇ္ဈင်, နှစ်သိမ့်ခြင်း ပီတိသမ္ဗောဇ္ဈင်, ကိုယ်စိတ်၏ ငြိမ်းအေးခြင်း ပဿဒ္ဓိ သမ္ဗောဇ္ဈင်, တည်ကြည်ခြင်း သမာဓိ သမ္ဗောဇ္ဈင်, အညီအမျှရှုခြင်း ဥပေက္ခာ သမ္ဗောဇ္ဈင် ဟူသော ဤဒေသနာဖြင့် မဂ်ဉာဏ်၏ အကြောင်း ဖြစ်ကုန်သော ဗောဇ္ဈင် တရားကို ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဆင်းရဲစွာ ကျင့်ရ၍ အသိဉာဏ်ဖြစ်ရန် နှေးသော ဒုက္ခ ပဋိပဒါ ဒန္ဓာဘိညာ, ဆင်းရဲစွာ ကျင့်ရသော်လည်း အသိဉာဏ်ဖြစ်ရန် လျင်သော ဒုက္ခ ပဋိပဒါ ခိပ္ပါဘိညာ, ချမ်းသာစွာ ကျင့်ရသော်လည်း အသိဉာဏ်ဖြစ်ရန် နှေးသော သုခ ပဋိပဒါ ဒန္ဓာဘိညာ, ချမ်းသာစွာကျင့်ရ၍ အသိဉာဏ်ဖြစ်ရန် လျင်သော သုခ ပဋိပဒါ ခိပ္ပါဘိညာဟူ၍ ပဋိပဒါ လေးမျိုးတွင် ရှေးသုံးမျိုးသည်

ဆင်းရဲ၍ရှင်း’ အသိဉာဏ် ဖြစ်ရန် နှေးသောကြောင့်ရှင်း ယုတ်ညံ့၏၊ နောက်တမျိုးသာ ချမ်းသာ၍ရှင်း, အသိဉာဏ်ဖြစ်ရန် လျင်မြန်၍ရှင်း မြင့်မြတ်၏-ဟူသော ဒေသနာဖြင့် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် ပဋိပဒါတို့၌ တရားဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလောက၌ အချို့ သူသည် မုသာဝါဒနှင့် စပ်သောစကား, ကွဲပြားစေတတ်သော စကား, ငုံးချောသောစကား, အမျက် ညှဉ်းဆဲ ချုပ်ချယ်သော စကားနှင့် အောင်နိုင်ခြင်းသို့ ရှေးရှုသည်ဖြစ်၍ မဆို၊ ပညာဖြင့် ဆင်ခြင်၍ နှလုံး၌ထားသင့်သော စကားကို လျောက်ပတ်သော အခါ၌ ဆို၏ ဟူသော ဒေသနာဖြင့် ကောင်းသော နှုတ်အကျင့်၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား အရှင်သည် ဤလောက၌ အချို့သူသည် မှန်သောစကား ရှိသည်လည်း ဖြစ်ရာ၏၊ သဒ္ဓါနှင့် ပြည့်စုံ သည်လည်း ဖြစ်ရာ၏၊ လာဘ်အလို့ငှာ အံ့ဖွယ်ကိုလည်း မဖြစ်စေတတ်၊ မြှောက်ပင့်၍လည်း မပြောတတ်၊ အရိပ် အခြည်လည်း မပြတတ်၊ အတင်းအကြပ်လည်း မပြုတတ်၊ လာဘ်ဖြင့် လာဘ်ကိုလည်း မရှာမှီးတတ်၊ ဣန္ဒြေတို့၌ ပိတ်ထား သော တံခါးရှိ၏၊ အစာ၌ အတိုင်းအရှည်ကို သိ၏၊ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးဖြင့် ဖြောင့်မတ်စွာ ကျင့်လေ့ရှိ၏၊ နိုးကြားခြင်း ငှာ ဘာဝနာနှင့် အမြဲယှဉ်လျက် နေ၏၊ ပျင်းရိ ထိုင်းမှိုင်းခြင်း မရှိ၊ ပြင်းစွာ အားထုတ်သော လုံ့လရှိ၏၊ ဈာန်ဝင်စားလေ့ ရှိ၏၊ သတိရှိ၏၊ သာယာသောစကား ရှိ၏၊ မရောက်သေးသော တရားကို ရောက်စေနိုင်သော ပညာရှိ၏၊ သင်ဘူး ကြားဘူးသော

တရားကို ဆောင်စွမ်းနိုင်သော ပညာရှိ၏၊ ချိန်ဆနိုင်သော ပညာရှိ၏၊ ကာမတို့၌ မတပ်မက်၊ သတိနှင့်လည်း ပြည့်စုံ၏၊ ရင့်ကျက်သော ပညာနှင့်လည်း ပြည့်စုံ၏-ဟူသော ဒေသနာဖြင့် လူတို့၏ သီလအကျင့်၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် သူတပါးတို့ကို ဤသူသည် ငါးဆုံးမသည့် အတိုင်းကျင့်ပါသော် သံယောဇဉ် အနှောင်အဖွဲ့ သုံးပါးတို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်းသဘော မရှိသော အထက် မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ယင်းအနှောင်အဖွဲ့ သုံးပါးတို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် ရာဂ ဒေါသ မောဟတို့လည်း ခေါင်းပါးသောကြောင့် ဤလူ့ပြည်သို့ တကြိမ်သာလာ၍ ဆင်းရဲ၏အဆုံးကိုပြုသော သကဒါဂါမိ်၊ အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်း သံယောဇဉ် အနှောင်အဖွဲ့ ငါးပါးတို့ အကြွင်းမဲ့ကုန်ခြင်းကြောင့် ဥပပါတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုမည့် အနာဂါမိ်၊ အာသဝေါ တရားတို့ ကုန်ခြင်းကြောင့် လွတ်မြောက်သည့် စိတ်နှင့် လွတ်မြောက်သည့်ပညာကို ယခုဘဝ၌ပင် ထူးသောဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် နေသော ရဟန္တာ ဖြစ်လတ္တံ့ဟု သိသောဒေသနာဖြင့် ဆုံးမနည်းတို့၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် မိမိပညာဖြင့် နှလုံးသွင်းခြင်းကြောင့် တပါးသူကို ဤသူသည် သောတာပန်၊ သကဒါဂါမိ်၊ အနာဂါမိ်၊ ရဟန္တာဖြစ်လတ္တံ့ဟု သိသော ဒေသနာဖြင့် သူတပါး၏မဂ်ဖြင့် လွတ်မြောက်သော ဉာဏ်၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလူ့ပြည်၌ အချို့သော သမဏ-ဗြာဟ္မဏတို့သည် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ စတုတ္ထစျာန် သမာဓိကို ရ၏၊ ယင်းသို့ စိတ်တည်ကြည်သော် များပြားစွာသော ရှေး၌နေဘူးသော ဘဝကို အောက်မေ့နိုင်၏၊ ထိုသူက လောက ပျက်ခဲ့-ဖြစ်ခဲ့သည့် အတိတ်ကိုရင်း, ပျက်မည့်-ဖြစ်မည့် အနာဂတ်ကိုလည်း ငါသိ၏၊ အတ္တသည်ရင်း, လောကသည်ရင်း မြဲ၏၊ [illegible]၏၊ တောင်ထွတ်ကဲ့သို့ တည်၏၊ ထိုသတ္တဝါတို့ပင် တဘဝမှ တဘဝသို့ ပြေးသွားကုန်၏၊ ကျင်လည်ကုန်၏၊ သေကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ မြဲသော အရာတို့နှင့်တူစွာ အမြဲ ရှိနေသည်သာတည်းဟု ဆို၏ ဟူသော ဒေသနာဖြင့် သဿတ အယူဝါဒတို့၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလူ့ပြည်၌ အချို့သော သမဏ-ဗြာဟ္မဏတို့သည် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ စိတ်၏ တည်ကြည်ခြင်း သမာဓိကို ရ၏၊ ထို့ကြောင့် များပြားသော ရှေး၌ နေဘူးသော ဘဝကို အောက်မေ့နိုင်၏ဟူသော ဒေသနာဖြင့် ရှေး၌ ဖြစ်ဘူးသော ဘဝကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါ-သာ နုဿတိဉာဏ်၌ တရား ဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလောက၌ အချို့သော သမဏ-ဗြာဟ္မဏတို့သည် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ စင်ကြယ်သော လူတို့၏ မျက်စိထက် သာလွန်သော နတ်တို့၏ မျက်စိနှင့် တူသော ဒိဗ္ဗစက္ခုဉာဏ်ဖြင့် သေဆဲ-ဖြစ်ပေါ်ဆဲ သတ္တဝါတို့ကို မြင်၏၊ အယုတ်-အမြတ်, အဆင်းလှ-မလှကုန်

သော ကောင်းသော လားရာ-မကောင်းသော လားရာ ကံအား လျော်စွာ ဖြစ်ပေါ်ကုန်သော သတ္တဝါတို့ကို သိ၏ ဟူသော ဒေသနာဖြင့် စုတူပပါတဉာဏ်၌ တရားဟောကြားပါသည်။

မြတ်စွာဘုရား ထိုပြင် အရှင်သည် ဤလောက၌ အချို့သော သမဏ-ဗြာဟ္မဏတို့သည် ပြင်းစွာ အားထုတ်ခြင်းကို စွဲ၍ သမာဓိကို ရ၏၊ ယင်းစိတ် တည်ကြည်သော် များပြားသော တန်ခိုး အစီအရင်ကို ခံစား၏ ဟူသော ဒေသနာဖြင့် တန်ခိုး အစီအရင်တို့၌ တရား ဟောကြားပါသည်၊ ထိုထို ဒေသနာ တို့သည် မိမိထက် အလွန် အကဲမရှိ မြင့်မြတ်ပါသည်။

မြတ်စွာဘုရား မလျော့သော ခိုင်မြဲသော လုံ့လရှိသော ဘုရားလောင်းတို့၏ အားထုတ်ခြင်းရှိသော, ဘုရားလောင်းတို့ ဆောင်အပ်သောဝန်ကို ဆောင်စွမ်းနိုင်သော, သဒ္ဓါတရား ရှိသော ဘုရားလောင်းတို့ ရောက်အပ်သော လောကုတ္တရာတရား ရှိပါသည်၊ အစဉ် ရောက်တော်မူအပ်ပါပြီ၊ အရှင်သည် ယုတ်သော ရွာသူတို့ အကျင့်ဖြစ်သော ပုထုဇဉ်ကို မှီဝဲသော အပြစ်မကင်းသော အကျိုးစီးပွားနှင့် မစပ်သော ဝတ္ထုကာမ တို့၌ ကာမဂုဏ်ချမ်းသာကို ကပ်၍လျက် အားထုတ်ပြုကျင့်တော် မမူပါ၊ ဆင်းရဲခြင်းရှိသော အပြစ်မကင်းသော အကျိုးစီးပွားနှင့် မစပ်သော မိမိကိုယ်ကို ပင်ပန်းဆင်းရဲအောင် အားထုတ် ပြုကျင့်တော် မမူပါ၊ အရှင်သည် ကာယပဝေဂ စိတ်ပဝေဂ လွန်၍ တည်ကုန်သော မျက်မှောက်ဘဝ၌ ချမ်းသာစွာနေခြင်း ရှိကုန် သော ရူပါဝစရစျာန် လေးပါးတို့ကို အလိုရှိသည့်အတိုင်း ခက်ခဲပင်ပန်းခြင်း မရှိ ရတော်မူပါသည်။

မြတ်စွာဘုရား ဤသို့ဆိုသော် ကျွန်ုပ်သည် အရှင်၏တရားကို ဆိုသောသူ ဖြစ်ပါသလော၊ ဗုဒ္ဓကို မဟုတ်-မမှန် စွပ်စွဲရာ မရောက်ရာသလော၊ လောကုတ္တရာ တရားအားလျော်စွာ အကျင့် တရားတို့ကို ပြောကြားသူ ဖြစ်ပါသလော၊ အကြောင်းယုတ္တိ ရှိသော တစုံတခုသော ဝါဒသည် ကဲ့ရဲ့နိုင်သော အခွင့်သို့ မရောက်ပါသလော။

"သာရိပုတ္တ ဤသို့ဆိုသော် သင်သည် အမှန်အားဖြင့် ဗုဒ္ဓ မမှုကို ပြောဆိုသူလည်း ဖြစ်၏၊ ဗုဒ္ဓကို မဟုတ်မမှန်သော စကား ဖြင့် စွပ်စွဲရာလည်း မရောက်၊ လောကုတ္တရာ တရားအားလျော် သော အကျင့်တရားကို ပြောကြားသည်လည်း ဖြစ်၏၊ အကြောင်း ယုတ္တိရှိသော တစုံတခုသော ဝါဒသည် ကဲ့ရဲ့နိုင်သော အခွင့်သို့ လည်း မရောက်၊ သာရိပုတ္တ ဤတရားကို ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာတို့အား မပြတ် ဟောကြားလော့ သာရိပုတ္တ ဗုဒ္ဓ၌ ယုံမှားတွေးတောခြင်း ဖြစ်သည့် အချည်းနှီး ယောကျ်ားတို့အား ဤဒေသနာကို နာကြားရ၍ ထိုယုံမှား တွေးတောခြင်း ပျောက်လတ္တံ့"

ဤသို့လျှင် ရှင်သာရိပုတ္တသည် ဗုဒ္ဓအား မျက်မှောက်၌ ကြည်ညိုခြင်းကို ပြောကြားသောကြောင့် ဤတရား၏ အမည် သည် သမ္ပသာဒနီယဟု တွင်သတည်း။

ဒီဃနိကာယ် သမ္ပသာဒနီယသုတ်

## ၃

ရှင်သာရိပုတ္တ ဤသို့ လျှောက်ကြား၏—

၁

တုသိတာမှ ကြွလာသော ဂိုဏ်းဆရာဖြစ်သော သာယာစွာ ဆိုတတ်သော မြတ်စွာဘုရားကို ဤမှရှေ့၌ ကျွန်ုပ် မမြင်ဘူးပါ၊ ကြားလည်း မကြားဘူးပါ။

၂

အမြင်ရှိသော တဦးတည်းဖြစ်သော မြတ်စွာဘုရားသည် နတ်နှင့်တကွသော လူတို့ ထင်ရှားတွေ့မြင် နိုင်လောက်အောင် အမိုက်မှောင်အားလုံးကို ပယ်ဖျောက်တော်မူပြီး၍ မွေ့လျော်မှုကို ရတော်မူခဲ့၏။

၃

အများ အကျိုးငှာရင်း, တပည့် တပန်းတို့ အကျိုးငှာရင်း တာဒိဂုဏ်နှင့် ပြည့်စုံသော အံ့ဩဖွယ် ကုဟန အမူကို မပြုတတ်သော ဂိုဏ်းဆရာဖြစ်သော ထိုဗုဒ္ဓကို ပြဿနာမေးရန် ဤအရပ်သို့ ကျွန်ုပ် ရောက်လာခဲ့ပါ၏။

၄

ငြိးငွေ့ စက်ဆုပ်သည်ဖြစ်၍ ဆိတ်သုဉ်းသည့် နေရာဖြစ်သော သစ်ပင်ရင်း, သုသာန်, တောင်, လိုဏ်ဂူတို့၌ မှီဝဲ ဆည်းကပ်သော ဘိက္ခုအား ဘေးရန်တို့ အဘယ်မျှ ရှိပါကုန်သနည်း။

၅

အယုတ် အမြတ်ဖြစ်သည့် အိပ်ရာ နေရာတို့တွင် အသံကင်းဆိတ်သော အိပ်ရာ နေရာ၌ ဘိက္ခုသည် ကြောက်မက်ဖွယ် ဘေးရန်တို့ကြောင့် မတုန်လှုပ်ရာ၊ ထိုအိပ်ရာ နေရာ၌ မှီဝဲသော ဘိက္ခုအား ထိုဘေးရန်တို့ အဘယ်မျှ ရှိပါကုန်သနည်း။

၆

အစွန် အဖျား ကျသော အိပ်ရာ နေရာ ကျောင်း၌ ဘိက္ခုသည် ဘေးရန်တို့ကို နှိမ်နင်းရာ၏၊ လောက၌ မရောက်ဘူးသေးသော အရပ်သို့ သွားသော ဘိက္ခုအား ထိုဘေးရန်တို့ အဘယ်မျှ ရှိပါကုန်သနည်း။

၇

ဉာဏ်၌ နိဗ္ဗာန်သို့ စိတ်လွှတ်သော ဘိက္ခုအား ဘယ်သို့သော စကားတို့ ဖြစ်ပါကုန်သနည်း၊ ဘယ်သို့သော ကျက်စားရာတို့ ဖြစ်ပါကုန်သနည်း၊ ဘယ်သို့သော စောင့်ထိန်းမှု, ဆောက်တည်မှုတို့ ဖြစ်ပါကုန်သနည်း။

၈

စိတ်တည်ကြည်သော ပညာ ရင့်ကျက်သော သတိနှင့် ပြည့်စုံသော ထိုဘိက္ခုသည် အဘယ်မည်သော အကျင့်သိက္ခာကို ဆောက်တည်၍ ရွှေပန်းထိမ်သည် ရွှေ၏ အညစ် အကြေးကို ထုတ်သကဲ့သို့ ဤအတူ မိမိ၏ အညစ်အကြေးကို ထုတ်ရာပါသနည်း။

မြတ်စွာဘုရား ဤသို့ မိန့်ကြား၏—

၉

စက်ဆုပ်တတ်သော ဆိတ်ငြိမ်သည့် နေရာအိပ်ရာ ကျောင်းကို မှီဝဲသော စင်စစ်သမ္မောဓိကို အလိုရှိသူ၏ ချမ်းသာစွာ နေကြောင်း ဖြစ်သော ဘရားအားလျော်သော အကျင့်ကို သိမြင်သည့်အတိုင်း သင့်အား ဆိုပေအံ့။

၁၀

အပိုင်းအခြားနှင့် တကွ ကျင့်လေ့ရှိသော သတိ, ပညာရှိသော ဘိက္ခုသည် မှက်, ခြင်, မြွေ, ကင်း, သန်း တို့ရင်း၊ လူတို့ညှဥ်းဆဲ ထိပါးမှုတို့ရင်း၊ ခြေလေးချောင်း သတ္တဝါတို့ရင်း ဤဘေးရန် မျိုးတို့ကို မကြောက်ရာ။

## ၁၁

ကုသိုလ်ကို အစဉ်မပြတ် ရှာမှီးလေ့ရှိသူသည် အခြားတပါးသော ဓမ္မိကတို့၏ ကြောက်မက်ဖွယ်များစွာကို မြင်သော်လည်း မထိတ်လန့်ရာ၊ ထို့ပြင် အခြား ဘေးရန် တို့ကိုလည်း နှိမ်နင်း တိုက်ဖျက်ရာ၏။

## ၁၂

အနာရောဂါ ညှဉ်းဆဲ ထိပါး မှုဖြင့်ရင်း၊ ဆာလောင်မွတ်သိပ်မှုဖြင့်ရင်း တွေ့ထိခံရသူသည် သည်းခံရာ၏၊ ထို့ပြင် အချမ်း အပူကိုလည်း သည်းခံရာ၏၊ ယင်းတို့ဖြင့် များစွာ တွေ့ထိခံရသူသည် အခွင့်မပေးမူ၍ လုံ့လကြိုးကုတ် အားထုတ်မှုကို မြဲမြံစွာ ပြုရာ၏။

## ၁၃

ခိုးယူမှုကို မပြုရာ၊ မုသားစကားကို မဆိုရာ၊ ပုထုဇဉ် အရိယာတို့ကို မေတ္တာဖြင့် တွေ့ထိပြန့်နှံ့စေရာ၏၊ စိတ်နောက်ကျုမှုကို သိသောအခါ အမိုက်၏ အသင်းအပင်းဟု ပယ်ဖျောက်ရာ၏။

## ၁၄

အမျက်ထွက်မှု ထောင်လွှားမှု၏ အလိုသို့ မလိုက်ရာ၊ သူတို့၏ အမြစ်အရင်းကိုလည်းတူးဖြို

နှုတ်ပယ်၍ တည်ရာ၏၊ ထိုပြင် ချစ်ဖွယ် မချစ်ကို လွှမ်းမိုးနှိပ်စက် နိုင်သူသည် မုချ လွှမ်းမိုးနှိပ်စက်ရာ၏။

၁၅

ကောင်းမြတ်သော ပီတိနှင့် ပြည့်စုံသူသည် ပညာကို ရှေ့သွားပြု၍ ထိုဘေးရန်တို့ကို ပယ်ခွာရာ၏၊ အစွန်အဖျားကျသော အိပ်ရာ နေရာ၌ မမွေ့လျော်မှုကို သည်းခံရာ၏၊ ပရိဒေဝတရားတို့ကို သည်းခံရာ၏။

၁၆

အိမ်၌ ကျက်စားလေ့မရှိသော သေက္ခသည် အဘယ်ကို စားရမည်နည်း၊ အဘယ် အမျိုး၌မူလည်း စားရမည်နည်း၊ ဤညဉ့်၌ ဆင်းရဲစွာ အိပ်ခဲ့ရ၏၊ ယခု ညဉ့် အဘယ် အရပ်မှာ အိပ်ရမည်နည်း၊ ဤပရိဒေဝဖြစ်သော ထိုအကြံအစည်တို့ကို ပယ်ဖျောက်ရာ၏။

၁၇

ဤ၌ လျောက်ပတ်သော အခါ ဆွမ်း အဝတ် သင်္ကန်း ရခဲ့သော် ရောင့်ရဲလွယ်ခြင်း အကျိုးငှာ အတိုင်းအရှည်ကို သိရာ၏၊ ရွာ၌ စောင့်စည်း

အပ်သော အကျင့်ရှိသူသည် ထိုပစ္စည်းလေးပါးတို့၌ ရောင့်ရဲမှုဖြင့် စောင့်စည်းလျက် ချုပ်ချယ်ထိပါးသော်လည်း ကြမ်းတမ်းသော စကားကို မပြောဆိုရာ။

## ၁၈

မျက်လွှာချထားသူ ဖြစ်ရာ၏၊ ခြေမငြိမ်သူ မဖြစ်ရာ၊ ဈာန်ရမှုကို အားထုတ်သူ များစွာနိုးကြားမှုရှိသူ ဖြစ်ရာ၏၊ ဥပေက္ခာကိုအကြောင်းပြု၍စိတ်တည်ကြည်လျက် ဝိတက်တည်ရာကိုရင်း, ကုက္ကုစ္စကိုရင်း ဖြတ်တောက်ရာ၏။

## ၁၉

စကားတို့ဖြင့် စောဒနာခဲ့သော် သတိကို ဖြစ်စေလျက် နှိမ့်သက်ဝမ်းမြောက်ရာ၏၊ သီတင်းသုံးဖော်တို့ အပေါ်၌ ငြောင့်တံသင်းကို ဖျက်ဆီးရာ၏၊ ကုသိုလ်နှင့် ယှဉ်သော စကားကိုဆိုရာ၏၊ အပိုင်း အခြားကို လွန်၍လည်း မဆိုရာ၊ လူအများ စုပ်စုပြည့် တရားကို အားမထုတ်ရာ။

## ၂၀

ထိုပြင် လောက၌ မြူငါးမျိုးတို့ ရှိကုန်၏၊ သတိရှိသူတို့သည် ယင်းတို့ကို ပယ်ဖျောက်နိုင်ရန် ကျင့်ရာ၏၊ ဤသို့ ကျင့်သူသည် ရူပါရုံ, သဒ္ဒါရုံ,

ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့၌ တပ်စွန်းမှုကို သည်းခံနိုင်ရာ၏။

၂၁

သင့်လျော်သော အခါ၌ တရားကို စူးစမ်းဆင်ခြင်သော စိတ်လွတ်မြောက်သော သတိရှိသော ထိုဘိက္ခုသည် ထိုတရားတို့၌ အလိုဆန္ဒကို ပယ်ဖျောက်ရာ၏၊ စိတ်တည်ကြည်သော ထိုဘိက္ခုသည် အမိုက်တိုက်ကို ပယ်ဖျောက်ရာ၏။

သုတ္တနိပါတ် အဋ္ဌကဝဂ် သာရိပုတ္တသုတ်

*　*　*

## ၆–ရာဟုလောဝါဒသုတ်

အခါတပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ နေတော်မူ၏၊ ထိုအခါ ရာဟုလသည်လည်း အမ္ဗလဋ္ဌိကကျောင်း၌ နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ညနေချမ်းအချိန်တွင် ကိန်းအောင်းရာမှ ထ၍ အမ္ဗလဋ္ဌိကကျောင်း ရာဟုလထံသို့ ချဉ်းကပ်၏၊ ရာဟုလသည် အဝေးမှ ကြွလာသောမြတ်စွာဘုရားကိုမြင်၍ နေရာ ခင်းထား၏၊ ခြေဆေးရေကိုလည်းထည့်ထား၏၊ မြတ်စွာဘုရားသည် ခင်းထားသော နေရာ၌ထိုင်ပြီးလျှင် ခြေဆေး၏၊ သူသည် ရေအနည်းငယ်ကို ရေအင်တုံ၌ချန်ထား၍ ရာဟုလကို မေး၏–

"ရာဟုလ သင်သည် ရေအနည်းငယ် အင်တုံ၌ ချန်ထားသည်ကို မြင်၏လော"

"အရှင်ဘုရား မြင်ပါသည်"

"ရာဟုလ သိလျက် ခွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက် မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူနည်းပါး၏"

ထိုနောက် မြတ်စွာဘုရားသည် ထိုရေ အနည်းငယ်ကို စွန့်၍ မေးပြန်၏—

"ရာဟုလ ထိုရေ အနည်းငယ် စွန့်သည်ကို မြင်၏လော"

"အရှင်ဘုရား မြင်ပါသည်"

"ရာဟုလ သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ စွန့်ထားပြီးဖြစ်၏"

ထိုနောက် မြတ်စွာဘုရားသည် ထိုခြေဆေး အင်တုံကို မှောက်၍ မေးပြန်၏—

"ရာဟုလ သင်သည် ဤ အင်တုံ မှောက်သည်ကို မြင်၏လော"

"အရှင်ဘုရား မြင်ပါသည်"

"ရာဟုလ သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ မှောက်ထားပြီးဖြစ်၏"

ထိုနောက် မြတ်စွာဘုရားသည် ထို အင်တုံကို လှန်၍ မေးပြန်၏—

"ရာဟုလ သင်သည် ဤအင်တုံ အချည်းနှီး ဘာမျှ မရှိသည်ကို မြင်၏လော"

"အရှင်ဘုရား မြင်ပါသည်"

"ရာဟုလ သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသော ရဟန်းတို့အား ရဟန်းတရားသည် ဤအတူ အချည်းနှီး ဘာမျှ မရှိ ဖြစ်၏"။

ရာဟုလ ဥပမာ— ရထားလှည်းသန်နှင့်အတူ အစွယ်ရှိသော မင်းစီးဆင်သည် စစ်မြေပြင်သို့ ရောက်သော် ခြေထောက်, ကိုယ်,

ဦးခေါင်း, နားရွက်, အစွယ်, အမြီး, နှာမောင်း - အလုံးစုံတို့ဖြင့် အမှုကိစ္စကို ပြု၏၊ ထိုဆင် မပြုလုပ်သော အမှုမည်သည် တစုံတခုမျှမရှိတော့၊ ရာဟုလ အတူသာလျှင် သိလျက် ချွတ်ယွင်းသော စကားကို ပြောဆိုရာ၌ အရှက်မရှိသော မည်သည့် ရဟန်းအား မဆို မပြုလုပ်သော အကုသိုလ်မည်သည် တစုံ တခုမျှ မရှိချေ၊ ရာဟုလ ထိုကြောင့် ဤမှုသာ ဝါဒ၌ရယ်ရွှင် မြူးတူးလို၍မျှလည်း ချွတ်ယွင်းသော စကားကို မဆိုအံ့ဟု ကျင့်ရမည်၊ ရာဟုလ ကြေးမုံသည် အဘယ် အကျိုးရှိသနည်း။

"အရှင်ဘုရား ကြေးမုံသည် ကြည့်ရှုရခြင်း အကျိုးရှိပါသည်"

"ရာဟုလ ဤအတူသာလျှင် ကြည့်ရှု ဆင်ခြင်၍ ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုကို ပြုရမည်"။

ငါပြုလိုသော ကိုယ်,နှုတ်,စိတ် အမှုသည် မိမိ, သူတပါး, သို့မဟုတ် နှစ်ဦးစလုံး ဆင်းရဲစေခြင်းငှာ ဖြစ်ရာသလော၊ အကုသိုလ်လော၊ ဆင်းရဲကို ပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိလေ သလောဟု ကြည့်ရှုဆင်ချင်ရမည်၊ အကယ်၍ သိလျှင် ဤသို့ သဘောရှိသော ကိုယ်, နှုတ်, စိတ် အမှုကို စင်စစ် မပြုသင့်၊ ဤ အမှုသည် ဆင်းရဲခြင်းငှာ မဖြစ်၊ ကုသိုလ်တည်း၊ ချမ်းသာမှုကို ပွားစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏ဟု သိလျှင် ဤသို့ သဘောရှိသော ကိုယ်, နှုတ်, စိတ် အမှုကို ပြုသင့်၏။

ငါပြုနေဆဲ ကိုယ်, နှုတ်, စိတ် အမှုသည် မိမိ, သူတပါး သို့မဟုတ် နှစ်ဦးလုံး ဆင်းရဲခြင်းငှာ ဖြစ်ရာသလော၊ အကုသိုလ်လော၊ ဆင်းရဲကို ပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလေလောဟု ကြည့်ရှုဆင်ခြင်ရမည်၊ အကယ်၍ သိလျှင်

ဤသို့ သဘောရှိသော ကိုယ်, နှုတ်, စိတ် အမှုကို ရုပ်သိမ်း လေလော့၊ ဤအမှုသည် ဆင်းရဲခြင်းငှာ မဖြစ်၊ ကုသိုလ်တည်း၊ ချမ်းသာမှုကို ပွားစေတတ်၏၊ ချမ်းသာသော အကျိုးရှိ၏ဟု သိလျှင် ဤသို့ ဘသောရှိသော ကိုယ်, နှုတ်, စိတ် အမှုကို ကြိုးပမ်းလော့။

ငါပြုမိပြီးသော ဤကိုယ်, နှုတ်, စိတ် အမှုသည် မိမိ, သူတပါး, သို့မဟုတ် နှစ်ဦးလုံး ဆင်းရဲခြင်းငှာ ဖြစ်ရောသလော၊ အကုသိုလ်လော၊ ဆင်းရဲကို ပွားစေတတ်သလော၊ ဆင်းရဲသော အကျိုးရှိသလောဟု ကြည့်ရှုဆင်ခြင်ရမည်၊ အကယ်၍ သိလျှင် ဤသို့သဘောရှိသော ကိုယ်, နှုတ်, စိတ် အမှုကို ဆရာ့ထံ၌ ဖြစ်စေ, ပညာရှိဘို့ထံ၌ဖြစ်စေ, သီတင်းသုံးဖော်တို့ ထံ၌ဖြစ်စေ ပြောကြားရမည်၊ ဖွင့်ပြရမည်၊ ထင်စွာပြုရမည်၊ နောင်အခါ၌ စောင့်ရှောက်ခြင်းသို့ ရောက်ရမည်။

ငါပြုမိပြီးသော ဤကိုယ်, နှုတ်, စိတ် အမှုသည် မိမိ, သူတပါး သို့မဟုတ် နှစ်ဦးလုံး ဆင်းရဲခြင်းငှာ မဖြစ်၊ ကုသိုလ် တည်း၊ ချမ်းသာကို ပွားစေတတ်၏၊ ချမ်းသာသော အကျိုး ရှိ၏ဟု သိလျှင် ဝမ်းမြောက်ခြင်းဖြင့် သာလျှင် ကုသိုလ်တရား တို့၌ နေ့ရောညဉ့်ပါ ကျင့်ကြံလျက် နေရာ၏။

ရာဟုလ လွန်လေပြီးသော အခါက ကိုယ်အမှု, နှုတ်အမှု, စိတ်အမှုကို သုတ်သင်ခဲ့ကြသော သမဏ-ဗြာဟ္မဏ အားလုံး တို့သည် ဤသို့ ကြည့်ရှုဆင်ခြင်၍သာ ကိုယ်, နှုတ်, စိတ်အမှုကို

သုတ်သင်ကြ၏၊ နောင်အခါလည်း ဤသို့လျှင် ကြည့်ရှုဆင်ခြင်၍ သုတ်သင်ကြလိမ့်မည်၊ ယခုအခါ၌လည်း ဤသို့ပင် ကြည့်ရှုဆင်ခြင်၍ သုတ်သင်နေကြ၏၊ ရာဟုလ ထိုကြောင့် ဤသာသနာ၌ ကြည့်ရှုဆင်ခြင်၍ ကိုယ်, နှုတ်, စိတ်အမှု သုတ်သင်အံ့ဟု ကျင့်ရမည်—။

ရာဟုလသည် မြတ်စွာဘုရား၏ စကားကို နှစ်သက်ဝမ်းမြောက်စွာ ဦးထိပ်ရွက် ပန်ဆင်လေ၏။

**—မဇ္ဈိမပဏ္ဏာသ ဘိက္ခုဝဂ် အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ်**

ဤမျှသော စကား အစီအစဉ်ဖြင့် မန်လည် ဆရာတော်ဘုရားနှင့် အသောက မင်းတရား ညွှန်ကြားသော လက်ရွေးစင် သုတ္တန်များကို အနက်မြန်မာ ပြန်ဆို၍ ပြီးမြောက်ပါသတည်း။

သော်ဇင်

၃—၉—၇၀

* * *

# မြင်သာ စာအုပ်တိုက်

## နိဒါန်း

ပျင်းသူအား အတတ်ပညာ ဘယ်မှာ ရအံ့နည်း၊
အတတ်မရှိသူအား ဥစ္စာ ဘယ်မှာ ရအံ့နည်း၊
ဥစ္စာမရှိသူအား မိတ်ဆွေ ဘယ်မှာ ရအံ့နည်း၊
မိတ်ဆွေမရှိသူအား ချမ်းသာ ဘယ်မှာ ရအံ့နည်း၊
ချမ်းသာမရှိသူအား ကောင်းမှု ဘယ်မှာ ရအံ့နည်း၊
ကောင်းမှုမရှိသူအား ငြိမ်းချမ်းမှု ဘယ်မှာ ရအံ့နည်း။

—လောကနီတိ

ယခုအခါ စာဝါ ရင့်ကျက်သူတို့သည် လေးလေး-နက်နက် အတွေးအခေါ်နှင့် ပတ်သက်သော အကျိုးပြု စာပေတို့ကို ကြည့်ရှု လေ့လာရန် လိုလား တောင့်တနေကြ၏၊ သို့ရာတွင် ထိုစာပေတို့မှာ အများအားဖြင့် လွယ်ကူခြင်း မရှိလှချေ၊ ခက်ခဲ နက်နဲသည်သာ များ၏၊ စင်စစ် အဖိုးထိုက်တန်သော ကျောက် မျက် ရတနာမွန်ကို လွယ်လင့်တကူ မရနိုင်သကဲ့သို့ ပင်တည်း၊ မြတ်စွာဘုရား သခင်ကလည်း— "အဖိုးလည်း ထိုက်တန်သော, အတုမဲ့လည်း ဖြစ်သော, တွေ့မြင်ရန်လည်း ခက်ခဲသော,

သူမြတ်တို့ အသုံးအဆောင်လည်း ဖြစ်သော အရာကို ရတနာ ခေါ်၏”-ဟု မြွက်ကြားတော် မူခဲ့၏၊ လူသာမန်တို့ကား ကျောက်ခဲကို ရတနာ ခေါ်ဆိုကြ၏၊ သူမြတ်တို့၏ ရတနာမှာ စာပေဖြစ်၏၊ စာပေရတနာသည် အဖိုးသိုက်တန်၏၊ အတုမဲ့ ဖြစ်၏၊ တွေ့မြင်နိုင်ရန် ခက်၏၊ သူမြတ်တို့ အသုံးအဆောင် ဖြစ်၏၊ ယင်းရတနာကို လူတိုင်း လွယ်ကူစွာ ကြည့်ရှုလေ့လာနိုင် စေရန်အတွက် **မြင်သာစာအုပ်တိုက်** ပေါ်ထွက်လာခြင်း ဖြစ်၏၊ စာပေ ဝါသနာရှင်တို့၏ ဘုန်းကံဟုလည်း ဆိုနိုင်ပါသည်၊ ဘုန်းကံရှင်တို့၏ ထံ မှာက်သို့ မွန်မြတ်သော ပစ္စည်းဥစ္စာ ရတနာ တို့ လွယ်ကူစွာ ရောက်လာနိုင်သကဲ့သို့ စာပေဝါသနာရှင်တို့၏ ဘုန်းကံကြောင့် မြင်သာစာအုပ်တိုက် ပေါ်ပေါက်လာခြင်း ဖြစ်၏၊ မြင်သာသည် လေးလေးနက်နက် အတွေးအခေါ်နှင့် ပတ်သက်သော အကျိုးပြု စာပေတို့ကို လွယ်ကူစွာ ရှုမြင်သာ အောင် ကြံဆောင်ပေးမည် ဖြစ်ပါသည်၊ မြင်သာသည် စာအုပ် ကောင်း၏အမှတ်လက္ခဏာ ဖြစ်၏၊ မိမိ၏ အခိုက်အတန့် ဖြစ်သော အလိုဆန္ဒနှင့် သဘော မတိုက်ဆိုင်ဘဲ ဖြစ်ကောင်း ဖြစ်မည်၊ ဖြစ်လည်း ဖြစ်နိုင်ပါသည်၊ သို့ရာတွင် စာအုပ်ကောင်း စာအုပ် ဖြစ်ကြောင်းကိုကား ဝန်ခံလိမ့်မည်ဟု ယုံကြည်ပါသည်၊ မြင်သာ စာအုပ်တိုက်ကို ‘မန်လည် ဆရာတော်ဘုရားနှင့် အဘောကပင်း ညွန်ကြားသော သုတ္တန်များ’ အမည်ရှိသော စာအုပ်နှင့် စတင် ဖွင့်လှစ်ပါသည်၊ သို့ရာတွင် ဤ၌ စာပလွေ့ဘိုက်ထုတ် စာအုပ် များနှင့် ပူးတွဲ ပေါ်ပေါက် ထားလိုက်ပါသည်၊ သို့ကြောင့် **စာပလွေ့**ကို အမည်နာမနှင့် ငနုရာဌာန ပြောင်းလိုက်သော **မြင်သာ**ဟု ဆိုလိုက ဆိုနိုင်ပါသည်။

မြင်သာ၏ ခံယူချက်မှာ ရှေးအခါက နယ်ချဲ့ကို မောင်းနှင်ခဲ့သည့် ပြည်သူ့ ကြေးကြော်သံ ဖြစ်သော **အမျိုး=ဘာသာ=သာသနာ** ဖြစ်၏၊ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းရှိ တိုင်းရင်းအမျိုးသား, မလေ့ထုံးစံ ယဉ်ကျေးမှု ဘာသာစကားနှင့် ယုံကြည်ကိုးစားမှု အဆုံးအမတို့ကို လေးစားမြတ်နိုးမည် ဖြစ်၏၊ ထိုသို့ လူတိုင်း လေးစားမြတ်နိုးလာအောင်လည်း ကြိုးစားမည် ဖြစ်၏၊ မြင်သာတိုက်ထုတ် စာအုပ်တို့မှာ အမျိုးသားတို့ အကျိုးစီးပွားဖြစ်ထွန်းစေရန်, ယဉ်ကျေးမှု ဘာသာစကား တိုးပွားစေရန်နှင့် ယုံကြည်ကိုးစားမှု အဆုံးအမ သြဝါဒ မှန်ကန်စေရန်တို့ ဖြစ်လိမ့်မည်ဟု ဆိုလိုရင်း ဖြစ်ပါသည်၊ ထိုစကား ဟုတ်-မဟုတ်, မှန်-မမှန်ကို မြင်သာ၏ ' အတိတ်, ပစ္စုပ္ပန်, အနာဂတ် လုပ်ရပ်များဖြင့် အကဲခတ် ဝေဘန်ကြပါကုန်။

အတတ်ပညာနှင့်တူသော ဥစ္စာမရှိ၊ အတတ်ပညာကို ခိုးသူတို့ မယူနိုင်ကုန်၊ အတတ်ပညာသည်ကား ဤလောက၌ အဆွေခင်ပွန်းဖြစ်၏၊ တမလွန်လောက၌ ချမ်းသာကို ဆောင်တတ်၏၊

အကြားအမြင် ပညာကို နည်း၏ဟု မအောက်မေ့ရာ၊ စိတ်၌ ထားရာ၏၊ တောင်ပို့ကဲ့သို့ရင်း, ရေပေါက်သည် ကျဖန်များစွာ ရှည်ကြာသဖြင့် ပြည့်သကဲ့သို့ပင်း—ဘည်း၊ အတတ်ပညာကို ငယ်၏ဟု မအောက်မေ့ရာ၊ ကုန်စင်အောင် တတ်မှုကား တခုသော အတတ်သည်လည်း အသက်မွေးဝမ်းကျောင်း ဖြစ်သည်သာ၊ တောင်-တောင် ဟူသမျှ၌ ပတ္တမြားမရှိ၊ ဆင်-ဆင် ဟူသမျှ၌ အမြုတေ မရှိ၊ အရပ်-အရပ်တိုင်း၌ ပညာရှိ သုခမိန် မရှိချေ။

—လောကနီတိ

# စာပလွေခေတ်

## (၁) ဓမ္မပဒ

ပိဋကတ် သုံးပုံထဲတွင် စာအုပ် တအုပ်၏ အမည်ကို ပြောစမ်းပါဟု ဆိုလာလျှင် အထစ်အငေါ့ မရှိဘဲ ဓမ္မပဒကို ညွှန်ပြလိုက်မည်၊ အကြောင်းကား ယင်းသည် စာပေလောက တွင် တခုတည်းသော အကောင်းဆုံး စာအုပ်ဖြစ်၍ အကျွန်ုပ် အား အထူး ကျေးဇူးများသောကြောင့် ဖြစ်သည်၊ နှစ်ပေါင်း လေးဆယ်ကျော်အတွင်း ကံမကောင်း အကြောင်း မသင့်၍ စိတ်နှလုံး ပူပန်ဆင်းရဲခြင်းဖြစ်သည့် အခါတိုင်း သူသည် ကျွန်ုပ်အား သစ္စာရှိသော မိတ်ဆွေကောင်းတယောက် အဖြစ် ဖြင့် ဖြေဖျော်ခဲ့ပါသည်၊ မနှိုင်းယှဉ်လောက်အောင် လှပသော ဂါထာတို့သည် အကြံဉာဏ်ပေးရန်အတွက် ဖြစ်စေ, ဂုဏ်သတင်း ကျော်စောပျံ့သင်းရန် ဖြစ်စေ, ထိုးထွင်း သိမြင်ရန်အတွက် ဖြစ်စေ- ဘယ်ဘက်ကမျှ အချည်းနှီးသက်သက် မဖြစ်၊ တခုခု အတွက် အကျိုးသက်ရောက်သည် သာတည်း၊ အင်္ဂလိပ်လို ဓမ္မပဒ ဘာသာပြန်စာအုပ်တွင် သီဟိုဠ်ကျွန်းသား ဒေါက်တာကသ်ယင် အေပရဲရာဆိုသူ၏ ရေးသားချက်ဖြစ်၏၊ ကမ္ဘာအရပ်ရပ်တွင်၎င်း, မြန်မာနိုင်ငံတွင်၎င်း ဓမ္မပဒ ဘာသာပြန်စာအုပ် အများအပြား

ထွက်ပေါ်လျက် ရှိ၏၊ ထိုထို စာအုပ်တိုင်းတွင် ဓမ္မပဒ၏ ဂုဏ်တို့ကို အစွမ်းရှိသလောက် ထုတ်ဖော်ကြ၏၊ သို့ရာတွင် သူ၏ဂုဏ်တို့မှာ မကုန်နိုင်အောင် များပြားလျက်ပင် ရှိ၏၊ ဆရာဓာကရိသျှဏ ဆိုသူကမူ 'ကမ္ဘာ့သား အချင်းချင်း, ယဉ်ကျေးမှုအချင်းချင်း—တဦးနှင့်တဦး, တခုနှင့်တခု နားလည် ဆက်စပ်ညီညွတ်မှုအတွက် ဓမ္မပဒကို ဘာသာ ပြန်ပေးသင့်သည်,—ဟုပြောပြ၏၊ လူတိုင်း-လူတိုင်း ဖတ်ရှုလေ့လာသင့်သော စာအုပ်ဖြစ်၏။ အဖိုး ၃-ကျပ်။

## (၂) စာဥယျာဉ်

ဤစာအုပ်၏ သမိုင်းချုပ်ကိုကား ကြေးမုံသတင်းစာ စာကြေးမုံမှ ကောက်နုတ် ဖော်ပြပါမည်— ဘာသာရေးနှင့် စာပေကြောင်းရပ် မျိုးစုံကို ရေးသော ဦးသော်ဇင်အမည်အပြင် အခြားကလောင် အမည်တခု ရှိသေး၏၊ ဥယျာဉ်မှူးဖြင့် ကဗျာဂီတကြောင်းရပ် မျိုးစုံကို ရေး၍ တိုင်းရင်းမေ ကဗျာ့ဥယျာဉ်ကို ကိုင်သည်၊ ယခုစာဥယျာဉ်တွင်မူ သူပိုင်သမျှ ဥယျာဉ်ကြီးတခုလုံးကို ဖွင့်ပြလိုက်သည်ဟု ဆိုရဘို့ရှိသည်၊ အိုးစည်မောင်းမယ်ရပ်ဖြင့် စာဥယျာဉ်ကို ဖွင့်၍ မှန်ဦးဖွင့်ပွဲ အခန်းကိုမြန်မာ့ အခြေအမြစ် ကဗျာဂီတ အသံရိုးရာ သွင်ပြင် ပေါ်အောင် စိန်ဗေဒါလက်သံကဲ့သို့ အကွက်စိပ်စိပ်ရေးသည်၊ ကဗျာပုံစံသစ်ကို ဆွေးနွေးသည်၊ ပုံစံနှင့် အကြောင်းရပ်ကို တင်ပြသည်၊ ဒုတိယအခန်းတွင် စောင်းသို့ကူး၏၊ မြန်မာ့အခြေခံ

စောင်းဖြင့် မြန်မာ့ဟန် မြန်မာ့အသံ စစ်စစ် ပေါ်အောင် စောင်းကို စာဖြင့် ညှိ၍ဖော်သည်၊ ကဗျာခြောက်ဆယ် တတိယ ကဏ္ဍတွင်လည်း ထူးခြား၏၊ ‘ခြောက်ဆယ်’ ဟု ဆိုရုံမျှဖြင့် ကာဠုဒါယီ ဂါထာခြောက်ဆယ်ကို သိကြပြီး ဖြစ်သည်၊ သို့ရာတွင် ဦးယျာဉ်မှူး၏ ခြောက်ဆယ်မှာ ထူး၏၊ အများသိကြသော ရှင်ဥတ္တမကျော်, ရှင်အုန်းညိုတို့အပြင် စိတ်ကူးယဉ် လောကီဆန်လွန်းသဖြင့် ပိဋကတ်သမားတို့ ခပ်ဖယ်ဖယ်ပြုထား ခံရသော ရှင်ဗုဒ္ဓဒတ္တ၏ ‘ခြောက်ဆယ်’ ကို သူ့နည်း သူ့ဟန်ဖြင့် ထုတ်ပြသည်၊ မေဃဒူတ, ရတုသံဟာရ တည်းဟူသော ကာလိဒါသ၏ မိုးတိမ်တမန်, ရာသီဖွဲ့တို့မှာကား သက္ကတဟန်ပြီးသော ဦးယျာဉ်မှူး၏ ကျက်စားရာဖြစ်၏၊ တဂိုး၏ ‘ဂီတဥ္စလိ’ မှာ ဗမာ့စာပေလောကတွင် ထင်ရှားပြီး ဖြစ်သော်လည်း ဦးယျာဉ်မှူး၏ ယခု ဂီတဥ္စလိမှာ ဟိန္ဒူမှ တိုက်ရိုက်ယူပေးခြင်း ဖြစ်၏၊ သို့နှင့် စာဉ်ယျာဉ်သည် စာသမား, ကဗျာသမား, ဂီတသမားတို့အတွက် ရင်ဝယ်ပိုက်အပ်သော မြတ်နိုးဘွယ် စာအုပ်တအုပ် ဖြစ်လေ၏။ အဖိုး ၅-ကျပ်။

## (၃) မိလိန္ဒပဉှာ

ဗုဒ္ဓဓမ္မကို လေ့လာပါလျှင် ပြဿနာပေါင်း များစွာ ဝန်းရံနေ၏၊ မြတ်စွာဘုရား ထင်ရှား ရှိခဲ့ဘူးပါသလား၊ သူသည် လောကတွင် အမြတ်ဆုံးလော၊ အလုံးစုံကို အကုန် သိသလော၊ သဗ္ဗညုတ ဉာဏ်ရှင်လော၊ ကုသိုလ်–အကုသိုလ် ကံတို့ ရှိပါသလော၊ ထိုကံတို့၏ အကျိုးဖလ အာနိသံသ ရှိပါ သလော့၊ ရှေးဘဝ, နောက်ဘဝ ရှိပါသလော၊ နိဗ္ဗာန်သည် အဟုတ်ဘကယ် ချမ်းသာသလော၊ ဝိပဿနာလုပ်ငန်း မှန်ကန် သလော၊ ရဟန်းပြုခြင်းသည် ဘယ်အကျိုး ရှိသနည်း၊ ဗုဒ္ဓအား ပူဇော်၍ အကျိုးရှိနိုင်မည်လော၊ ပရိတ်ရွတ်၍ အန္တရာယ်ကင်းပါ မည်လော၊ ဤသို့ အစရှိသော ပြဿနာအသီးသီး, ယုံမှားခြင်း အသွယ်သွယ်တို့ဖြင့် ရှုပ်ထွေးပွေရှက် အသိခက်နေ၏၊ ဤယုံမှား သင်္ကာ ပြဿနာတို့သည် ယခုခေတ်ရောက်မှ ပေါ်ပေါက်သည် မဟုတ်၊ ရှေးနှစ်ပေါင်း ဘထောင်ကျော် နှစ်ထောင်နီးပါးကပင် လူတို့၏ ဦးနှောက်ကို တီးခေါက်နေကုန်၏၊ ထိုသို့ ပြဿနာ တို့၏ တခုတည်းသော အဖြေမှာ မိလိန္ဒာပဉှာ ဖြစ်၏၊ စင်စစ် မိလိန္ဒာပဉှာသည် ထိုမှတပါး ရာပေါင်းများစွာသော ပြဿနာ တို့သို့ အာဂမ သဘာဝ ယုတ္တိပေါင်း များစွာတို့ဖြင့် ရှင်းလင်း ဖြေဆိုထား၏၊ မိလိန္ဒာပဉှာ ပါဠိတော်ကြီးကို လူတိုင်း ဖတ်ရှု လေ့လာနိုင်စေရန် ဆရာဦးသော်ဇင်က ခေတ်မှီအရေးအသားဖြင့် အကျဉ်းချုပ် ပြန်ဆို၏။ အဖိုး ၄-ကျပ်။

* * *

# (၄) နန်းစဉ်ပုစ္ဆာ

သက္ကရာဇ် ၁၁၁၅-ခုနှစ် ပဌမ ဝါဆိုလ အတွင်း ကုန်းဘောင်ပြည် ရတနာသိင်္ခမြို့တော် ထီးကနက်ကို တည်ရပ်မိ၊ လျှင်ပင် ပြည်တော်တည်စဦး မင်းတရားကြီးသည် ဆရာတော်ကို လျှောက်ထားသည်ကား-တကာတော်လျှောက်သည် ဆရာတော်-လူတို့တွင် ဖွားသက္ကရာဇ် ဇာတာအမှတ်အသား မရှိသောသားကို သူကောင်းသားပင် ဖြစ်သော်လည်း အမှတ်အသား အစွဲမရှိသော အရိုင်းသား ကျွန်သားဟူ၍ ထင်မှတ် သမုတ်ကြကုန်၏၊ ရာဇဝင် သမိုင်းမော်ကွန်းရေးသော ထားမြဲထုံးစံ အစဉ် ပရှိသော မြို့ပြည်ရွာ တို့ကိုလည်း ထီးဆောင်းမင်း နေပြည်တော်ပင် ဖြစ်သော်လည်း မြို့ကြမ်းပြည်ကြမ်း မင်းကြမ်းဟူ၍ သမုတ်ကြကုန်၏၊ တကာ တော့ပြည် တကာတော့မြို့ကိုလည်း သမိုင်းမော်ကွန်း ပထားပါ လျှင် နောင်မထင်မရှားလူသာမညတို့ ပြုမိပြုရာ ပြုလုပ်လေသည် ဟု သမုတ်လေတော့မည်၊ ရှေးသာသနာပြု ပြည်ထောင်မင်း ကရာဇ်တို့ မြို့ပြည်ရွာ၌ ထုံးစံအစဉ်အတိုင်း မြို့သမိုင်း မော်ကွန်း သာသနာရေးကို သာသနာပြုမင်းဆက် အပေးပုံ အရေးပုံတို့ကို အကုန်အစင် စီရင်တော်မူပါကုန်-ဟု မဟာဒဏ် ဇေယျရန်အောင် [illegible] သည်မှာ— "အရေးတော်ပုံမှာ လောကဝတ် သက်သက် စစ်မှု အရာ ဖြစ်ခဲ့သည်၊ ဆရာတော် မစီရင်ချင်ပါ၊ သင့်ရာ ခိုင်းစေ တော်မူပါတော့၊ ကျွန်သမျှတို့ကို ရှေးသူဟောင်း ပညာရှိတို့ ထုံးစံအစဉ်အတိုင်း စီရင်တော်မူပါမည်"-ဟု ဝန်ခံပြီးလျှင် ယင်း ဝန်ခံသည့်အတိုင်း ကိုယ်တော်ရှိစဉ် မြို့သမိုင်း မော်ကွန်း

နန်းစဉ်မင်းကျင့် ရာဇသတ် မင်းဆက် သာသနာဆက် ဆရာဆက် သံဃိက အဆုံးအဖြတ်တို့ကို စီရင်၍ ဆက်သွင်းမိ၏၊ မင်းဆက် သမိုင်းနှင့် နန်းစဉ်မေးတမ်း ပုစ္ဆာ ခုနစ်ရာတို့ကို မသွင်းမိ၍ သက္ကရာဇ် ၁၁၂၈-ခု သားတော်ကြီး ဆင်ဖြူရှင် လက်ထက်မှ စာကိုယ်ကို သွင်းမိ၏၊ အဖြေကို မသွင်းမိ၍ သက္ကရာဇ် ၁၁၃၀ ပြည့်နှစ်မှ အဖြေကို စီရင်သည်၊ သိကြားမင်းမေး၍ မြတ်စွာ ဘုရားဖြေသော အမေးအဖြေသည် သက္ကပဉ္စသုတ်ဟု ထင်ရှား၏၊ မိလိန္ဒမင်း မေး၍ ရှင်နာဂသိန် ဖြေသော အမေးအဖြေသည် မိလိန္ဒပဉှာဟု ထင်ရှား၏၊ နန်းစဉ်ပုစ္ဆာကား အလောင်းဘုရား မေးသော ပုစ္ဆာ ၅၇-ရပ်တို့ကို မဟာအတုလဆရာတော် ဖြေဆို သောကျမ်းဖြစ်၏၊ ယောနကတိုင်းက မိလိန္ဒမင်းနှင့် မြန်မာနိုင်ငံ ကုန်းဘောင် ပြည်ကြီးက အလောင်း ပင်းတာရားကြီးကို နှိုင်းယှဉ်ကြည့်နိုင်၏၊ ထိုအတူ ရှင်နာဂသေနနှင့် အတုလဆရာ တော်၊ အလောင်းမင်းကား ရိုးရိုးစင်းစင်းနှင့် ပွင့်လင်းသကဲ့သို့ အတုလ ဆရာတော်၏ ဖြေပုံလည်း ပြည့်စုံရှင်းလင်း၏၊ ဗုဒ္ဓမ၏ အနှစ်သာရတို့ဖြင့် ပြည့်ဝနေပါသည်။ အပိုး ၃—ကျပ်။

* * *

## (၅) မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ

ရှေးအခါက ရွှေတောင်မြို့ ကျီးသဲလေးထပ် ဆရာတော် သည် ဇိနတ္ထပကာသနီ ကျမ်းကြီးကို စီရင်တော်မူခဲ့၏၊ ထိုကျမ်းကြီးသည် ထိုစဉ်အခါက လူတို့အကျက် အပိုးအနှ

ထိုက်တန်လှပေ၏၊ ထိုကြောင့် ထိုကျမ်းကြီးကို အကြိမ်ကြိမ် ပြန်လည်ပုံနှိပ်ခဲ့ရ၏၊ ဗုဒ္ဓသာသနာ၏ အရိပ်အာဝါသအောက် ခိုလှုံသူမှန်သမျှ ထိုကျမ်းကြီးကို လေးစားကြ၏၊ ထိုကျမ်းကြီး ကြောင့် ဗုဒ္ဓမြတ်စွာ၏ အကြောင်းအရာတို့ကို သိကြရ၏၊ ဆရာသမား မိဘဘိုးဘွားတို့ ပြောစကားကို အဆက်ဆက် ကြားနာ၍ ယခုခေတ်လူတို့လည်း မတွေ့မမြင်ဘူးစေကာမူ ဇိနတ္ထကို သိကြ၏၊ သို့ရာတွင် သူတို့ လက်လှမ်းမမှီကြချေ၊ စာအုပ် ကြီးမားခြင်း, အဖိုးနှုန်း ကြီးမြင့်ခြင်းနှင့် စာရေးဖွဲ့ပုံ ရှေးကျခြင်းတို့ကြောင့် ဖြစ်၏၊ ယို့ပြင် အတိတ်ဇာတ်လမ်းတို့က လည်း သိပ္ပံပညာ အလေးထားသော ခေါ်လူ အတော်များများ ကို ရှောင်ရှားစေခဲ့၏၊ ဤအကြောင်းတို့ကို တွေ့မြင်ရ၍ ဆရာ ဦးသော်ဇင်သည် မြန်မာပြည်ရောက် ဗုဒ္ဓသာသနာ စာအုပ်ကို စီစဉ်ခြင်း ဖြစ်၏၊ ဤစာအုပ်ကို စနစ်သစ် ဇိနတ္ထပကာသနီဟု ဆိုလျှင် မမှားချေ၊ ဘုရားလောင်း ဖွားမြင်သည်က စ၍ ပရိနိဗ္ဗာန်ဝင် စံသည့်တိုင်အောင် တပိုင်း၊ ထို့ပြင် ပထမ သံဂါယနာတင်သည်မှ မြန်မာပြည်သို့ သာသနာဝင်လာသည့် တိုင်အောင် တပိုင်းအားဖြင့် အပိုင်းကြီးနှစ်ပိုင်းခွဲကာ ဗုဒ္ဓဘာသကို သူ၏ဘိက္ခု, ဘိက္ခုနီ, ဥပါသက, ဥပါသိကာ လေးပါးတို့ဖြင့် တန်ဆာဆင်ကာ တင်ပြထား၏၊ တောင်ပိုင်း ထေရဝါဒီတို့၏ အာဘော်ကျ ပြည့်စုံခိုင်လုံ၍ ဖတ်ကောင်းသော ဂေါတမ ဗုဒ္ဓဝင်ဟုလည်း ခေါ်ဆိုနိုင်၏။ အဖိုး ၅-ကျပ်။

* * *

## (၆) ဟိန္ဒူဒဿန

အိန္ဒိယတိုင်းသား ဟိန္ဒူလူမျိုးများတွင် 'ဆဒဿန'ဟု ခေါ်သော ကမ္ဘာကျော် ဒဿန ခြောက်ဆောင် ရှိ၏၊ ယင်းတို့မှာ (၁) သင်္ချ ဒဿန, (၂) ယောဂဒဿန, (၃) ဝိသေသိက ဒဿန, (၄) နျာယ ဒဿန, (၅) မီမံသာ ဒဿနနှင့် (၆) ဝေဒန္တ ဒဿနတို့ ဖြစ်ကုန်၏၊ ဤဒဿန ခြောက်ဆောင်၏ အမည်ကို သိရုံမျှဖြင့် ရှေးအခါက မြန်မာ စာပေတို့တွင် မှားယွင်းနေသော အကြောင်းအရာ အချို့ကို အမှန်ရောက်အောင် ပြုပြင်နိုင်၏၊ ယင်းဒဿန ခြောက်စောင်ကို ဆရာပါရဂူနှင့် ဆရာဦးသော်ဇင်က ကိုယ့်နည်း ကိုယ့်ဟန်နှင့် အသီးသီး ရှင်းပြကြ၏၊ ဟိန္ဒူဝါဒ၏ ပဓာနမဏ္ဍိုင်မှာ အာတမာခေါ် အတ္တဖြစ်၏၊ အချို့သည် အတ္တကို ငြင်းပယ်၍ အချို့က လောကတွင် အတ္တမှတပါး ဘာမျှမရှိဟု ယုံကြည်၏၊ ဗုဒ္ဓဝါဒလည်း အတ္တကိုပင် အခြေခံ၏၊ ထို့ကြောင့် ဆရာ ဦးသော်ဇင်သည် ရှေးဦးစွာ ဟိန္ဒူတို့၏ အတ္တကို အသေးစိပ် ရှင်းပြ၏၊ ထို့နောက်မှ အဆိုပါဒဿန ခြောက်ပါးကို အစဉ် အတိုင်း ဖွင့်ဆိုသွား၏၊ ဒဿနတိုင်းကို အကျဉ်းချုပ်, အလယ် အလတ်နှင့် အကျယ်ဟု သုံးမျိုးခွဲကာ ဖော်ပြထား၍ ခက်ခဲ နက်နဲသော်လည်း သဘော ပေါက်နိုင်လောက်၏၊ ဟိန္ဒူဒဿန တို့ကို လေ့လာခဲ့ဘူးသော ပါမောက္ခကြီး တဦးကမူ ဟိန္ဒူ ဖီလိုဆိုဖီတွေကို အင်္ဂလိပ်လို ဖတ်ခဲ့ဘူးတယ်၊ သဘော မပေါက် ခဲ့ဘူး၊ ယခု ဦးသော်ဇင်၏ ဟိန္ဒူဒဿန ဖတ်ရမှ ဘဝင်ကျတော့ အကြောင်း ပြောပြ၏၊ ဟိန္ဒူဒဿနမှာ စာပေအနေသာမဟုတ်, မျက်နှာဖုံးကလည်း ဒဿန ဆန်လေသည်။ အဖုံး ၂-ကျပ်။

# (၇) စွယ်စုံကျော်ထင်

ကျည်းကန်ရှင်ကြီး၏ အမေးပုစ္ဆာ ပြဿနာတို့ကို ရွှေတောင်မြို့ ကျီးသဲ လေးထပ်ဆရာတော် ဖြေဆိုသော အမေး-အဖြေ ကျမ်းကြီးဖြစ်၏၊ ကျည်းကန်ရှင်ကြီးသည် လောကတခွင် ပြဲပြဲစင်အောင် မွှေနှောက် ချောက်ခြားပြီ ကပ်သီး-ကပ်သပ် ပြဿနာ ပုလုပ်ထား၏၊ ယင်းကို ကျီးသဲ ဆရာတော်က မပြေ-ပြေအောင် ကြံဆောင်ဖြေဆို၏၊ တချို့ပုစ္ဆာ တို့တွင် မေးသည်ထက်ပင် စေတနာပို၍ ဖြေဆို၏၊ အထောက် အထားပေါင်း အမြောက်အများ ပြ၍ဖြေကြား၏၊ သို့ကြောင့် စွယ်စုံကျော်ထင်ကို ပထမနှင့်ဒုတိယဟူ၍ နှစ်အုပ်ခွဲပြီး ထုတ်လုပ် ရ၏၊ ထိုကျမ်းကြီးကို မြင်ဘူး-တွေ့ဘူးသူပင် မများလှပါ၊ စာပေလိုက်စားသူ အနည်းငယ်သာ တွေ့မြင်ဘူး၏၊ ထိုတွင်လည်း ကောင်းစွာ လေ့လာနိုင်သူမှာ သာ၍ နည်းပါး၏၊ သို့ရာတွင် လူတိုင်းလိုလိုပင် ကြားဘူးကြ၏၊ ယခုအခါ နာမည်ကြီးလှသော မြန်မာ့စွယ်စုံဟူသော အမည်မှာ ထိုကျမ်းကြီးကို မှီငြမ်းထားခြင်း ပင် ဖြစ်၏၊ ဤမျှ နာမည်ကြီးသော်လည်း လေ့လာသူ နည်းလှ သဖြင့် ဆရာဦးသော်ဇင်က အမေးနှင့်အဖြေ ပြေလည်ရုံ ဖြစ်စေ ရန် အကျဉ်းချုပ် ပေးလိုက်၏၊ ဤကြောင့် လူတိုင်းပင် စွယ်စုံ ကျော်ထင်ကို တွေ့မြင်နိုင်ခွင့် ရခဲ့၏၊ စွယ်စုံကျော်ထင် လိုသူများ ဤစာအုပ်ကို ဖတ်ရှုသင့်၏၊ ထိုမှတဆင့် မူရင်းစာအုပ်ထူကြီးကို လွယ်ကူစွာ ဖတ်ရှုနိုင်မည်၊ ဤစာအုပ်မှ သုတေသန နိဒါန်းမှာ ကောင်းမွန် ပြည့်စုံလှပါ၏။ အဖိုး ၆-ကျပ်။

## (ဂ) စာပေရေးရာ အလင်္ကာ

မြန်မာနိုင်ငံတွင် ပါဠိလို အလင်္ကာကျမ်း တစောင်သာရှိ၏၊ ထိုကျမ်းကို သီဟိုဠ်ကျွန်းက ရှင်သံဃရက္ခိတ အမည်ရှိသော ရဟန်းတော်ပြုစု၏၊ မြန်မာပညာရှိတို့သည် ယင်းပါဠိ အလင်္ကာကျမ်းကို ခေတ်အလိုက် သူတမျိုး-ငါတဖုံနှင့် မျိုးစုံအောင် ပြန်ဆိုခဲ့ကြ၏၊ ထို့ကြောင့် ဤကျမ်းမှ ပေါက်ဖွားသော မြန်မာပြန် အလင်္ကာကျမ်းတို့ကို ရေတွက်ပြရန်ပင် မစွမ်းနိုင်ချေ၊ ဤစာပေရေးရာ အလင်္ကာလည်း ထိုပါဠိ အလင်္ကာကျမ်းကိုပင် အခြေခံ၏၊ ထို့ကြောင့် ထိုထက် ပြည့်စုံ ကြွယ်ဝ၏၊ အကြောင်းကား ဆရာဦးသော်ဇင်သည် တက္ကတ, ဟိန္ဒီ, ဗင်္ဂလီ ဘာသာတို့ကိုပါ ကျွမ်းကျင်လေရာ ပါဠိ အလင်္ကာကျမ်း မှီငြမ်းသည့် သက္ကတ အလင်္ကာကျမ်းသာ မဟုတ်၊ ထိုမှတပါးသော အလင်္ကာကျမ်းတို့မှ အလင်္ကာတို့ကိုပါ ဖော်ပြထားသောကြောင့် ဖြစ်၏။ ယခုအခါ ကောလိပ်ကျောင်းတို့တွင် အလယ်တန်းသောက်မှ စ၍ အလင်္ကာ ဘာသာရပ်တို့ကို သင်ကြားနေကြလေရာ ဤစာအုပ်သည် အကောင်းဆုံး ကူညီလျက်ရှိ၏၊ စာပေ ကဗျာ လင်္ကာတို့ကို ဂုဏ်မြောက်အောင်, ရသပေါ်အောင် ရေးသားစီကုံးမှု အတွက် [illegible] [illegible]၏၊ ဤမျှ ပြည့်စုံကြွယ်ဝသော အလင်္ကာကျမ်းမျိုး မူလ သက္ကတ, ဟိန္ဒီတို့မှာပင် မရှိသေးကြောင်း ဟိန္ဒူ ပဏ္ဍိတ်ကြီးတဦး ပြောကြားဘူး၏။ အဖိုး ၄-ကျပ်။

## ၉။ ရွှေဒဂုံဘုရား

သာမန်အားဖြင့် ဘုရားသမိုင်းဟုခေါ်နိုင်ပါသည်၊ သို့ရာတွင် ထိုထို ဘုရားသမိုင်းတို့နှင့် ကွဲပြားစေရန် ခွဲခြားလိုက်သော အမည်ပင်ဖြစ်၏၊ ဘုရားသမိုင်းကို ခေတ်လူတို့ မျက်နှာလွှဲနေကြသည်၊ အကြောင်းကား များစွာသော ဘုရားသမိုင်းတို့မှာ ပြည့်စုံခြင်း, ခိုင်လုံခြင်း, အစီအစဉ်ကျခြင်း စသည်တို့နှင့် ကင်းကွာသောကြောင့် ဖြစ်၏၊ သို့ဖြင့် ဤစာအုပ်ကို သိပ္ပံနည်းကျသော သဘာဝတို့ဖြင့် တန်ဆာဆင်ထားသည်ဟု မဆိုလိုပါ၊ သို့ရာတွင် ရွှေဒဂုံဘုရားနှင့် ပတ်သက်၍ အတန်ပြည့်စုံသည်၊ ပမာဏ မြောက်သော အထောက်အထား ခိုင်လုံသည်၊ တင်ပြပုံ အစီအစဉ် ကျနသေသပ်သည်၊ ထိုကြောင့် ဤစာအုပ်ကို ခေတ်လူတို့ လက်ခံကြခြင်းဖြစ်၏၊ ပြင်သစ်,အင်္ဂလိပ်,ရုရှ အစရှိသော ဘာသာသို့ ပြန်ဆိုနေကြ၏၊ နိုင်ငံရပ်ခြားတိုင်းတပါးသို့ သွားသူများ ဆောင်ယူသွားကြ၏၊ နိုင်ငံခြားရေး မိတ်ဆွေများထံ ပို့ပေးကြ၏၊ ထီးတော်နှင့် ပတ်သက်၍လည်း အတိအကျ သိရမည်၊ ထီးတော်ကြီးတွင် မည်သည့် ရတနာတို့ မည်မျှ ရှိသည်ကို အတိအကျ ဖော်ပြထား၏၊ ဘုရားသမိုင်းကို ဘယ်ပုံပြုစုသင့်သည်ဟု စံနမူနာအဖြစ် ပေါ်ထွက် လာသော ရွှေဒဂုံဘုရားဖြစ်၏၊ ရွှေဒဂုံဘုရားနှင့် ပတ်သက်၍ စိတ်ဝင်စားဖွယ်အလုံးစုံ စုပုံနေပေရာ မိမိ၏ စာအုပ်စင်တွင် အသင့်ရှိနေသင့်ပေသည်၊ အဖိုး ၂—ကျပ်။

* * *

# (၁၀) ဝိသုဒ္ဓိမဂ်

တောင်ပိုင်းဗုဒ္ဓသာသနာ ထေရဝါဒီဂိုဏ်းကို သမိုင်းတင်သည့် ထိပ်တန်း ကျမ်းပြုအကျော်အမော်ရှင် ဗုဒ္ဓဃောသ၏ လက်စွမ်းပြ ကျမ်းမြတ်တဆူဖြစ်၏၊ ဤကျမ်းကို ရေးအခါက ပါဠိစာပေ တတ်ကျွမ်းသော ရဟန်းတော်များသာ ကြည့်ရှုလေ့လာနိုင်၏၊ ထိုနောက် ကျိုက်ထိုဆရာတော်၏ ကြိုးပမ်းမှုကြောင့် မြန်မာစာ ဖတ် ပရိသတ်အချို့အား ကျေးဇူးများစေခဲ့၏၊ သို့ရာတွင် ပါဠိနည်းကျ ပြန်ဆိုထားပါ၍ ထိုသူတို့မှာ ပါဠိစာပေဘက်တွင် လည်း အတန် သွက်လက်သူများ ဖြစ်ကြ၏၊ ဤဘာသာပြန် ကား လူတိုင်း ဖတ်ရှုနိုင်၏၊ ဝိသုဒ္ဓိမဂ်ကို ကောင်းစွာလေ့လာမှု မပြုရသေးဘဲ ဗုဒ္ဓဝါဒလက်ခံ ယုံကြည်သူဟု ဝန်ခံဘို့ခက်၏၊ အကြောင်းကား ဗုဒ္ဓဝါဒီတယောက်၌ ပြည့်စုံရမည့် အကြောင်း အရာ အင်္ဂါလက္ခဏာတို့သည် ဤစာအုပ်တွင် အပြည့်အစုံ ပါဝင် ၏၊ ခရစ်ယာန်တို့တွင် သမ္မာကျမ်းစာသည် အရေးကြီးသကဲ့သို့- ဗုဒ္ဓဝါဒီတို့တွင် ဝိသုဒ္ဓိမဂ်သည် အရေးကြီး၏၊ ဗုဒ္ဓဝါဒီတိုင်း ဝိသုဒ္ဓိမဂ် တအုပ်တော့ ဆောင်ထားသင့်၏၊ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာဝင်တို့ များသည်ဟု ဆိုသော်လည်း ဝိသုဒ္ဓိမဂ်သည် သမ္မာကျမ်းစာ၏ ဆယ်ပုံတပုံမျှ အရေးအတွက် မရှိသေးချေ၊ စင်စစ် ဝိသုဒ္ဓိမဂ်သည် ကျွန်ုပ်တို့၏ အမိ-အဘ, ဆရာ-သမား, ဆွေမျိုး-ဉာတကာ, မိတ်ဆွေသင်္ဂဟ ဖြစ်သင့်၏။

အဖိုး ၃-ကျပ်။

*　　*　　*

# (၁၁) ရှင်ရဋ္ဌသာရ ကဗျာသာရ

မြောက်ပိုင်း ဗုဒ္ဓဝါဒီ သက္ကတ ရဟန်းတော်စာဆိုတို့တွင် ရှင်အဿဃောသသည် အမြင့်ဆုံးသော ကဗျာဆရာ ဖြစ်၏၊ သူသည် ဗုဒ္ဓစရိတ, သုန္ဒရ နန္ဒအစရှိသော ကဗျာကျမ်းတို့ဖြင့် ကမ္ဘာ့ ကဗျာလောက တောင်ထွတ်ပေါ်တွင် ထင်ပေါ်နေ၏၊ တောင်ပိုင်း ဗုဒ္ဓဝါဒီ မြန်မာရဟန်းတော် စာဆိုတို့တွင် ရှင်ရဋ္ဌသာရသည် ကိုးခန်း, သံဝရအစရှိသော ကဗျာကျမ်းတို့ဖြင့် လျှမ်းလျှမ်း တောက်ခဲ့၏၊ နောင်လာ နောက်သား မြန်မာတို့ကား သူ၏ ဂုဏ်ကို ကမ္ဘာ့မျက်မှောက်သို့ ရောက်အောင် တင်ပြနိုင်ခွမ်းမရှိကြ၍ ဆရာတော်၏ အစွမ်းသတ္တိကို ကမ္ဘာကမသိဘဲ ဖြစ်နေ၏၊ မြန်မာတို့သည် သူတပါး ဘာသာကိုသာ ဘာသာပြန်ရန် စိတ်စောကြသည်၊ ကိုယ့်ဘာသာကို သူတပါးတို့သိအောင် မစွမ်းဆောင်ကြချေ၊ ဆရာဦးသော်ဇင်သည် အရှင်၏ရာပြည့် အထိမ်းအမှတ်ကို အခွင့်ကောင်းယူပြီး သီးခြား စာအုပ်တအုပ် အဖြစ်ဖြင့် မထုတ်လုပ်နိုင်သော သူ၏ ကဗျာများကို စုပေါင်းထားသော စာအုပ်ဖြစ်၏၊ ထိုကဗျာတို့ကို အခြား စာအုပ်များမှာလည်း တွေ့မြင်နိုင်ပါသည်၊ သို့ရာတွင် ဤတွင် ထိုကဗျာတို့၏ ဂုဏ်ရသကို ရှင်းပြထားသဖြင့် တိုဘို စာအုပ်တို့နှင့် တဘာသာခြားနားနေ၏၊ ရှင်ရဋ္ဌသာရသည် ကဗျာ၏ အနှစ်သာရဖြစ်၍ ကဗျာ၏အနှစ်သာရ ဆိုသည်မှာလည်း ရှင်ရဋ္ဌသာရဖြစ်ကြောင်း ကောင်းစွာသိလျှင် ဘယ်သူ မမြတ်နိုးဘဲ နေမည်နည်း။ အဖိုး ၃-ကျပ်။

* * *

## (၁၂) မြတ်စွာဘုရား၏ ဥဒါန်းစကားများ

မြတ်စွာဘုရားသည် သာယာကြည်နူးသဖြင့် ဥဒါန်းကျူးရင့်သော သုတ်တို့ကိုကြည့်ရှု လေ့လာရသောကြောင့် အဘယ်မျှ ကြည်နူးမွေ့လျော်ဖွယ် ကောင်းမည်နည်း၊ ဤတွင် သုတ်ပေါင်း ၈၂-သုတ် ပါဝင်လေရာ သုတ်တိုင်း–သုတ်တိုင်းသည် သာယာကြည်နူးဖွယ် အတိပြီး၏၊ ပထမ ဗောဓိသုတ်တွင် မြတ်စွာဘုရား နေရဉ္ဇရာ မြစ်ကမ်းပါး ဗောဓိပင်ရင်း၌ ထိုင်လျက် ဝိမုတ္တိသုခကို ခံစားနေရာမှ ဥဒါန်းကျူးရင့်တော်မူ၏၊ မြတ်စွာဘုရား ထက်ဝယ်ပွဲခွေ နေတော်မူသော ဗောဓိပင်သည် နေပူထီးတည်း သဲကန္တာရခရီးက ညောင်ပင်ကြီး မဟုတ်ချေ၊ နေရဉ္ဇရာ မြင်ညာကမ်းနားတွင် တည်ရှိ၏၊ တော၏သဘာဝ အလှမျိုး အသွယ်သွယ်တို့ အတင့်အတယ် ချယ်လှယ်သော ညောင်ညိုသာဝှမ်း ဗောဓိနန်းလည်း ဖြစ်၏၊ မျက်နှာစာတွင် နေရဉ္ဇရာ မြစ်ရေသာသည် အလွှာ–အလွှာ အဖြာဖြာ-အထွေထွေ စီးလျက်နေ၏၊ ဤသို့လျှင် သာယာရွှင်လန်းသော ရိပ်သာစခမ်းတို့မှ ထွက်ပေါ်လာသော ဥဒါန်းစကားတို့ဖြစ်လေရာ ဖတ်ရှုလေ့လာသူတို့အားလည်း ခေတ်ကူး၍ ကြည်နူးမည်မှာ ယုံမှားဖွယ်ရာ မရှိချေ၊ ထိုမှတပါး ဤဥဒါန်း စကားများ၏ စိတ်ဝင်စားဖွယ်တချက်မှာ အထက်က သရုပ်ဖော် ဇာတ်လမ်းများ ပါဝင်ခြင်း ဖြစ်၏၊ စမ်းသပ်၍ ဖတ်ကြည့်စမ်း ပါဘိ။ အဖိုး ၂-ကျပ်။

# (၁၃) အမေပြောသောသာပုံ

ငါးရာ့ငါးဆယ် နိပါတ်တော်တို့မှ ကလေးသူငယ်တို့အတွက် အကျိုး စီးပွားလည်း များနိုင်၍ စိတ်ဝင်စားဖွယ်လည်း ဖြစ်သည့် ဆင်, မြင်း, ကျွဲ, နွား, မိကျောင်း မျောက်, သမင် အစရှိသော တိရစ္ဆာန်ဇာတ်လမ်းတို့ကို စုပေါင်း ထားခြင်း ဖြစ်၏၊ အပြင်းလည်းပြေ, သင်္ခန်းစာလည်းရ, ဗဟုသုတလည်း ကြွယ်ဝစေနိုင်သော ပုံတို့ဖြစ်၏၊ ပုံတိုင်း-ပုံတိုင်း ၏အောက်တွင်လည်း ပုံတခုလုံး၏ ဆိုလိုရင်းအချုပ် ဆောင်ပုဒ် အသီးသီး ပါဝင်၏၊ တိုးတက် ကြီးပွားသော နိုင်ငံခြားမှာ ဆိုပါလျှင် အလွန် အဖိုးထိုက်တန်ပေမည်၊ ကလေးသူငယ်များ အတွက် ဦးတည်လျက် စီစဉ်သော်လည်း လူကြီးများအဖို့လည်း နှစ်လိုဖွယ် ဖြစ်၏၊ ကလေးသူငယ်တို့လည်း သူတို့ဘာသာ ဖတ်ရှု နိုင်သည်၊ လူကြီးများလည်း ဖတ်ရှုနိုင်သည်၊ ပန်းချီ, ပန်းပု, စာပေ, ကဗျာလင်္ကာနှင့် ပြဇာတ်တို့ အတွက်လည်း အချက် အလက် ရနိုင်၏၊ အထူးသဖြင့် နိဒါန်းကား အံ့ပခမ်းဖြစ်၏၊ ပုံဝတ္ထုနှင့်ပတ်သက်၍ ဤမျှစုံလင်သော နိဒါန်းမျိုး ကမ္ဘာ့ပုံတို တွင်ပင် မရှိသေးချေ၊ ပုံဝတ္ထုတို့ စတင်လာပုံနှင့် ကမ္ဘာကျော် ပုံဝတ္ထုတို့၏ သဘောသဘာဝ အနှစ်သာရတို့ကို အပြည့်အဝ ဖော်ပြထား၏၊ ဆရာဦးသော်ဇင်၏ လက်စွမ်းပြ ပုံပြင်သုတေသန စာတမ်းသဖွယ်ဖြစ်၍ လေ့လာဘို့ ကောင်းလှပါသည်။

အဖိုး ၂-ကျပ်။

* * *

## (၁၄) ရာဇဝင်ကျော် မြန်မာစစ်သည်တော်

ဤစာအုပ် ထွက်စက စာပေဝေဘန်သမား တဦးသည် စာအုပ်နိဒါန်းမှ အချက်တခုကို ပြက်ရယ်ပြုပြီး ချီးမွမ်းခြေကျောက် ပြု၏၊ သူ၏အလုပ်မှာ ရိုးရိုးမဟုတ်၊ တဖက်ကို ဆုပ်ပြီး အုပ်ခြင်းဖြစ်၏၊ သို့ကြောင့် ဆရာက သူ့အတွက် စာချိုးတပုဒ် ထုတ်ပေးလိုက်ရာ ထိုသူသည် စာပေဝေဘန်ရေးအလုပ်မှ အပြီးတိုင် ဆုတ်ခွါသွားရရှာ၏၊ နိဒါန်းဟူသည်မှာ စာကိုယ်ကို ပို့ပေးသော အခြံအရံဖြစ်၏၊ ဇာတ်ပွဲတွင် ဇာတ်ရံနှင့်တူ၏၊ ဇာတ်ရံသည် မိမိအရေးထက် ဇာတ်လိုက်ထင်ရှားရေးကို အလေးပေးရ၏၊ ဇာတ်လိုက်ကို ပရိသတ်များနှစ်သက်စေရန် ပို့ဆောင်ပေးရ၏၊ စာပေ၌ နိဒါန်းသည်လည်း ထိုအတူဖြစ်၏၊ မိမိ ဖွင့်ဆိုလိုသော စာသားကို စိတ်ဝင်စားစေရန် ပြုလုပ်ပေးရခြင်း ဖြစ်၏၊ ဤတွင် ပို့ဆောင်နည်းကား တခုနှင့်တခု မတူချေ၊ တူလျှင်လည်း ဘယ်မှာကောင်းတော့မည်နည်း၊ ရိုးရိုးသားသား လူများကမူ ဆရာ၏နိဒါန်းတို့သည် စာသားထက်ပင် သာလွန်ကောင်းမွန်နေကြောင်း ပြောဆိုကြ၏၊ သူတို့၏ဆိုလိုရင်းမှာ စာကိုယ်ကို ဖတ်ချင်အောင် သွေးဆောင်နိုင်ခြင်း ဖြစ်၏၊ ဤတွင် ရာဇဝင်ကျော်သည့် စစ်သည်တော်များအပြင် သူတို့နှင့်ပတ်သက်သည့် စာချိုရတုတို့ကို ပွဲထုတ်ပေးခြင်း ဖြစ်၏၊ သူတို့ကို ပွဲထုတ်ပေးချင်မလိုဟု ဆိုချင်ဆိုနိုင်၏၊ လိုအပ်သည်ကို ဝန်ခံလျက် ကြိုးစားပြီး တင်ပြနေသူကို သရော်သည်မှာကား အတော်ပင် ပျက်ချော်ချော် နိုင်လှ၏၊ ဤစာအုပ်ကို ကိုယ်တိုင်လေ့လာကြည့်ရှုနိုင်ပါ၏။ အဖိုး ၃-ကျပ်။

## (၁၅) ဓမ္မသတ်ပုံပြင်များ

ဤစာအုပ်၏ သမိုင်းချုပ်ကို ကြေးမုံသတင်းစာ စာကြေးမုံ အခန်းမှ ကောက်နှုတ်ဖော်ပြပါမည်—

ဝတ္ထုပုံပြင်ကို လူတိုင်းကြိုက်သည်၊ ခေတ်တိုင်း ကြိုက်သည်၊ သို့ရာတွင် စာနယ်ဇင်းခေတ် မရောက်မီ မြန်မာသမိုင်း တလျှောက် ထွန်းကား ခဲ့သော ဝတ္ထုများမှာ ဇာတ်နိပါတ်, ဓမ္မသတ်ပုံပြင်များ ဖြစ်သည်၊ ရှေးခေတ်ပုံပြင်များကို အဆင့် သုံးဆင့် ခွဲခြားနိုင်အံ့ ထင်သည်၊ ပထမအဆင့်မှာ ပေ, ပရပိုက် တို့ကို လက်လှမ်းမမှီနိုင်ရှာသော တောင်သူယာလုပ် ဓားခုတ်တို့ နှုတ်ဆင့်ကမ်း ပြောဆိုကြသည့် ရွှေယုန် ရွှေကျား မောင်ပျင်း လေကမ စသော ပုံပြင်များ ဖြစ်သည်၊ ဒုတိယအဆင့်မှာ ပေ, ပရပိုက်ဝင်ဖြစ်သောသုဓမ္မစာရိခုံတော် မောင်ကျဘမ်း ပေတာလန် ကြမ္မာဒိုက် ဂသော ဓမ္မသတ်ပုံပြင်များဖြစ်၍ တတိယအဆင့်မှာ ဘာသာရေး စာပေအဖြစ်သတ်မှတ်ကြသော ဇာတကများ ဖြစ်သည်၊ ဓမ္မသတ်ဟုဆိုရသည်မှာ ယင်းပုံပြင်များသည် ရှေးဟောင်းစဉ်လာ ဥပဒေဖြစ်သော မနုပနော စသည့် ဓမ္မသတ်မျိုးစုံမှ ဆင်းသက်လာသောကြောင့် ဖြစ်သည်၊ ဓမ္မသတ် ပုံပြင်များသည် ဆန်းကြယ်သော ဇာတ်လမ်းများကို သိစေခြင်းနှင့်အတူ စိတ်ကူးဉာဏ်ကို ပွင့်လင်းစေခြင်း, ရွှင်မြူးစေခြင်း, အံ့သြစေခြင်း စသော ရသ မျိုးစုံကို ပေးနိုင်ကြသည်၊ ယင်းပုံပြင် ဇာတကတို့ တည်ရှိရာ ပေ, ပရပိုက်များကို လူသာမန်တို့ လက်လှမ်းမှီဘို့ရန်မှာ ခက်ခဲသော အခြေအနေ ရှိသည့်အပြင် ပုံနှိပ်စာအုပ်တို့ ခေတ်သို့ရောက်လာသော

အခါ၌ပင်လျှင် ပြည့်စုံအောင် ဖတ်ခွင့်ရဘို့ရန်မှာ ခက်ခဲသည်၊ ယနေ့ စာနယ်ဇင်း ဖတ်ရှုဖွယ် မျိုးစုံတို့ ခေတ်စားလာသော အချိန်တွင်မူ ယဉ်ကျေးမှု အမွေအနှစ်တရပ် ဖြစ်သော ယင်း ဓမ္မသတ် ပုံပြင်တို့၏ ကဏ္ဍသည် ပျောက်ကွယ်လုမတတ် မှေးမှိန်လျက် ရှိပေတော့သည်၊ ဤသည်ကို ဦးသော်ဇင်က ဓမ္မသတ် ပုံပြင် ဖြတ်ထုံးများ မကျန်တော့လောက်အောင် စုဆောင်းစီစဉ် ဖော်ထုတ်၍ ပေးသည်၊ ဓမ္မဝိလာသဖြတ်ထုံး, အမတ်ဒိန်ဖြတ်ထုံး, မဟာပညာကျော် ဖြတ်ထုံး, ခုံတော် မောင်ကျဘမ်း ဖြတ်ထုံး, ကြမ္မာဒိုက် မင်းကြီးဖြတ်ထုံး, လက်ဝဲသုန္ဒရဖြတ်ထုံး ဟူ၍ဖြတ်ထုံး ရှစ်မျိုး ပါဝင်၍ ရှေ့ပိုင်းတွင် ဓမ္မသတ်ဖြတ်ထုံးတို့၏ ဆင်းသက်လာရာ အစီအစဉ်ကို မဇ္ဈိမ မြန်မာအခြေခံ ကျမ်းများစွာ၏ အကိုးအကားဖြင့် ဖော်ပြသည်၊ ပညာရှာသော ယနေ့ခေတ် လူငယ်တို့၏ ကံကောင်းခြင်း တရပ်ဟု ဆိုရမည် ဖြစ်၏။

အဖိုး ၃–ကျပ်။

* * *

## (၁၆) မဃဒေဝအဘိဓာန်

ဆိုင်းဆရာ စိန်ဗေဒါ၏ သီချင်းတပုဒ် ရှိသည်၊ ယင်းမှာ ဆရာမပါလျှင် အလှူ မဖြစ်သည့်အကြောင်း ဖြစ်၏၊ ထို့အတူ မဃဒေဝ လင်္ကာ မပါလျှင်လည်း မြန်မာမှု မဖြစ်ချေ၊ မြန်မာမှုနှင့် ပတ်သက်၍ စကားစပ်မိလျှင် မဃဒေဝလင်္ကာပါ၏၊ ထို့အတူ မဃဒေဝလင်္ကာဟု ဆိုလျှင်လည်း မန်လည် ဆရာတော် ပါ၍ မန်လည် ဆရာတော် ဆိုလျှင်လည်း မဃဒေဝ လင်္ကာပါဝင်၏၊ ဤနှစ်ချက်မှာ တခဲနက် ဆက်စပ်နေ၏၊ ဘို့ရာတွင် မဃဒေဝ လင်္ကာကို ကြည့်နိုင်သူကား မများလှချေ၊ စာဝါရင့်သူ အနည်းငယ်သာလျှင် ဖတ်ရှုနိုင်၏၊ များစွာသော သူတို့မှာ သူပြော လူပြောဖြင့်၎င်း, အခြားစာအုပ် စာတမ်းတို့မှ ကောက်နုတ်ချက်ဖြင့်၎င်း ကိုးကား နေကြရ၏၊ စာအုပ်ကလည်း ကြီးသည်၊ အဖိုးကလည်း များသည်၊ ထို့ပြင် မိမိသိလိုသော အချက်ကို တွေ့အောင် ရှာဖို့လည်း ခက်သည်၊ ဤသို့သော အကြောင်းတို့ကြောင့် မဃဒေဝကို လူ သာမညကိုဝေးက ကြည့်ရှောင်နေရခြင်း ဖြစ်၏၊ ဆရာဦးသော်ဇင်သည် ထိုသို့သော သူများကို ထောက်ထားညှာတာ ကိုယ်ချင်းစာသဖြင့် မဃဒေဝကို လူတိုင်းမူရင်းအတိုင်း လိုအပ်ချက်ကို လွယ်ကူစွာ သိနိုင်စေရန်အတွက် အဘိဓာန်သဖွယ် ပြုလုပ်ပေး၏၊ အခွင့်သာတုန်း ဆောင်ထားပါလေ။ အဖိုး ၅-ကျပ်။

## (၁၇) ဇာတ်ဝတ္ထု

ဇာတ်ရ ပုဂ္ဂိုလ်တို့၏ အကျဉ်းချုပ်ကို လက်ဝဲနော်ရထာ လျှောက်ထုံးတွင် ကြည့်နိုင်၏၊ ထိုတွင် လက်ဝဲနော်ရထာ အမတ်ကြီးက လျှောက်၍ တောင်တွင်းဆရာတော် ခင်ကြီးပျော် ဖြေကြားတော်မူ၏၊ ဇာတ်ရပုဂ္ဂိုလ်အလုံးစုံ ပါဝင်၏၊ သို့ရာတွင် သူတို့၏ အကြောင်းအရာမှာ အကျဉ်းမျှသာဖြစ်၏၊ ဇာတ်ရ ခြင်း၏ အကြောင်း ပေါ်ရုံသာ ဖော်ပြထား၏၊ ထိုနောက် မထင်ရှားသော ဆရာတော်တပါးသည်ဇာတ်ဝတ္ထုဟု စာအုပ် တအုပ် ပြုစု၏၊ ထိုဝတ္ထုမှာကား ဇာတ်ရ ပုဂ္ဂိုလ် အလုံးစုံ မပါချေ၊ အချို့သာပါဝင်၍ အတိတ်အကြောင်းတို့ဖြင့် အကျယ် ဖွင့်ဆိုထား၏၊ ထိုကြောင့် ဆရာဦးသော်ဇင်သည် ဒီဃနိကာယ် ဆောင် မဟာစရိယ အရည်ဝါသီ အရှင် ပညာဇောတနှင့် တိုင်ပင်၍ ဤစာအုပ်ကို စိတ်တိုင်းကျ ပြုစုခြင်းဖြစ်၏၊ ဤတွင် ဇာတ်ရ ပုဂ္ဂိုလ်အလုံးစုံလည်း ပါဝင်၏၊ သူတို့ ဇာတ်ရခြင်း အကြောင်းကိုလည်း ထိထိ-မိမိ သိအောင်ပြု၏၊ ထိုပြင် သူတို့၏ အကြောင်းအရာ အတ္ထုပ္ပတ္တိ အပြည့်အစုံနှင့် သူတို့ ဘာရား သိမြင်ပုံ ကိုလည်း ကျမ်းမျိုးစုံတို့မှ ထုတ်ဆောင်၍ တန်ဆာ ဆင်ထား၏၊ ထိုကြောင့်ဇာတ် ဝတ္ထုတို့တွင် အပြည့်စုံဆုံးဟု ဆိုနိုင်၏၊ ဖတ်လို့လည်းကောင်း၏၊ မှတ်လို့လည်း ကောင်း၏၊ ဗုဒ္ဓလက်ထက်က ဗုဒ္ဓကိုယ်တိုင် နှုတ်မြွက်၍ ဇာတ်ပေးခြင်း ခံရသော အကျော်အမော်တို့ အကြောင်းကို သိရသည်မှာ အဘယ်မျှ ကောင်းမွန်မည်နည်း။ အဖိုး ၄-ကျပ်။

\+ * +

# (၁၈) နိဗ္ဗာန်

ဗုဒ္ဓဝါဒီတို့အတွက် နောက်ဆုံး အဆင့်ဖြစ်၍ လွန်စွာ အရေးကြီးသော စကားလုံး ဖြစ်၏၊ သူတို့၏ မှတ်တိုင် ပန်းတိုင်လည်း ဖြစ်လေရာ လူတိုင်း နှုတ်ဖျားတွင် လွန်စွာ ခေတ်စားသော ဝေါဟာရ ဖြစ်၏၊ ထို့ကြောင့် ဆရာ ဦးသော်ဇင်သည် နိဗ္ဗာန်နှင့် ပတ်သက်သော အချက်အလက် များကို စုဆောင်းရှာဖွေပြီး တင်ပြလိုက်ခြင်း ဖြစ်၏၊ ဗုဒ္ဓ နိဗ္ဗာန်နှင့် ပတ်သက်၍ ဆန့်ကျင့်ဘက်လည်း ရှိလေရာ ဆရာသည် ထိုအကြောင်းကို ရေးဦးစွာ နိဒါန်းပျိုးပြီး ရှင်းပြ၏၊ ထိုနောက်မှ မြတ်စွာ ဘုရားသခင် ဟောကြားရင်း နိဗ္ဗာန်, ထိုနိဗ္ဗာန်ကို အဋ္ဌကထာ ဆရာတို့၏ ဖွင့်ဆိုချက်နှင့် ဋီကာ ဆရာ စသူတို့၏ မြေရှင်းချက်တို့ကို အစီအစဉ်အတိုင်း ဆက်ကာ-ဆက်ကာ စီစဉ် ပေး၏၊ နိဗ္ဗာန်နှင့် ပတ်သက်၍ အပြည့်အစုံ အလုံးစုံတို့ကို အစီ အစဉ် အတိုင်း လေ့လာနိုင်သော စာအုပ်ကောင်း ဖြစ်၏၊ အကယ်၍ ကောင်းစွာ လေ့လာပါက စာဖတ်ရုံနှင့်ပင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏၊ မျက်မှောက်မပြုနိုင်ပါလျှင် စာဖတ်ရခြင်း အကျိုး အဘယ်မှာနည်း၊ သိပ္ပံမာပေသော ဖတ်ပြီး လက်တွေ့ လုပ်ဘို့လိုသည်၊ ဤသို့သော ဝိဇ္ဇာ စာပေမျိုးကား ဖတ်ပြီး အကျိုးရှိရပေမည်၊ စင်စစ် မျက်မှောက် ပြုနိုင်ရမည်သာတည်း၊ အဖိုး ၅-ကျပ်။

* * *

## (၁၉) နီတိစွယ်စုံ

နီတိဟူသည် လူမှုရေး နည်းပေးလမ်းပြ ဖြစ်၏၊ လူ့ဘဝတွင် လူတလုံး သူတလုံးအဖြစ် နေနိုင်ရေး အတွက် လျှို့ဝှက်ချက်များ ရှိလေရာ ထိုအရေးတို့ကို ပိုင်ပိုင်နိုင်နိုင် ကိုင်တွယ်နိုင်စေရန် သွန်သင်ညွှန်ကြားပေး၏၊ နီတိ၏အဓိပ္ပာယ်ကို စလေဦးပုညက–"ဘုရားအကြိုက် တရားလိုက်က လူ၌ အရေးညံ့ချေမည်–" ဟုဖွင့်ဆို၏၊ စင်စစ် လူ့ အနှစ်သာရဖြစ်၍ ဘုရားအကြိုက် ဖြစ်ချင်မှ ဖြစ်မည်၊ တရားအတိုင်း ဖြစ်ချင်မှ ဖြစ်မည်၊ နီတိ၏ ပဓာန ရည်ရွယ်ချက်မှာ အထွတ်အထိပ်သို့ ရောက်နိုင်ရေးဖြစ်၏၊ နီတိတတ်သူသည် ထိပ်ဆုံးက လူဖြစ်၏၊ ကမ္ဘာပေါ်တွင် လူမျိုးအလိုက် နီတိများရှိလေရာ မြန်မာနီတိတို့ကို ဆရာဦးသော်ဇင်က လူတိုင်းအတွက် နီတိစွယ်စုံဟု စုပုံပေးလိုက်ခြင်း ဖြစ်၏၊ မြန်မာ နီတိ မျိုးစုံလည်း ဖြစ်၏၊ နီတိမျိုးစုံတတ်မြောက်သဖြင့် အဖက်ဖက်က ပြည့်စုံသူလည်း ဖြစ်၏၊ မြန်မာတို့မှာလည်း အစဉ်အလာ ရိုးရာ နီတိ ရှိခဲ့ကြောင်း ဤနီတိစွယ်စုံဖြင့် ဂုဏ်ယူနိုင်ပါသည်၊ ထိပ်ဆုံးသို့ ရောက်လိုသူတိုင်း နီတိကိုတော့ တနည်းနည်းနှင့် သိမှဖြစ်မည်၊ ဤတွင် မနုနီတိ, မဟာရဟာနီတိ, လောကနီတိနှင့် နဝရတ်နီတိဟူ၍ နီတိလေးစောင်ပါဝင်၏၊ ဤလေးစောင်တွင် မြန်မာနီတိ အလုံးစုံသာမကပါဠိနှင့် သက္ကတနီတိတို့ပင် ပါဝင်သေး၏။

အဖိုး ၃–ကျပ်။

## (၂၀) သုတ်သုံးကျမ်း

လေးနက်လှပါသည်၊ သို့ရာတွင် လွယ်ကူသည်၊ သုတ်, ဝိနည်း, အဘိဓမ္မာ ဟူ၍ ပိဋကတ်သုံးပုံ ရှိ၏၊ သုတ်သုံးကျမ်း, ဝိနည်း ငါးကျမ်းနှင့် အဘိဓမ္မာ ခုနစ်ကျမ်း ဖြစ်၏၊ သုတ် သုံးကျမ်းမှာ သုတ် သီလက္ခန်, သုတ် မဟာဝါ, သုတ် ပါထေယျ တို့ဖြစ်ကြ၏၊ ယင်း သုတ် သုံးကျမ်းကို အကျဉ်း ချုပ်ကာ အဆီထုတ်ပြီး တအုပ်တည်း စုပေါင်းထားပါသည်၊ မြန်မာစာ ဖတ်သူတိုင်း ပိဋကတ် တပုံကို တထိုင်တည်းဖြင့် ဆောင်နိုင်၏၊ မြတ်စွာဘုရား၏ စကားတို့မှာ အစ, အလယ်, အဆုံး၏ ကောင်းခြင်းနှင့် ပြည့်စုံသည် ဆိုသော်လည်း သံဂါယနာ တင်၍ မြန်မာပြန်သော်လည်း ဖတ်လို့ မတတ်ပါ ဆိုသူများ ဝတ္ထု ဆောင်းပါး သတင်းစာ ဖတ်သလို လွယ်ကူစွာ ဖတ်နိုင်၏၊ စာအုပ်ငယ်သော်လည်း ကြီးကျယ် ခမ်းနား ဆန်းပြားသော သုတ္တန်ဓမ္မ အနှစ်သာရတို့ဖြင့် တောက်ပ ထွန်းလင်း နေပါသည်။ အဖိုး ၄-ကျပ်။

*　*　*

# (၂၁) အဘိဓမ္မာ

ဤစာအုပ်နှင့် ပတ်သက်၍ကား ဒုတိယအကြိမ် ပြန်လည်ပုံနှိပ် ထုတ်လုပ်ရေးအတွက် စာရေးသူ ဆရာဦးသော်ဇင်ကိုယ်တိုင် ဒုတိယအကြိမ် ပုံနှိပ်ခြင်း အကြောင်း အမှာစာကိုတင်ပြပါလျှင် သင့်တော်လောက်ပြီဟု တင်ပါသည်၊ အဘိဓမ္မာကို ဤမျှ သွက်လက် လျင်မြန်စွာ ကုန်လိမ့်မည်ဟု မမျှော်လင့်ခဲ့ပါ၊ သို့ရာတွင် စာရှုသူတို့ စိတ်ကြိုက်နှင့် အလိုက်သင့်ဖြစ်သွားပါ၍ မမျှော်လင့်ဘဲ ရက်ပိုင်းအတွင်းမှာပင် ကုန်သွားပါသည်၊ ထိုကြောင့် လေးလေးနက်နက် စာပေတို့ကို ဆက်လက်ကြိုးစားရန် အားတက် ရဲရင့်လာပါသည်၊ ပဌမအကြိမ်ထုတ်မှာစာရေးသူ ခရီးထွက်နေစဉ် အခိုက်အခါဖြစ်ပါ၍ စိတ်တိုင်းကျမဖြစ်လှပါ၊ ထို့ကြောင့် ယခုအကြိမ်တွင် စိတ်တိုင်းကျစီစဉ်ပြီးအဘိဓမ္မာ၌ လွန်စွာအရေးကြီးသော သင်္ဂဟသုံးပါး, အာကာသငါးပါးနှင့် နိယာမငါးပါးတို့ကို ဖြည့်စွက် ပေးလိုက်ပါသည်၊ သို့အတွက် ပဌမအကြိမ် ဝယ်ယူအားပေးသူတို့အား ထောက်ထားပါသော်လည်း ပိုမိုပြည့်စုံ ကောင်းမွန်ရေးပေဘဲဟု စိတ်ကိုနှစ်သိမ့်လိုက်ရပါတော့သည်၊ နောက်နောင် အခါတွင် ဤသို့မဖြစ်စေရန် အထူးသတိထားရပေလိမ့်မည်။

အဖိုး ၃-ကျပ်။

* * *

# (၂၂) မဟာဗုဒ္ဓဝင်

ငယ်ငယ်နှင့် မဟာဟူသော အမည်ကို ခံယူထိုက်သော စာအုပ် ဖြစ်၏၊ အကြောင်းကား ဤတွင် နှစ်ကျိပ်ရှစ်ဆူသော ဗုဒ္ဓတို့၏ အခြေခံ အကြောင်းစုံ အကုန် ပါဝင်သောကြောင့် ၎င်း, ဂေါတမ ဗုဒ္ဓ ကိုယ်တိုင် ဟောကြားသောကြောင့်၎င်း တည်း၊ ဗုဒ္ဓဝင်၏ အသွင်မှာ ဂါထာဗန္ဓတို့ ဖြစ်၏၊ ဂါထာ ဟူသည် မြန်မာလို ကဗျာနှင့် တူ၏၊ ဗုဒ္ဓသည် သူ၏ အနွယ်ဖြစ်သော ဗုဒ္ဓဝင်ကို ဂါထာ ကဗျာ အဖွဲ့တို့ဖြင့် သီကုံးတော်မူခဲ့၏၊ ကဗျာဟူသည်မှာ စကားပြေလို ကျယ်ပြန့် ဖောင်းပွခြင်း မရှိချေ၊ သိမ်မွေ့ကျစ်လစ်၏၊ မြန်မာ ပညာရှိ တို့သည် ပဌမ ဗုဒ္ဓဝင်ကို ရှောင်ကြဉ်သွားကြပြီး ထိုဗုဒ္ဓဝင်ကို ဖွင့်ပြသော အဋ္ဌကထာ၏ ဘာသာဋီကာ အမျိုးမျိုး ထုတ်ဖော် ကြ၏၊ သာမည ရှာသူတို့ကား ဤဗုဒ္ဓဝင် ရှိသည်ဟူ၍ပင် မသိ ကြချေ၊ ထိုကြောင့် ဆရာ ဦးသော်ဇင်သည် ယင်း ဗုဒ္ဓဝင်ကို အတိအကျ ဘာသာပြန်ဆိုခြင်း ဖြစ်၏၊ စင်စစ် မူလပင်မကို ရှေးဦးစွာ လေ့လာသင့်၏၊ ထို့နောက်မှ လိုအပ်ပါလျှင် ထို့နှင့် ပတ်သက်သော အဖွဲ့ဌာနများ ပြည့်စုံ၏၊ မြန်မာ့ အတွက် လုပ်ဆောင်ရမည့် အလုပ်တာဝန် အများအပြား ရှိ၏၊ ဘယ်အရာကို ဘယ်ပုံ လုပ်သင့်သည်ဟု ဆင်ခြင်ပြီးနောက် အသီး အသီး လုပ်ကြရမည်၊ ဘယ်အရာကို ဘယ်လိုလုပ်သင့်သည်ဟု မသိသေး ဖြစ်နေကြ၏၊ ထိုကြောင့် မဟုတ်-တယုတ် စာအုပ်တွေ ပေါ်ထွက်နေခြင်း ဖြစ်၏၊ ဤဗုဒ္ဓဝင်ကို ဆင်ခြင် ကြည့်ပါဘိ၊ အဖိုး ၂-ကျပ်။

## (၁) လက်ရွေးစင် သုတ္တန်များ

မန်လည် ဆရာတော်နှင့် အသောက မင်းကြီး ညွှန်ကြားသော သုတ်တို့ ဖြစ်၏၊ ဤတွင် မန်လည် ဆရာတော်က သမဏ ဘဒြဂါထာ, သမဏ ပတိရူပဂါထာ, သာမညဖလ သုတ် အဋ္ဌကထာ ဂါထာ, ဖုဿတ္ထေရဂါထာနှင့် ဂီရိမာနန္ဒ သုတ်တို့ကို ရဟန်းရှင် လူတို့ လေ့လာကြစေရန် ညွှန်ကြားတော်မူ၏၊ ဆရာတော်သည် နိကာယ် ငါးရပ်ကို အထပ်ထပ် လေ့လာ သုံးသပ်ပြီးလျှင် သူ အနှစ်သက်ဆုံး ဖြစ်သော ဤသုတ်တို့ကို ထုတ်ဖော်ညွှန်ကြားခဲ့ခြင်း ဖြစ်၏၊ သာသနာရေး အတွက် အလွန် အရေးကြီး၍ ကျေးဇူး များလှပါသည်၊ သာသနာ ရှည်မြင့်စွာ တည်တန့်ရေးအတွက် ရဟန်းရှင် လူတို့ လိုက်နာကျင့်သုံးစေရန် အသောက မင်းကြီး ညွှန်ကြားသော သုတ်တို့မှာ အရိယဝံသသုတ်, အနာဂတဘယသုတ်, မုနိဂါထာ, မောနေယျသုတ်, ဥပတိဿ ပသိနသုတ်နှင့် ရာဟုလောဝါဒ သုတ်တို့ ဖြစ်ကုန်၏၊ အသောက ကျောက်စာကို အင်္ဂလိပ်လို ပြန်ဆိုသော ဗွီအေစမစ် ဆိုသူက– "အသောက မင်းကြီး ညွှန်ကြားသောသုတ်တို့ကို ပါဠိဘာသာပြန် နှစ်ရပ်ပေါင်းစပ်ပြီး ဗုဒ္ဓပါဠိတို့ ပိုကနာပွယ လေ့လာစေရုံသာမက သတိမှတ် ထားသင့်၏" ဟု အကြံပေး၏၊ ဤတွင် ဆရာဦးသော်ဇင်က မန်လည် ဆရာတော်ဘုရား ညွှန်ကြားသော သုတ်တို့နှင့် ပူးတွဲ ဖော်ထုတ်ကာ ပြတ်သားစွာ ဘာသာပြန်ဆိုပေး၏၊ မန်လည်, အသောက သုတေသန နိဒါန်းနှင့် အသောက ကျောက်စာ အကျဉ်းချုပ် ဘာသာပြန်လည်း ပါဝင်သေးသည်။

အဖိုး ၃-ကျပ်။

## (၂) ပဋ္ဌာန်းအလင်းပြ

လန်ဒန် ပါဠိဒေဝီမေး၍ လယ်တီ ဆရာတော်ဘုရား ဖြေကြားသော ပဋ္ဌာနုဒ္ဒေသဒီပနီကို မြန်မာဘာသာ ပြန်ဆိုသော စာအုပ်ဖြစ်၏၊ လန်ဒန် ပါဠိဒေဝီ ဆိုသူမှာ လန်ဒန်မြို့ ပါဠိအသင်းကြီး၏ အကျိုးဆောင် မစ္စစ်ရိုက်ဒေးဗစ် ဖြစ်၏၊ သူသည် ပိဋကတ်တော်တို့ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုလေရာ သုတ်နှင့် ဝိနည်းကို သွက်လက်စွာ ပြန်ဆိုနိုင်ခဲ့၏၊ အဘိဓမ္မာတွင် အထူးသဖြင့် ပဋ္ဌာန်းသို့ ရောက်သော အခါ အခက်အခဲ တွေ့ရ၍ လယ်တီ ဆရာတော်၏ အထံ အကူအညီ တောင်းခံရ၏၊ ထိုကြောင့် လယ်တီဆရာတော်က ပဋ္ဌာန်း အလင်းပြချုပ်ကို ပါဠိဘာသာဖြင့် ရေးသား ဖြေဆိုတော်မူ၏၊ ယင်းအဖြေကို မစိုးရိမ် ဆရာတော် ဦးဉာဏက အင်္ဂလိပ်လိုပြန်ဆို ပေး၏၊ သို့ဖြင့် ပါဠိဒေဝီသည် ပဋ္ဌာန်းဉာဏ် အလင်းကို ရခဲ့၏၊ ယင်းကို ဆရာဦးသော်ဇင်က မြန်မာ စာကြည့် ပရိသတ်အတွက် မြန်မာလို ပြန်ဆိုခြင်း ဖြစ်၏၊ ပဋ္ဌာန်းသည် လွန်စွာ ခက်ခဲလှပါ၏၊ သို့ရာတွင် လယ်တီဆရာတော်သည် အလွယ်တကူ သိမြင်နိုင်စေရန် ရှင်းပြ၏၊ သို့ဖြင့် အင်္ဂလိပ် အမျိုးသမီးကြီးပင် သဘောပေါက်သွားရာ မြန်မာတို့အတွက်ကား ဆိုဖွယ် မရှိချေ၊ တခေါက်ဖတ်ရုံဖြင့် အလင်းပေါက်မည်မှာ သေချာ၏၊ ပုံနှိပ်ရန် အသင့်ဖြစ်နေ၏၊ ပုံနှိပ်ပြီးမှ အဖိုးကို ဖော်ပြနိုင်ပါမည်။

* * *

## (၃) ဥဒ္ဒကပေါ်ဒ သို့မဟုတ်

## ဗုဒ္ဓဝါဒ စတင်ချဉ်းကပ်နည်း-

ဤစာအုပ်ကိုမူ ဆရာဦးသော်ဇင်သည် အရှင်သုဇာတ ဗုဒ္ဓိ အမည်ရှိသော ဓမ္မစရိယဆရာတော်နှင့် တွဲဖက်စီစဉ်၏၊ ဆရာတော်သည်သီလက္ခန် မဏ္ဍိုင် အစရှိသော ကျမ်းစာတို့ကို ပြုစုစီရင်ခဲ့ဘူးသည့်ပြင် တိုင်းရင်းမြန်မာဆေးပညာ သုံးဘာသာမှာ ဒေသနာနာယဂုဏ်ထူးကို ဆွတ်ခူးထားသူလည်းဖြစ်၏၊ ဆရာဦးသော်ဇင်သည်သူ၏ဤကျမ်းတွင်တိုင်းရင်းမြန်မာ ဆေးပညာနှင့်ပတ်သက်၍ တင်ပြရန်နှင့် အရှင်၏ ဗဟုသုတ ပညာဂုဏ်ကို ကြည့်ရှုမြတ်နိုးသဖြင့် တွဲဖက်စီရင်ခြင်း ဖြစ်၏၊ ဤကျမ်းစာ၏ မူလအမည်မှာ ဥဒ္ဒကပေါ်ဒ ဖြစ်၏၊ ယင်းကို ပညာရှိတို့သာ သိကြ၍ လူတိုင်းအတွက် ဗုဒ္ဓဝါဒ စတင် ချဉ်းကပ်နည်း'-ဟု ပြန်ဆိုလိုက်ခြင်းဖြစ်၏၊ ကျွန်ုပ်တို့သည် ဗုဒ္ဓဝါဒကို ကျော်လွှား၍ လေ့လာခဲ့ကြ၏၊ သို့ကြောင့် အများအပြားပင် ဗုဒ္ဓဓမ္မနှင့် ပတ်သက်၍ မကျေမညက် ဖြစ်နေကြရ၏၊ ကကြီးခကွေးကို မသင်ကြားခဲ့ဘဲ မင်္ဂလသုတ်တက်သည်နှင့် တူနေ၏၊ ထိုကြောင့် ဆရာတို့သည် ဗုဒ္ဓဝါဒသင်ပုံးကြီးကို ဆန်းသစ်ကြခြင်း ဖြစ်၏၊ ဆရာဦးသော်ဇင်နှင့် အရှင်သုဇာတဗုဒ္ဓိ အခန်းကဏ္ဍခွဲကာ ပြိုင်ဆိုင် ဖွင့်ဆိုကြ၍ စိတ်ဝင်စားဖွယ်လည်း ကောင်းလှပါ၏၊ စာမူမှာ အသင့်ဖြစ်နေ၍ အလှည့်ကျလျှင် ထွက်ပေါ် လာပါလိမ့်မည်။

* * *

## (၄) အဘိညာန သကုန္တလာ ပြဇာတ်

တလောက ရန်ကုန်မြို့တွင် ပြဇာတ်နှင့် ပြဇာတ်စာပေ နှီးနှော ဖလှယ်ပွဲ ပြုလုပ်၏၊ ထိုတွင် ပြဇာတ်ဝါသနာရှင်နှင့် ပညာရှင်တို့ ပြဇာတ်အကြောင်း ဆွေးနွေးကြ၏၊ ဆရာဦးသော်ဇင်သည် ထိုပွဲမှအပြန်တွင် သူ၏ စာတိုက်အတွင်းရှိ ပြဇာတ်နှင့်ဆိုင်ရာ စာအုပ်တို့ကိုရွေးထုတ်စေ၏၊ ထိုမှ သကုန္တလာပြဇာတ်၄-၅-အုပ်ကို ကောက်နှုတ်၏၊ သက္ကဘာဘာသာနှင့် ဟိန္ဒီ, ဗင်္ဂလီအပြင် ရမဝထွန်း ဘာသာပြန်သော မြန်မာလို စာအုပ်တအုပ်လည်း ပါဝင်၏၊ သူသည် ရမဝထွန်း၏ စာအုပ်ကို အတော်အသင့် ကြည့်ပြီး နောက်ထပ်ပြန်ဘို့ မလိုတော့ပါဘူးဟု ဆို၏၊ မဟုတ်သေးဘူး ဆရာ ဒီလိုဘာသာပြန်စာအုပ်မျိုးမှာ မူအမျိုးမျိုးရှိဘို့ လိုပါတယ်၊ ဆရာ ဟိန္ဒူတွေတောင် သူတမျိုး သူတဖုံ ပြန်နေကြဒါဘဲ၊ ပြီးတော့ ဆရာ့အနေနဲ့လဲ တင်ပြဘို့လိုမယ် တင်ပါတယ်ဟု အကြံ ပေးသဖြင့် ဆရာ စဉ်းစားကြံခဲ့၏၊ နောက်တခေါက် ရောက်သော အခါ ထိုစာအုပ်တို့ကို ပြန်ခင်းပြီး တိုက်ဆိုင် ပြန်ဆိုနေသည်ကို တွေ့ရပါသည်၊ ရမဝထွန်းကို ကျေးဇူးတင်တယ်၊ သူ့ဆီက တချို့ ပညတ်နက်တွေကို အလွယ်တကူ ယူရတယ်၊ သစ်ပင်, ပန်းပင်ရဲ့ ဝေါဟာရတွေဘဲပေါ့ဟု ပြောပြ၏၊ သို့အတွက် မြန်မာပြဇာတ် လောက ကိုယ်စား ဝမ်းမြောက် ဝမ်းသာ ဖြစ်ရပါသည်၊ ဤစာအုပ်မှာ ပြန်ကြားရေးဌာနသို့ ထင်ဖွယ်မရှိပါ၍ ဥဒ္ဒကပါ၌ အယင်ပင် ထွက်ချင် ထွက်ပေါ်နိုင်မည်လား မသိပါ၊

*          *          *

## (၅) ကျော်အောင်စံထား အဘိဓာန်

အင်္ဂလိပ်လို အဘိဓာန်မျိုးပေါင်း အဘယ်မျှ ရှိသည်ဟု မည်သူ ပြောပြနိုင်ပါမည်နည်း၊ အင်္ဂလိပ်ဘာသာ လေ့လာသော သာမည မြန်မာတယောက်ထံမှာ အနည်းဆုံး အင်္ဂလိပ်အဘိဓာန် ၃-၄-မျိုးလောက် ရှိပေမည်၊ မိမိတို့၏ အနီးအနားက အိန္ဒိယနိုင်ငံမှာပင် အိန္ဒိယအဘိဓာန် တနှစ်လျှင် ၃-၄- မျိုးခန့် ပေါ်ထွက်နေ၏၊ မြန်မာ အဘိဓာန်ကား ဘယ်မှာနည်း၊ လွန်ခဲ့သော နှစ်ပေါင်း နှစ်ရာကျော်က ကျော်အောင်စံထား ဆရာတော် စီရင်သော ဓေါဟာရတ္ထပကာသနီ အမည်ရှိသော ကျမ်းကြီးတဆူကား ရှိ၍လသည်၊ သို့ရာတွင် ကောင်းစွာဖတ်တတ်သူ ဘယ်နှယောက် ရှိပါသနည်း၊ မိမိကောင်းစွာ မဖတ်တတ်သေးပါဟု ဝန်ခံနိုင်သော ပညာရှိကိုလည်း မတွေ့ဘူးသေးပါ၊ ၃-၄-ကြိမ်တိုင်အောင် တည်းဖြတ် ပုံနှိပ်သူတို့တွင်လည်း ကောင်းစွာနားလည်သူကို တစုံတယောက်မျှ မတွေ့မြင်ရပါ၊ မိမိသိသမျှဖြင့် စခန်းထသွားကြ၏၊ ဤကျမ်းကြီးမှာ မြန်မာစာပေအတွက် လွန်စွာ အရေးကြီးလှပါ၍ ဆရာဦးသော်ဇင်ဝင်၍ ကိုင်တွယ်နေပါပြီ၊ သူကား လူတိုင်းလည်းဖတ်နိုင်အောင်, လွယ်လည်း လွယ်အောင် အက္ခရာစဉ်ဖြင့် ဆန်းသစ်စေပါသည်၊ တည်းဖြတ်သူ အဆက်ဆက်တို့ ဘယ်နည်းနှင့်မျှ သိနိုင်ဖွယ်မရှိသော အမှားအယွင်းကိုလည်း အမှန်ရောက်အောင် ပြင်ဆင်သွား၏၊ ဤကျမ်းသည် ဆရာ၏ စာအုပ်တို့တွင် အကြီးဆုံး ဖြစ်ကောင်း ဖြစ်မည်၊ သို့ရာတွင် ဓေါဟာရတ္ထပကာသနီလောက် ကြီးမည် မဟုတ်ပါ၊

## (၆) ဗုဒ္ဓစရိတ

မြောက်ပိုင်း ဗုဒ္ဓ အဘိဓမ္မာ ဆရာနှင့် ကဗျာဆရာကြီး ရှင်အဿဃောသ၏ ပြောင်မြောက်သော လက်ရာမွန် ဖြစ်၏၊ မြန်မာလို ဗုဒ္ဓဝင်ပင် ဖြစ်၏၊ သို့ရာတွင် ဗုဒ္ဓအဘိဓမ္မာအနေဖြင့် ၎င်း၊ ကဗျာအနေဖြင့်၎င်း တောင်ပိုင်းက ဗုဒ္ဓဝင်တို့ထက် သာလွန် ကောင်းမွန်၏၊ တောင်ပိုင်း ပညာရှိတို့သည် ဗုဒ္ဓဝင်ကို စိတ်ဝင်စားဖွယ်ဖြစ်အောင် ဘယ်သို့ စီရင်ရမည်ဟုပင် မသိကြသေးချေ၊ ထို့ကြောင့် ဗုဒ္ဓစရိတကို ဘာသာပြန်ပေးဘို့ အမှန်ပင် လိုအပ်ပေသည်၊ အဘိဓမ္မာ သဘောရေးရာတို့ကို ကဗျာအလှဖြင့် တန်ဆာဆင်ရသည်မှာ အဘယ်မျှ ခက်ခဲနက်နဲသော ပညာပေနည်း၊ ဤပညာနှင့် ပတ်သက်၍ ရှင်အဿဃောသကား နှစ်ယောက်မရှိချေ၊ သူ၏ အဘိဓမ္မာ သဘောတရားတို့ကို မြောက်ပိုင်း ဗုဒ္ဓဓမ္မကို လေ့လာက ကောင်းစွာ သိနိုင်၏၊ ဗုဒ္ဓဒဿနတွင် သူမပါလျှင် ပြည့်စုံလိမ့်မည် မဟုတ်ချေ၊ ကဗျာအလှတွင်ကား ကမ္ဘာကျော် ကာလိဒါသပင် စံထားရသောသူ ဖြစ်၏၊ သူ၏ကဗျာတို့မှ လွန်စွာလှပသော အချက်အလက်တို့ကို ကာလိဒါသ၏ ကမ္ဘာကျော် ကဗျာနှင့်ပြဇာတ်တို့တွင် အများအပြား တွေ့မြင်ရ၏၊ ဆရာဦးသော်ဇင်သည် သူ၏ ဗုဒ္ဓစရိတ ကဗျာအလှတို့ကို ပီပီ-သသ, တိတိ-ကျကျ မြန်မာလို ပြန်ဆိုလျက် ရှိ၏၊ မြောက်ပိုင်း ဗုဒ္ဓဝင်, သူ၏ အဘိဓမ္မာနှင့် ကဗျာအလှကို သိလိုသူများအတွက် နှစ်သက် အားရဖွယ် ကောင်းလှပါသည်။

-မြင်သာ

*